KELONG
KEHUA TECH
Online UPS
Sole Distributor: Golden Lion Wire Co., Ltd.

The VOICE Daily

MAI
Myanmar Airways International
www.maiair.com

Vol. 4 / No. 154 | Established in 2004 | ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၆) ရက်၊ (Friday, October 7, 2016)

# လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်လေးဦး ရာထူးမှ နုတ်ထွက်

ရန်ကုန်၊ အောက်တိုဘာ ၆

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်လေးဦးကို ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း နိုင်ငံတော်သမ္မတရုံးက အောက်တိုဘာလ ၆ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်လိုက်သည်။

အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဇော်ဝင်း၊ ဒေါက်တာညဏ်ဇော်၊ ဒေါက်တာဒေါ်သန်းနွဲ့၊ ဒေါ်မြမြတို့သည် ယင်းတို့၏ သဘောဆန္ဒအလျောက် နုတ်ထွက်စာတင်ခဲ့ကြကြောင်း နိုင်ငံတော်သမ္မတရုံး၏ ထုတ်ပြန်ချက်တွင်ဖော်ပြသည်။

ယင်းကိစ္စရပ်နှင့် ပတ်သတ်၍ နုတ်ထွက်ခွင့်တင်ခဲ့သော ကော်မရှင် အဖွဲ့ဝင်များ၏လက်ကိုင်ဖုန်းကို ဆက်သွယ်ရာတွင် ခေါ်ဆို၍မရပေ။

ကျောက်တံတားမြို့နယ် အင်းဝအပ်ချုပ်ဆိုင်မှ အိမ်အကူ အမျိုးသမီးငယ်နှစ်ဦးကို လစာမပေးဘဲ ညှဉ်းပန်းနှိပ်စက်ခံရမှုတွင် လူ့အခွင့်အရေးကော်မရှင်က လျော်ကြေး ကျပ်သိန်း ၅၀ ဖြင့် စာ 28

## အင်းဝအပ်ချုပ်ဆိုင် မိသားစုသုံးဦး ရှေ့နေမရှိ၍ အမှုမစစ်နိုင်

စာ 3



ဓာတ်ပုံ – မြတ် (ကလေး)

မန္တလေးမြို့ကျုံးအတွင်း နှစ်ရက်တိုင်ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလှေလှော်ပြိုင်ပွဲနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အလွတ်တန်းပြိုင်ပွဲ (ရိုးရာလှေ၊ အပြည်ပြည်ဆိုင်ရာလှေ၊ ကနူး၊ ကယက်လှေ) အတွက် လေ့ကျင့်နေကြသည့်ကို အောက်တိုဘာ ၆ ရက်နေ့ ညနေပိုင်းက တွေ့ရစဉ်။

# ကန်ထရိုက်စနစ်ဖြင့် အထက်တန်းပြဆရာ ခန့်ထားမည်ကို ကန့်ကွက်

ရန်ကုန်၊ အောက်တိုဘာ ၆

အထက်တန်းပြဆရာအဖြစ် ခန့်ထားရန် ဘွဲ့ရများကို ကန်ထရိုက်စနစ်ဖြင့် ငှားရမ်းမည်ဆိုခြင်းနှင့်ပတ်သက်၍ ပညာရေးတက္ကသိုလ်ဆရာအချို့နှင့်ကျောင်းသားများကကန့်ကွက်ကြောင်း ရန်ကုန်ပညာရေးတက္ကသိုလ် စတုတ္ထနှစ်ကျောင်းသားကိုနောင်ထက်အောင်က The Voice သို့ ပြောကြားသည်။ စာ 28

# ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်း ဆိုင်ကယ်စီးခွင့် ပြန်လည်ခွင့်ပြုမည်

ရန်ကုန်၊ အောက်တိုဘာ ၆

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း မော်တော်ဆိုင်ကယ် စီးနင်းခွင့်ပြန်လည်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပို့ဆောင်ရေး ဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။

အောက်တိုဘာလ ၆ ရက်နေ့က ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် စာ 4

# စံချိန်တင် ရွှေဈေး ပြန်ကျ၊ ဆက်ကျမည်ဟု ခန့်မှန်း

ရန်ကုန်၊ အောက်တိုဘာ ၆

အခေါက်ရွှေတစ်ကျပ်သားလျှင် ကိုးသိန်းအထိ စံချိန်တင်မြင့်တက်ခဲ့သော ပြည်တွင်းရွှေဈေးမှာ လေးရက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၃၃၀၀၀ နီးပါးပြန်လည်ကျဆင်းသွားကြောင်း ရွှေဘုံသာအခေါက်ရွှေလက်ကား ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းရွှေဈေးမှာ အောက်တိုဘာလ ၂ရက်နေ့က အခေါက်ရွှေတစ်ကျပ်သားလျှင် ကိုးသိန်းအထိ စံချိန်တင်မြင့်တက်ခဲ့ပြီး အောက်တိုဘာလ ၆ ရက်နေ့အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၈၆၇,၀၀၀ ကျပ်အထိဆက်တိုက်ပြန်လည်ကျဆင်းသွားခြင်းဖြစ်ကြောင်း အခေါက်ရွှေလက်ကား ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

“ရွှေဈေးက ကမ္ဘာ့ရွှေဈေးကော ပြည်တွင်းဒေါ်လာဈေးကော နှစ်ခုပေါင်းကျလို့ ဒီလောက်အထိ ကျသွားတာပါ၊ ပြည်တွင်း ဒေါ်လာဈေး ကျနေဦးမယ်ဆို ရွှေဈေးက အခုတစ်ပတ်အတွင်း ရှစ်သိန်းခွဲလောက်အထိဆက်ပြီး စာ 28

HNIT THIT OO
Printing House
No. 27(A), Corner of U Hmoo St;
and U Tun Nyo St;,
Dagon (East) Industrial Zone,Yangon.
Mobile : 09-254248677,09-777600074
Email : hnitthitoo8@gmail.com



# မြန်မာနိုင်ငံအတွင်း၌ အစွန်းရောက် အကြမ်းဖက်အဖွဲ့ များမရှိဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြောကြား

**နေပြည်တော်၊ အောက်တိုဘာ ၆**

ဒေသတွင်းနိုင်ငံများ၌ အကြမ်းဖက်အဖွဲ့များ ရှိသော်လည်း မြန်မာနိုင်ငံအတွင်း၌ အစွန်းရောက်အကြမ်းဖက်အဖွဲ့များမရှိကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြောကြားသည်။

အောက်တိုဘာ ၆ ရက်နေ့က ပြုလုပ်သော ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၆ ရက်နေ့၌ မက်မန်းလွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးက ဒေသတွင်းအိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြုံတွေ့နေရာ မြန်မာနိုင်ငံသားများ၏ ဘေးကင်းလုံခြုံရေးအတွက် မည်သို့စီစဉ်ထားသည်ကို မေးမြန်းမှုနှင့် ပတ်သက်ပြီး ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းအဆိုကို အရေးကြီးအဆိုအဖြစ် တင်သွင်းခဲ့သော်လည်း လွှတ်တော်ဥက္ကဋ္ဌက ခွင့်မပြုခြင်းနှင့် ပတ်သက်ပြီး ဦးတင်အေးက လွှတ်တော်၌ ပြောဆိုခဲ့ခြင်းကို ဦးဝင်းမြင့်က ပြန်လည်တုံ့ပြန်ပြောဆိုစဉ် အထက်ပါအတိုင်း ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

"ဒီဟာက ဒေသတွင်းနိုင်ငံတွေမှာ ဖြစ်နေတဲ့ကိစ္စ မှန်တယ်။ ကျွန်တော်တို့ထံမှာ ဘာမှအစွန်းရောက်အကြမ်းဖက်မှု မရှိသေးတဲ့အခါ ဒါကိုလွှတ်တော်မှာ အဆိုအနေဖြင့် ဆုံးဖြတ်ဖို့ဆိုတာ လွှတ်တော်တွင် အပိုဒ်(၅) မှာရှိပါတယ်။ တင်သွင်းဆွေးနွေးခြင်းကို ခွင့်မပြုနိုင်သော ကိစ္စမဖြစ်စေရဟု သတ်မှတ်ထားတာ ရှိပါတယ်" ဟု ဦးဝင်းမြင့်က ဆက်လက်ပြောသည်။

အကြမ်းဖက်အဖွဲ့များသည် ဆီးရီးယား၊ အီရတ်၊ လစ်ဗျား၊ အမေရိကန်၊ တူရကီ၊ အာဖဂန်နစ္စတန်၊ ဂျာမနီ၊ ပြင်သစ် စသည့်နိုင်ငံများတွင် အကြမ်းဖက်မှုများ ပြုလုပ်လျက်ရှိပြီး အယ်ကေဒါခေါင်းဆောင်များသည် ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း၌ မြန်မာနိုင်ငံ၊ အိန္ဒိယ စသည့်နိုင်ငံများကို တိုက်ခိုက်မှုများ ပြုလုပ်ရန် အကြမ်းဖက်မှုအဖွဲ့များကို ဖွဲ့စည်းထားပြီး တိုက်ခိုက်မှုများပြုလုပ်သွားမည်ဟု ထုတ်ဖော်ပြောဆိုထားပြီးဖြစ်ကြောင်း ဦးတင်အေးက လွှတ်တော်၌ တင်သွင်းပြောဆိုခဲ့သည်။

"မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုများဖြစ်ပွားလာပါက ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပြည်ပနိုင်ငံများ၏ အစီအစဉ်ဖြင့်ဖွင့်လှစ်သည့် အကြမ်းဖက်တိုက်ခိုက်ရေးဆိုင်ရာ သင်တန်းပေါင်း ၂၉ ခုမှာ သင်တန်းသား ၃၉၂ ဦး တက်ရောက်လေ့ကျင့်သင်ကြားလျက်ရှိပြီး ပြည်ပသင်တန်းများကိုလည်း တက်ရောက်စေလွှတ်လျက်ရှိကြောင်း မြန်မာ့တပ်မတော်က ဖွင့်လှစ်လျက်ရှိသော အထူးတပ်ဖွဲ့ဝင်သင်တန်းများကိုလည်း ရဲတပ်ဖွဲ့ဝင်များ တက်ရောက်လေ့ကျင့်လျက်ရှိပြီး လိုအပ်ပါက အကြမ်းဖက် တိုက်ခိုက်မှုများအပေါ် တပ်မတော်နှင့် ပူးပေါင်းချေမှုန်းနိုင်ရေးလည်း ပူးပေါင်းလေ့ကျင့်မှုများဆောင်ရွက်လျက်ရှိ" ဟုပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုးက ပြောကြားသည်။ ■




# အနောက်ပိုင်းတက္ကသိုလ်သို့ တိုးချဲ့ပြေးဆွဲမည့် ၄၅ ယာဉ်လိုင်း ယာဉ်စီးခ ကျပ် ၂၀၀ မှ ၃၀၀ ကောက်ခံရန် တိုင်းအစိုးရထံ တင်ပြ

**ရန်ကုန်၊ အောက်တိုဘာ ၆**

ဆရာများနှင့်ကျောင်းသူများ၏ လိုအပ်ချက်အရ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ တိုးချဲ့ပြေးဆွဲမည့် ၄၅ ယာဉ်လိုင်းသည် ယာဉ်စီးခ ကျပ် ၂၀၀ မှ ၃၀၀ ကောက်ခံရန် အောက်တိုဘာလ ၅ ရက်က တိုင်းအစိုးရအဖွဲ့ထံ စာတင်ခဲ့ကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု(ဗဟို)ကော်မတီထံမှ သိရသည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနဲ့ညှိနှိုင်းထားတယ်။ သဘောတူချက်ရမှ အစိုးရအဖွဲ့ထံ စာတင်လိုက်တာပါ။ ခရီးစဉ် ၂၀၀ နှစ်ပိုင်းနဲ့ဂိတ်စဂိတ်ဆုံးကို ၃၀၀ ကောက်ခံဖို့ လျာထားတယ်။ အစိုးရအဖွဲ့က အတည်ပြုချက်တော့ မရသေးဘူး" ဟု မထသ (ဗဟို)ကော်မတီဥက္ကဋ္ဌ ဦးလှအောင်က ဆိုသည်။

အဆိုပါကျောင်းသို့ ပြေးဆွဲရာတွင် အောက်တိုဘာလဒုတိယပတ်တွင် ပြေးဆွဲမည်ဖြစ်ပြီး ပြေးဆွဲနိုင်ရေးနှင့်ပတ်သက်ပြီး အဆင့်ဆင့်တင်ပြရမည့်ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း ၄၅ယာဉ်လိုင်းပိုင်ရှင် ဦးတရုတ်လေးက ပြောကြားသည်။

အဆိုပါယာဉ်လိုင်းသည် ၄၈ ယာဉ်လိုင်းရှိ ယာဉ်စီးရေ ၁၀၀ ကျော်မှ ယာဉ် ၁၈ စီးကို ထုတ်နုတ်ကာ ၄၅ ယာဉ်လိုင်းအဖြစ် တိုးချဲ့ပြေးဆွဲခြင်းဖြစ်ပြီး ခရီးစဉ်လမ်းကြောင်းမှာ ဆူးလေ၊ အင်းစိန်၊ တညင်းကုန်း၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့ ဖြစ်သည်။

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ကျောင်းသို့ ပြေးဆွဲလျက်ရှိသည့် ယာဉ်လိုင်းမှာ ဆူးလေမှအနောက်ပိုင်းတက္ကသိုလ်ထိကို ၂၂၆ ယာဉ်လိုင်းတစ်လိုင်းသာ ပြေးဆွဲပြီး အခြားခရီးစဉ်လမ်းကြောင်းအဖြစ် ၈၆ ယာဉ်လိုင်း၊ ၁၂၉ ယာဉ်လိုင်းနှင့် ကန္တာရဝတီ ယာဉ်လိုင်းများရှိသည်။ ■

# တနင်္သာရီတိုင်း ဆေးဖြတ်လူနာ ကျွန်းစု အများဆုံး

**ထားဝယ်၊ အောက်တိုဘာ ၆**

တနင်္သာရီတိုင်းအတွင်း လက်ရှိမူးယစ်ဆေးဖြတ်ကုသပေးနေသည့် မြို့နယ် ၅ ခုအနက် ကျွန်းစုမြို့နယ်တွင် ဆေးဖြတ်လူနာ အများဆုံးဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

မူးယစ်ဆေးစွဲသူများကို စက်တင်ဘာလမှ စပြီး ဆေးဖြတ်ကုသပေးလျက်ရှိရာ ကျွန်းစုမြို့နယ်တွင် ဆေးဖြတ်သူ ၉၄ ဦးရှိကာ အများဆုံးဖြစ်ပြီး တနင်္သာရီတွင် ၂၉ ဦး၊ မြိတ်တွင် ၃ ဦး၊ ကော့သောင်းတွင် ၉ ဦးနှင့် ဘုတ်ပြင်းတွင် နှစ်ဦးတို့ရှိကြောင်း တိုင်းရဲတပ်ဖွဲ့မှူးက ပြောကြားသည်။

ဆေးဖြတ်ကုသမည့် မူးယစ်ဆေးစွဲ လူနာများကို ဖမ်းဆီးအရေးယူမှု တစ်စုံတစ်ရာ ပြုလုပ်မည်မဟုတ်ဘဲ လက်ရှိအချိန်တွင် တိုက်နယ်ဆေးရုံသို့ သွားမည့် လမ်းစရိတ်ပင် ထောက်ပံ့ပေးလျက်ရှိကြောင်း တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေမျိုးက ရှင်းပြသည်။

ဆေးဖြတ်သူအများစုမှာ ရေလုပ်သားများဖြစ်ပြီး အများစုမှာ ဆေးသုံးချိန် မကြာသေးသည့်အတွက် ဆေးရုံတင် ကုသရသူမရှိဘဲ တစ်ပတ်စာ သောက်ဆေးပေးကာ အိမ်ပြန်ကုသရသူများကြောင်း ၎င်းက ဆိုသည်။

လက်ရှိတွင် မြိတ်မြို့နယ် ပြည်သူ့ဆေးရုံ၊ ကျွန်းစုမြို့နယ်ဆေးရုံ၊ ကံမော်တိုက်နယ်ဆေးရုံ၊ တနင်္သာရီမြို့နယ်ဆေးရုံ၊ တကူတိုက်နယ်ဆေးရုံ၊ ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်ဆေးရုံနှင့် ကော့သောင်း မြို့နယ်ဆေးရုံ စသည်တို့တွင် ကုသပေးလျက်ရှိသည်။

ကျန်သည့် ထားဝယ်ခရိုင်အတွင်း ၄ မြို့နယ်နှင့် ပုလောမြို့နယ်တို့တွင်လည်း ဆေးဖြတ်အစီအစဉ်များ ပြုလုပ်သွားမည်ဟု တိုင်းရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

တိုင်းအတွင်း မြို့နယ်များရှိ မူးယစ်ဆေး သုံးစွဲနေသည့် ဦးရေနှင့် နှိုင်းယှဉ်ပါက ဆေးဖြတ်သူဦးရေ အင်မတန် နည်းပါးနေကြောင်း ဆေးဖြတ်ကုသမည့်သူများကို မဖမ်းဟု ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသော်လည်း ဖမ်းမည်ကို စိုးရိမ်နေသူများ၊ နောက်ပိုင်းအတွင်း သံသယဖြင့် စောင့်ကြည့်မည်ကို စိုးရိမ်သူများရှိဆဲ ဖြစ်သည်။ ■

**Dawei Watch**

# အင်းဝအပ်ချုပ်ဆိုင်မိသားစုသုံးဦး ရှေ့နေမရှိ၍ အမှုမစစ်နိုင်

**ရန်ကုန်၊ အောက်တိုဘာ ၆**

အိမ်အကူမိန်းကလေးနှစ်ဦးကို နှိပ်စက်မှုဖြင့် တရားစွဲဆိုခံထားရသည့် အင်းဝ အပ်ချုပ်ဆိုင်မိသားစုဝင် ၆ ဦးအနက် သုံးဦးအတွက် ရှေ့နေ လိုက်ပါဆောင်ရွက်မည့်သူ မရှိသောကြောင့် အမှုစစ်ဆေးမှု မစတင်နိုင်သေးကြောင်း အနောက်ပိုင်းခရိုင် တရားရုံးထံမှ သိရှိရသည်။

လူကုန်ကူးမှုပုဒ်မ ၂၄/၂၉/၃၂ ဖြင့် တရားစွဲဆိုထားသည့် အင်းဝအပ်ချုပ်ဆိုင် မိသားစုဝင်များမှ ဒေါ်တင်သူဇာ၊ ဒေါ်စုမွန်လတ်နှင့် ဦးရာဇာထွန်းတို့ သုံးဦးဘက်မှ ရှေ့နေလိုက်ပါဆောင်ရွက်မည့်သူ လိုအပ်နေပြီး ဦးကိုလတ်(ခ)မိုဟာမက်ရှဖီး၊ ကိုတင်မောင်လတ်(ခ) ဖိုက်ဇယ်နှင့် ဒေါ်သီရိလတ်တို့ သုံးဦးဘက်မှ လိုက်ပါ ဆောင်ရွက်မည့် ရှေ့နေများက အောက်တိုဘာလ ၆ ရက်နေ့က တရားရုံးတွင် ရှေ့နေပါဝါတင်ခဲ့ပြီးဖြစ်ကြောင်း အနောက်ပိုင်းခရိုင် တရားရုံးထံမှ သိရှိရသည်။

"ရှေ့နေ ငှားလို့မရသေးသူ သုံးယောက်ကျန်နေတယ်၊ စွဲဆိုခံထားရတဲ့ ပုဒ်မက သေဒဏ်အထိအပြစ်ပေးနိုင်တဲ့ ပုဒ်မဖြစ်တာကြောင့် ရှေ့နေစုံမှ စစ်ဆေးလို့ရမယ်၊ တရားစွဲဆိုခံရသူတွေဘက်က ရှေ့နေငှားဖို့အဆင်မပြေရင် တရားရုံးက စီစဉ်ပေးသွားမှာပါ၊ ကိုယ်တိုင်ရှေ့နေငှားမယ်ဆိုရင် နောက်တစ်ပတ်ရုံးချိန်းမှာ ရှေ့နေပါဝါတင်နိုင်အောင် လုပ်ရမယ်၊ ပါဝါတင်ပြီးတာနဲ့ တရားလိုကို စစ်စစ်မယ်" ဟု အနောက်ပိုင်းခရိုင်တရားရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လူကုန်ကူးမှုပုဒ်မဖြင့် တရားစွဲဆိုခံထားရသော အင်းဝအပ်ချုပ်ဆိုင်ပိုင်ရှင် မိသားစုမှာ ကော့မှူးမြို့နယ်၊ ဘောလုံးကွင်း ကျေးရွာတွင် နေထိုင်သော အသက် ၁၆ နှစ်နှင့် ၁၇ နှစ်အရွယ် မိန်းကလေးနှစ်ဦးကို ၎င်းတို့အိမ်တွင် အိမ်အကူအဖြစ် လာရောက် လုပ်ကိုင်စဉ် အစာရေစာ မကျွေးဘဲထားခြင်း၊ ခန္ဓာကိုယ် ချို့ယွင်းပျက်စီးအောင် နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

ယင်းအပြင် အိမ်အကူမိန်းကလေးနှစ်ဦး နှိပ်စက်ခံရမှုနှင့် ပတ်သက်၍ ရဲအရေးပိုင်သော ရာဇဝတ်မှုကို တာဝန်ပေါ့လျော့စွာ ဆောင်ရွက်ခဲ့သည့် ခရိုင်ရဲတပ်ဖွဲ့မှူးအပါအဝင် တာဝန်ရှိသူ ရဲတပ်ဖွဲ့ဝင်အဆင့်ဆင့်ကို စုံစုံဖွဲ့ စစ်ဆေးအရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်းက အောက်တိုဘာလ ၃ ရက်နေ့က တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ထို့အတူ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ၄ ဦးကို ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း နိုင်ငံတော်သမ္မတရုံးက အောက်တိုဘာလ ၆ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်လိုက်သည်။

အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဇော်ဝင်း၊ ဒေါက်တာညဏ်ဇော်၊ ဒေါက်တာဒေါ်သန်းနွဲ့နှင့် ဒေါ်မြမြတို့သည် ယင်းတို့၏ သဘောဆန္ဒအလျောက် နုတ်ထွက်စာ တင်ခဲ့ကြကြောင်း နိုင်ငံတော်သမ္မတရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ယင်းကိစ္စရပ်နှင့်ပတ်သတ်၍ နုတ်ထွက်ခွင့်တင်ခဲ့သော ကော်မရှင်အဖွဲ့ဝင်များ၏ လက်ကိုင်ဖုန်းကို ဆက်သွယ်ရာတွင် ခေါ်ဆို၍မရပေ။

ကျောက်တံတားမြို့နယ် အင်းဝအပ်ချုပ်ဆိုင်မှ အိမ်အကူအမျိုးသမီးငယ်နှစ်ဦးကို အိမ်ရှင်မိသားစုက ညှဉ်းပန်းနှိပ်စက်ခံရမှုတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လျော်ကြေးသိန်း ၅၀ ဖြင့် ကြေအေးရန် ကြားဝင်ညှိနှိုင်းဖြေရှင်းခဲ့သည့်အတွက် လူမှုကွန်ရက်စာမျက်နှာတွင် ဝေဖန်ပြစ်တင်မှုများ စွာခံခဲ့ရပြီး စက်တင်ဘာလ ၂၂ ရက်က ပြုလုပ်သော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင်လည်း နိုင်ငံသားများ၏ အခွင့်အရေးကို အကာအကွယ်မပေးနိုင်သည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်အချို့ကို ထိရောက်စွာ အရေးယူရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို တင်သွင်းခဲ့သည်။ ■




# ခရိုင်၊ မြို့နယ်ထွေအုပ်များ ပွဲလမ်းသဘင် ကျင်းပရန် အလှူခံခွင့်မရှိ

**နေပြည်တော်၊ အောက်တိုဘာ ၆**

မြန်မာ့ရိုးရာ ဆယ်နှစ်လရာသီပွဲတော်များနှင့် ဒေသတွင်း အားကစားပွဲတော်များ ကျင်းပရန်အတွက် ခရိုင်၊ မြို့နယ်ထွေ/အုပ်များကို ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များထံမှ အလှူငွေကောက်ခံရန်ခွင့်ပြုထားခြင်းမရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုဝန်ကြီး ဗိုလ်ချုပ်အောင်စိုးကပြောကြားသည်။

အောက်တိုဘာ ၆ ရက်နေ့က ပြုလုပ်သော ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၆ ရက်နေ့တွင် ရွှေဘိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေဇင်လတ်က ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ အနေနှင့် မြန်မာရိုးရာ ဆယ်နှစ်လ ရာသီပွဲတော်များ၊ နိုင်ငံတော်အထိမ်းအမှတ် အခမ်းအနားများနှင့် ဒေသတွင်းအားကစားပြိုင်ပွဲတို့အတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ကျင်းပပေးရန်ရှိ၊ မရှိနှင့် ပတ်သက်ပြီး မေးမြန်းမှုကို ပြည်ထဲရေးဒုဝန်ကြီးက အထက်ပါအတိုင်း ပြန်လည်ဖြေဆိုခဲ့ခြင်းဖြစ်သည်။

“ပြည်ထဲရေးဝန်ကြီးဌာန အနေနှင့် သက်ဆိုင်ရာခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများကို အဆိုပါပွဲလမ်းသဘင်များ ကျင်းပနိုင်ရေးအတွက် တာဝန်ပေးအပ်ခြင်းမရှိသကဲ့သို့ ဒေသဆိုင်ရာများကိုလည်း ခွဲတမ်းချခြင်း၊ ဒေသခံစီးပွားရေးလုပ်ရှင်များထံမှ အလှူငွေကောက်ခံခြင်းများ လုပ်ဆောင်ခွင့်ပြုထားခြင်းများ မရှိဟု ဗိုလ်ချုပ်အောင်စိုးက ဖြေကြားသည်။

“သက်ဆိုင်ရာ မြို့နယ်ခရိုင်တွေမှာ ပွဲလမ်းသဘင်တွေကို အကြောင်းပြပြီး မသမာသော ငွေပေးငွေယူမှုတွေ လာဘ်ပေး လာဘ်ယူမှုတွေ ပေါ်ပေါက်လာခဲ့ရင် ပေါ်ပေါက်မှုအပေါ်မှာ ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးပြည်နယ် အစိုးရများဖြင့် ပေါင်းစပ်ပြီး လိုအပ်တဲ့ စုံစမ်းစစ်ဆေးခြင်း အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်သွားမယ်”ဟု ပြည်ထဲရေးဒုဝန်ကြီးက ရှင်းပြသည်။

တိုင်းဒေသကြီးမြို့နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအတွင်း အထိမ်းအမှတ်ပွဲတော်များ၊ ပွဲလမ်းသဘင်များ၊ အားကစားပွဲတော်များ ပြုလုပ်ရာတွင် ကုန်ကျငွေများကို သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ နှစ်စဉ်ရန်ပုံငွေ စာရင်းမှတင်ပြသုံးစွဲခြင်းကို ခွင့်ပြုထားပြီး ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် သီးသန့်ရန်ပုံငွေ ထူထောင်ရန် မရှိကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရသည်။

ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသည် ပွဲလမ်းသဘင်များ ပြုလုပ်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုချထားပေးသော သီးသန့်ရန်ပုံငွေ မရှိခြင်းကြောင့် ဒေသတွင်းရှိဌာနဆိုင်ရာဝန်ထမ်းများထံမှ အလှူငွေများအချိုးချထည့်ဝင်ရခြင်း၊ ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များထံမှ အလှူငွေများ ကောက်ခံ၍ ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း ရွှေဘိုမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အေဇင်လတ်က ဆိုသည်။

“ယခင်အစိုးရအဆက်ဆက်မှာ ဌာနဆိုင်ရာဝန်ထမ်းတွေထံက ခွဲတမ်းနဲ့ ကောက်ခံခဲ့တာရှိတယ်။ ပွဲလမ်းသဘင်ကျင်းပဖို့အတွက် စီးပွားရေးလုပ်ငန်းရှင်တွေထံက အလှူငွေ ကောက်ခံတာလည်း ရှိတယ်”ဟု မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး တစ်ဦးကပြောသည်။

အလားတူ အစိုးရဌာနဆိုင်ရာများက ဦးစီးကျင်းပသောပွဲတော်များ ရန်ပုံငွေအဖြစ် ပြက္ခဒိန်များကို သက်ဆိုင်ရာဝန်ထမ်းများက ပြင်ပလူပုဂ္ဂိုလ်များထံ ရောင်းချခြင်းများ ပြုလုပ်ခဲ့ရကြောင်း ရဲဝန်ထမ်းတစ်ဦးက ဆိုသည်။ ■

မျက်နှာဖုံး - ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်း မှ အဆက်

ရွှေပြည်သာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်၏ ‘မော်တော်ဆိုင်ကယ် တရားဝင်မောင်းနှင်စီးနင်းခွင့်နှင့် နယ်မြေဒေသအတွင်း မော်တော်ဆိုင်ကယ် လိုင်စင်ပြုလုပ်ပေးခြင်း၊ ယာဉ်သက်တမ်းတိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိမရှိ’ မေးမြန်းချက်အပေါ် ၎င်းက အထက်ပါ အတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ပြန်လည်ခွင့်ပြုပေးရန်အတွက် လိုအပ်သော ညှိနှိုင်းဆောင်ရွက်မှုများကိုအခြား သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ဆက်စပ်သော အစိုးရဌာနများနှင့် ညှိနှိုင်းမှုများ ပြုလုပ်ပေးနေပြီဖြစ်ကြောင်း ဒေါ်နီလာကျော်က ပြောဆိုသည်။

ထိုသို့ ခွင့်ပြုပေးနိုင်ရန်အတွက် စည်ပင်သာယာ နယ်နိမိတ်အတွင်း ဆိုင်ကယ်စီးနင်းခွင့်ပြုမည့် နယ်နိမိတ်ကို ပြန်လည်သတ်မှတ်မည်ဖြစ်ပြီး အောက်ခြေ ပြည်သူအများဆုံးရှိသော ဆင်ခြေဖုံးမြို့နယ်များတွင် ပြန်လည်သတ်မှတ်၍ ခွင့်ပြုပေးသွားမည် ဖြစ်ကြောင်း ဒေါ်နီလာကျော်က ရှင်းပြသည်။

“စည်ပင်နယ်နိမိတ်အတွင်းမှာ မော်တော်ဆိုင်ကယ် စီးနင်းခွင့် မပြုတာဟာ။ ဥပဒေအရ ပြဋ္ဌာန်းထားတာ မဟုတ်ပါဘူး။ အကြောင်းကြောင်းကြောင့် ညွှန်ကြားချက်ထုတ်ခဲ့တာပါ။ ဒါပေမဲ့ အချို့စည်ပင်သာယာ နယ်နိမိတ်အထဲ ပါနေပေမယ့် ဆင်ခြေဖုံးရပ်ကွက်တွေအတွက် သွားလာရေးမှာ ဆိုင်ကယ်က လွယ်ကူအဆင်ပြေတာတွေ့ရပါတယ်။ ဒါကြောင့် အခုလိုအပ်တဲ့ နေရာတွေမှာ မော်တော်ဆိုင်ကယ် ပြန်လည်စီးနင်းခွင့်ပြုဖို့ စည်ပင်သာယာနယ်နိမိတ်ကိုပြန်လည်သတ်မှတ်ဖို့ လုပ်ဆောင်နေပါတယ်” ဟု ၎င်းက ပြောကြားသည်။

၂၀၀၀ ပြည့်နှစ်မှစ၍ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာ နယ်နိမိတ် ၃၃ မြို့နယ်အတွင်း ဆိုင်ကယ်စီးနင်းမှု မပြုလုပ်ရန် စတင်ကန့်သတ်ခဲ့ခြင်း ဖြစ်သည်။

သို့သော် ဆိုင်ကယ်များ စည်းကမ်းမဲ့စီး၍ ယာဉ်တိုက်မှုများ ဖြစ်ပွားနေခြင်း၊ ဆိုင်ကယ်များနှင့် လုယက်မှုများ ပြုလုပ်လာခြင်းတို့ကြောင့် ဆိုင်ကယ်တရားဝင်စီးနင်းခွင့် ပြုလိုက်ပါက ပြဿနာများ ပိုမိုဖြစ်ပွားလာမည်ကို စိုးရိမ်ကြောင်း အငှားယာဉ်မောင်းနှင့် ပြည်သူအချို့က သုံးသပ်ပြောကြားသည်။ ■

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက ...
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

ဖြန့်ချိရေးကိစ္စ
ဆက်သွယ်လိုပါက ...
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃



ဓာတ်ပုံ-အောင်နိုင်

# အမှိုက်မှ လျှပ်စစ်ဓာတ်အားထုတ်မည့်စက်ရုံကို ၂၀၁၇ ဧပြီမတိုင်မီ အပြီးဆောက်မည်ဟုဆို

**ရန်ကုန်၊ အောက်တိုဘာ ၆**

ရွှေပြည်သာနှင့် မင်္ဂလာဒုံမြို့နယ်ကြားရှိ လှော်ကားတွင် စွန့်ပစ်အမှိုက်တန် ၆၀ ကို မီးရှို့ကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့်စက်ရုံအား ၂၀၁၇ ဧပြီလ မတိုင်မီအပြီး တည်ဆောက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနထံမှ သိရှိရသည်။

ယင်းစက်ရုံကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး စက်ရုံတည်ဆောက်မှုစရိတ်အတွက် အမေရိကန်ဒေါ်လာ ၁၆ သန်း ကုန်ကျမည်ဖြစ်ပြီး ဂျပန်နိုင်ငံအစိုးရက ဒေါ်လာ ၈ သန်းကူညီထောက်ပံ့ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန လက်ထောက်ဌာနမှူး ဒေါက်တာအောင်မြင့်မော်က ပြောကြားသည်။

“အဲဒီစက်ရုံက လျှပ်စစ်ဓာတ်အား ၇၀၀ ကီလိုဝပ်ရရှိပါမယ်။ ကီလိုဝပ် ၄၀၀ ကို စက်ရုံအတွက် ပြန်သုံးပြီး ကီလိုဝပ် ၃၀၀ ကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ကို ရောင်းချပေးသွားပါမယ်” ဟု ၎င်းကဆိုသည်။

စွန့်ပစ်အမှိုက်မှတစ်ဆင့် လျှပ်စစ်ထုတ်လုပ်နိုင်မည့်စက်ရုံကို လှော်ကားတွင် ပထမဆုံးပြုလုပ်ခြင်းဖြစ်ပြီး အခြားမြို့နယ်များတွင် ပြုလုပ်သွားရန် ရည်ရွယ်ထားကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှသိရသည်။

လက်ရှိ ရန်ကုန်မြို့တွင် နေ့စဉ်အမှိုက်တန်ချိန် ၁၆၀၀ကျော်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သိမ်းဆည်းလျက်ရှိသည်။ ■

# ကာယိန္ဒြေပျက်ပြားအောင်လုပ်သည်ဟုဆိုကာ တရုတ်နိုင်ငံသားအလုပ်ရှင် အတိုင်ခံရ

**မြိတ်၊ အောက်တိုဘာ ၆**

မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု တက္ကသိုလ်ရပ်ကွက်တွင် ဒေသထွက်ကုန်လုပ်ငန်းလုပ်ကိုင်သည့် အလုပ်ရှင်ဖြစ်သူ တရုတ်နိုင်ငံသားက ကာယိန္ဒြေပျက်ပြားအောင် ပြုလုပ်သည်ဟုဆိုကာ မိန်းကလေးအလုပ်သမားအချို့က တိုင်ကြားလိုက်သည်။

အဆိုပါ အလုပ်ရှင်သည် ကိုယ်ကိုသိုင်းဖက်ခြင်း၊ ရင်သားနှင့် တင်ပါးတို့ကို ကိုင်ခြင်း၊ ဖုန်းအတွင်းမှ ညစ်ညမ်းဓာတ်ပုံများကို ပြသခြင်းတို့ ပြုလုပ်ခဲ့သည်ဟု အထက်ပါ အလုပ်သမားများက ပြောသည်။

ယင်းသို့သော အပြုအမူများကို စက်တင်ဘာလအတွင်းက ပြုလုပ်ခဲ့သည်ဟု အလုပ်သမားများကပြောပြီး ကြိမ်သီးရေတွက်ရာတွင် မှားယွင်းသည်ဟုဆိုကာ အောက်တိုဘာ ၆ ရက် နံနက်က အလုပ်ထုတ်ခံရသည်ဟု ၎င်းတို့က ပြောသည်။

"ကိုယ်ကိုသိုင်းဖက်ပြီး ရင်သားနှင့် တင်ပါးတွေကို ကိုင်တာမျိုးလုပ်တယ်"ဟု အမျိုးသမီးအလုပ်သမားတစ်ဦးက ပြောသည်။

ယင်းသို့ ကာယိန္ဒြေကိုပျက်ပြားအောင်လုပ်ခဲ့ပြီး အလုပ်မှ ထုတ်ပယ်ခဲ့သည်ကို မကျေနပ်သဖြင့် အောက်တိုဘာ ၆ ရက်တွင် အထက်ပါ အလုပ်သမားများက လာရောက်တိုင်ကြားရခြင်းဖြစ်ကြောင်း ကလွင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရန်နိုင်စိုးက ပြောပြသည်။

အဆိုပါ တရုတ်နိုင်ငံသားသည် မြိတ်ဒေသထွက် ကြိမ်သီးများကို ဝယ်ယူပြီး အလှဆင်ပစ္စည်းများ ထုတ်လုပ်ကာ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေခြင်းဖြစ်ပြီး လုပ်ငန်းခွင်တွင် မြန်မာအမျိုးသမီး အလုပ်သမား ၁၃ ဦးရှိကြောင်း ယင်းလုပ်ငန်းမှ သိရသည်။

လက်ရှိတွင် တရုတ်နိုင်ငံသားကို စစ်ဆေးနေဆဲဖြစ်ပြီး ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်မည်ဟု မြိတ်မြို့ မြို့မရဲစခန်းမှ သိရသည်။ ■

**Dawei Watch**



ဓာတ်ပုံ-ရန်နိုင်

# ကျိုင်းတုံတွင် တရားမဝင်ကျွန်းသစ်များဖမ်းမိ

**ကျိုင်းတုံ၊ အောက်တိုဘာ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-တောင်ကြီး ပြည်ထောင်စုလမ်းမကြီး ကျိုင်းတုံ တက္ကသိုလ်အနီးတွင် အောက်တိုဘာလ၆ရက် နံနက် ၆ နာရီခန့်က တောင်ကြီးမြို့မှ ထွက်ခွာလာသည့် Hiace ယာဉ်တစ်စီးကို စစ်ဆေးရာမှ တရားမဝင် ကျွန်းသစ်များကိုဖမ်းမိကြောင်း ယင်းမြို့အမှတ် (၁၁၆) ယာဉ်ထိန်း ရဲတပ်ဖွဲ့ စုမှူး ဒုရဲမှူး အောင်လွင်က ပြောကြားသည်။

"တောင်ကြီး-ကျိုင်းတုံ ပြေးဆွဲနေတဲ့ကြားကားယာဉ်တွေကိုစစ်ဆေးရင်းကနေ ဖမ်းမိတာ၊ ယာဉ်မောင်းကတစ်ယောက်ထဲဖြစ်ပြီး သစ်တွေကို သံလွင်မြစ်ဟိုဘက် ကွန်ဟိန်းမြို့နယ် ဖလန်းရွာနားကနေ ကျိုင်းတုံကိုလာပို့တာလို့သိရတယ်" ဟု ၎င်းက ပြောဆိုသည်။

အဆိုပါ မော်တော်ယာဉ်ပေါ်တွင် ကျွန်းသစ်ခွဲသား ဆိုဒ်စုံ ၁၇ ချောင်း (၁ဒသမ ၇၉၁၄တန်)တွေ့ရှိရကြောင်း၊ ကျွန်းသစ်များ သယ်ဆောင်လာသော အသက် ၃၄ နှစ်အရွယ် ယာဉ်မောင်း အပါအဝင် ယာဉ်ပိုင်ရှင်နှင့် သစ်ပိုင်ရှင်တို့ကို ပြည်သူပိုင်ပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ-၆(၁)ဖြင့် အမှုဖွင့်ထားကြောင်း အမှုစစ်အရာရှိ ရဲအုပ်ကျော်မိုးက ပြောကြားသည်။ ■

# ရောဝတီတိုင်း ဖြည့်စွက်ရန်ပုံငွေ ကျပ်သန်း ၉၆၀၀ ကျော်ရရှိ

**ပုသိမ်၊ အောက်တိုဘာ ၆**

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ ကျပ်သန်း ၉၆၀၀ ကျော်ကို တိုင်းဒေသကြီး လွှတ်တော်က အောက်တိုဘာလ ၄ ရက်နေ့တွင် အတည်ပြု ပေးခဲ့ကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရှိရသည်။

အဆိုပါ ခွင့်ပြုငွေတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ဂျပန်နိုင်ငံ တိုကျိုမြို့တော်အစိုးရက လှူဒါန်းထားသော မီးငြိမ်းသတ်ယာဉ်နှင့် လူနာတင်ယာဉ်များ သယ်ယူရန် ကုန်ကျစရိတ် ကျပ် သန်း ၆၀ ပါဝင်ကြောင်း၊ ယင်းခွင့်ပြုငွေတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တော်အစိုးရက လှူဒါန်းထားသော မီးငြိမ်းသတ်ယာဉ်နှင့် လူနာတင်ယာဉ်များ သယ်ယူရန်အတွက် ကုန်ကျစရိတ် ကျပ်သန်း ၆၀ ပါဝင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး အစိုးရက ဖြည့်စွက်ရန်ပုံငွေကို ထပ်တောင်းရခြင်းဖြစ်ပြီး သာမန်နှင့် ငွေလုံးငွေရင်း စုစုပေါင်း ကျပ်သန်း ၉၆၀၀ ကျော်ရှိကြောင်း၊ တိုင်းအစိုးရအဖွဲ့ရုံးက သာမန်သုံးငွေ ထပ်မံတောင်းခံမှု ကျပ်သန်း ၁၂၄၀ ကျော်ရှိကြောင်း တိုင်းဒေသကြီး လွှတ်တော် ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးအောင်သူထွေး (ပုသိမ်-၂) က ရှင်းပြသည်။

တိုင်းဒေသကြီး အစိုးရ အဖွဲ့အနေနှင့် အမှန်ကုန်ကျငွေကိုသာ တင်ပြတောင်းခံခဲ့ပါကြောင်း၊ ယခုနှစ်အတွက် ဖြည့်စွက် ရန်ပုံငွေမှာ မူလလျာထားချက်၏ ၇ ဒသမ ၀၅ ရာခိုင်နှုန်းသာရှိကြောင်း တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးလှကျော်က လွှတ်တော်တွင် ပြောကြားခဲ့သည်။

"ဘတ်ဂျက်တွေကလည်း ခေါင်းစဉ်အမျိုးမျိုးနဲ့တောင်းနေတာ ပြည်သူတွေအတွက်ပဲ ဖြစ်စေချင်ပါတယ်၊ ဝန်ထမ်းတွေအတွက် မဖြစ်စေချင်ပါဘူး၊ စာရင်းရုံးကလည်း သေသေချာချာ တိတိကျကျ စစ်ဆေးပေးဖို့လိုပါတယ်" ဟု အငြိမ်းစား တက္ကသိုလ် ဆရာတစ်ဦးက မှတ်ချက်ပေးသည်။

ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဆိုင်ရာ လျာထားချက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လက်အောက်တွင်ရှိသော ဌာန၊ အဖွဲ့အစည်း ၂၆ ခုအနက်၊ ၁၆ ခုသာ တင်ပြ တောင်းခံခဲ့ကြောင်း၊ သာမန် အသုံးစရိတ်အတွက် ဌာန၊ အဖွဲ့အစည်းရှစ်ခု၊ ငွေလုံးငွေရင်း အသုံးစရိတ်အတွက် ဌာနတစ်ခုနှင့် သာမန်နှင့် ငွေလုံးငွေရင်းအတွက် ဌာန၊ အဖွဲ့အစည်း ခုနစ်ခုတို့ဖြစ်ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရှိရသည်။

ထပ်မံတင်ပြတောင်းခံသည့် ရန်ပုံငွေလျာထားမှုမှာ သာမန်အသုံးစရိတ် ကျပ်သန်း ၂၉၁၀ ဒသမ ၃၃၁ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ်သန်း ၆၇၃၆ ဒသမ ၄၀၃ သန်း၊ စုစုပေါင်း ကျပ်သန်း ၉၆၄၆ ဒသမ ၇၃၄ သန်းဖြစ်ကြောင်း၊ အဆိုပါ ဖြည့်စွက်တောင်းခံငွေ လျာထားချက်ကို အောက်တိုဘာ ၄ ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ် တိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့တွင် လွှတ်တော်မှ အတည်ပြုပေးခဲ့ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။ ■

# ဆိုင်ကယ်ကို ၂၂ဘီး ကုန်တင်ယာဉ် ဝင်တိုက် လေးတန်းကျောင်းသူ သေဆုံး

**တောင်ငူ၊ အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း ညောင်ကားယားကျေးရွာလမ်းဆုံအနီးတွင် အောက်တိုဘာလ ၅ ရက် မွန်းလွဲ ၂ နာရီခွဲက မော်တော်ဆိုင်ကယ်ကို ၂၂ ဘီး ကုန်တင်ယာဉ်က ဝင်တိုက်ရာမှ အသက် ၉ နှစ်အရွယ် လေးတန်းကျောင်းသူသေဆုံးခဲ့ကြောင်း ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

"ဆိုင်ကယ်နဲ့သားအဖက လမ်းဆုံနားက အအေးဆိုင်ကနေ အအေးသောက်ပြီး ဇေယျာဝတီဘက်ကို အပြန်မှာ နောက်ကကုန်တင်ကားနောက်ပိုင်းနဲ့ ချိတ်မိပြီး ကလေးမက ကားအောက်ထဲ ရောက်သွားတာ၊ ဆိုင်ကယ်မောင်းတဲ့ ဖခင်ကတော့ သာမန်ဒဏ်ရာပဲရပါတယ်" ဟု ဖြူးမြို့မရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

သေဆုံးသူမှာ ဇေယျာဝတီမြို့ သကြားစက်ဝင်း အလယ်တန်းကျောင်း (ခွဲ) တွင် စတုတ္ထတန်း တက်ရောက်သင်ကြားနေသူဖြစ်ကြောင်း၊ ဖခင်၏ ဆိုင်ကယ်နောက်မှ လိုက်ပါလာစဉ် ရန်ကုန်ဘက်မှ ဇေယျာဝတီမြို့ဘက်သို့ အသက် ၃၄ နှစ်အရွယ် ဦးမျိုးဇော်ထွန်း မောင်းလာသည့် သကြားများ တင်ဆောင်လာသော ၂၂ ဘီး မော်တော်ယာဉ်နှင့် တိုက်မိခဲ့ကြောင်း၊ ယာဉ်မတော်တဆမှုကြောင့် မိန်းကလေးတွင် ဦးခေါင်း ကွဲကြေဒဏ်ရာများဖြင့် သေဆုံးခဲ့သဖြင့် မော်တော်ယာဉ်မောင်းကိုပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်ထားကြောင်း ဖြူးမြို့မရဲစခန်းထံမှ သိရှိရသည်။ ■



# EDITORIAL

## ရန်ကုန်တွင် ဆိုင်ကယ်စီးနင်းခွင့် ဆေးအတွက် လေးမသွားစေလို

ရန်ကုန်မြို့တော်ဧရိယာအတွင်းရှိ သင့်တော်သော မြို့နယ်များတွင် မော်တော်ဆိုင်ကယ်များ စီးနင်းခွင့် ပြန်လည်ခွင့်ပြုမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဒေါ်နီလာကျော်၏ ပြောဆိုချက်ကို မူအားဖြင့် ကြိုဆိုအပ်ပေသည်။

ရန်ကုန်မြို့တော်သည် အရှေ့တောင်အာရှဒေသတွင် အကြောင်းပြချက်ခိုင်လုံစွာမရှိဘဲ မော်တော်ဆိုင်ကယ်စီးနင်းခွင့်မပြုသည့် တစ်ခုတည်းသော မြို့တော်ဖြစ်သည့်အတွက် ယခုကဲ့သို့ပြန်လည်ခွင့်ပြုမည်ဖြစ်ကြောင်း ပြောဆိုချက်ကို မူအားဖြင့် ကြိုဆိုရခြင်းဖြစ်သည်။

သာမန်အားဖြင့် စဉ်းစားပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုနှင့် ယာဉ်ကြောပိတ်ဆို့မှု ဆိုးရွားစွာ ဖြစ်ပေါ်နေသော ရန်ကုန်တွင် မော်တော်ဆိုင်ကယ်များ စီးနင်းခွင့်ပြုလိုက်ပါက ပို၍ စည်းမဲ့၊ ကမ်းမဲ့ဖြစ်သွားနိုင်မည်ဟု တွက်ဆစရာ ရှိပေသည်။

မော်တော်ဆိုင်ကယ်များ စီးနင်းခွင့်ပြုခြင်းကြောင့် အားသာချက်များ ရှိလာနိုင်သလို အားနည်းချက်များလည်း ကြုံရမည်ဖြစ်သည်။ စနစ်တကျ စီမံခန့်ခွဲတတ်ပါက အားနည်းချက်များ လျော့ချသွားနိုင်ပေသည်။

မော်တော်ဆိုင်ကယ်များ တရားဝင် စီးနင်းခွင့်ပြုလိုက်ပါက Door to Door ခေါ် အိမ်အရောက်ပို့ ဝန်ဆောင်မှုပေးသည့် အလတ်စားနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ ယခင်ထက်ပို၍ လုပ်ငန်းတွင်ကျယ်လာနိုင်ခြင်း၊ သာမန်ဝင်ငွေရှိသူတိုင်း ဝယ်စီးလာနိုင်သောကြောင့် ၎င်းတို့နှင့် ဆက်စပ်နေသော လုပ်ငန်းများ မြန်ဆန်ချောမွေ့လာနိုင်ခြင်း၊ ဆိုင်ကယ်ဝယ်ယူမှုနှုန်း မြင့်တက်လာခြင်းက ငွေကြေးလည်ပတ်စီးဆင်းမှု ပမာဏနှင့် အရှိန်အဟုန်တိုးလာစေခြင်း၊ ကားထက်စာလျှင် ဆီအကုန်အကျသက်သာကာ ယာဉ်ကြောပိတ်ဆို့မှုကို ရှောင်ရှားနိုင်ခြင်းကဲ့သို့ အကျိုးကျေးဇူးများ ရရှိလာနိုင်သည်။

အထူးသဖြင့် ရန်ကုန်မြို့တော်၏ လက်ရှိရင်ဆိုင်နေရသော ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို ဖြေရှင်းရာတွင် ရေတို၊ ရေရှည်နည်းလမ်းများစွာ ရှိသည့်အနက် လမ်းဧရိယာများစွာမယူဘဲ လျင်မြန်စွာ သွားလာနိုင်သည့် မော်တော်ဆိုင်ကယ်များ စီးနင်းခွင့်ပြုခြင်း၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တော်ကဲ့သို့ ဆိုင်ကယ်တက္ကစီများ စနစ်တကျ ပြေးဆွဲခွင့်ပြုခြင်းတို့ဖြင့် ကူညီနိုင်ပေသည်။

အခြားတစ်ဖက်တွင်မူ စည်းကမ်းမဲ့ကားများအပြင် စည်းကမ်းမဲ့ ဆိုင်ကယ်များ၏ ဒဏ်ကိုပါ ထပ်တိုးခံရနိုင်ခြင်း၊ ဆိုင်ကယ်အသုံးပြု၍ ကျူးလွန်သော လုယက်မှုများ မြင့်မားလာနိုင်ခြင်း၊ မတော်တဆ ထိခိုက်မှု၊ တိမ်းမှောက်မှုများတိုးလာနိုင်ခြင်း၊ အများပြည်သူ စိတ်အနှောင့်အယှက် ဖြစ်စေနိုင်သော အသံဆူညံမှုနှုန်း မြင့်လာနိုင်ခြင်း၊ ယာဉ်ထိန်းရဲ လိုအပ်ချက်ကြီးလာနိုင်ခြင်းကဲ့သို့ အားနည်းချက်များကိုလည်း မဖြစ်မနေ ကြုံကြရမည်ဖြစ်သည်။

ဈေးနှုန်းနှင့် အရွယ်အစား အားသာချက်အရ မော်တော်ယာဉ်များထက် အဆများစွာ စီးရေတိုးလာနိုင်ခြင်းကြောင့် ပို၍ ထိန်းကွပ်ရခက်မည့် မော်တော်ဆိုင်ကယ်များ တရားဝင် စီးနင်းခွင့်ပြုမည်ဆိုပါက ယင်းမတိုင်မီ မည်သို့စီမံခန့်ခွဲ၊ ကြီးကြပ်၊ ထိန်းသိမ်းမည်၊ ဘေးထွက်ဆိုးကျိုးများကို မည်သို့ ကာကွယ်ဖြေရှင်းမည် ဆိုသော အချက်များကို ထောင့်စေ့ကျယ်ပြန့်စွာ ထည့်သွင်းစဉ်းစားကာ ကြိုတင် စီမံချက်များ ရေးဆွဲပြင်ဆင်ထားခြင်းမရှိပါက ဆေးအတွက် လေးသွားနိုင်ကြောင်း သိစေလိုရင်းဖြစ်သည်။

**အယ်ဒီတာ ( ၆ - ၁၀ - ၂၀၁၆ )**

# ကချင်နှင့် ရှမ်းမြောက်စစ်ပွဲများ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေချိုးဖောက်ဟုဆို

**ရန်ကုန်၊ အောက်တိုဘာ ၆**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ပွားနေသော စစ်ပွဲများသည် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေ (International Humanitarian Law) ကို ချိုးဖောက်နေသည်ဟု မြန်မာ့ငြိမ်းချမ်းရေးနှင့် လုံခြုံမှုသိပ္ပံကျောင်း အမှုဆောင်ဒါရိုက်တာ ဒေါ်ခင်မမမျိုးက ပြောသည်။

အောက်တိုဘာလ ၆ ရက်နေ့ ရန်ကုန်မြို့တော်ရှိ Orchid Hotel တွင် ပြုလုပ်သော 'တိုက်ပွဲကြားမှ ပြည်သူ့အသံ' အမည်ရှိ ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော တိုက်ပွဲများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ယင်းသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

"ဒီ International Humanitarian Law ဆိုတာက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေအားလုံး လိုက်နာရမှာဖြစ်တယ်၊ ဒီဥပဒေကို မည်သည့် အစိုးရ၊ လက်နက်ကိုင်အဖွဲ့အစည်းကမဆို ချိုးဖောက်လို့မရဘူး" ဟု ၎င်းက ရှင်းပြသည်။

အစိုးရနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ချိုးဖောက်မှုများကြောင့် အရပ်သားပြည်သူများသည် အဓိက နစ်နာဆုံးရှုံးနေရသူများဖြစ်နေပြီး အများအားဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များမှာ အနစ်နာဆုံးသော အခြေအနေများကို ကြုံတွေ့ခံစားနေရကြောင်း ၎င်းက ဆိုသည်။

ထို့ပြင် စစ်ပွဲဖန်တီးသူများအနေနှင့်အရပ်သားပြည်သူများနေထိုင်ရာ ဒေသများ၊ စာသင်ကျောင်းများ၊ ကျေးရွာများတွင် တိုက်ပွဲများဖြစ်ပွားခြင်းကို ရှောင်ရှားသင့်ပြီး တိုက်ပွဲများ ဖြစ်ပွားခဲ့ပါကလည်း ၎င်းဒေသရှိပြည်သူများအတွက် အကာအကွယ်ပေးရန်နှင့် တာဝန်ခံရန် လိုအပ်ကြောင်း ၎င်းက ထောက်ပြပြောဆိုသည်။

အလားတူ ယခုကဲ့သို့ တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ စစ်ပွဲများဖြစ်ပွားနေသော ဒေသများတွင် ပြည်နယ်အစိုးရအဖွဲ့ကသော်လည်းကောင်း၊ ဒေသခံပြည်သူများကသော်လည်းကောင်း စုံစမ်းဖော်ထုတ်မှုဆိုင်ရာ ကော်မရှင်ကို ဖွဲ့စည်းပေးရန် တောင်းဆိုနိုင်ပြီး လွှတ်တော်ကလည်း ကာကွယ်ရေးနှင့်ပတ်သက်သည့် ဝန်ကြီးဌာနကို ခေါ်ယူမေးမြန်းခြင်းများနှင့် စုံစမ်းစစ်ဆေးခြင်းများကို ပြုလုပ်နိုင်ကြောင်း ၎င်းက အကြံပြုပြောဆိုသည်။

စက်တင်ဘာလ ၁၅ နှင့် ၁၆ ရက်နေ့များတွင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်ရှိ စစ်ဘေးရှောင်စခန်း များတွင် တပ်မတော်က မိသားစုအလိုက် စစ်ဆေးခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းတို့ကို လုပ်ဆောင်ခဲ့ကြောင်း ၎င်းက ဆိုသည်။

ယင်းသို့ပြုလုပ်ခြင်းသည် စစ်ဘေးရှောင်စခန်းအတွင်းရှိ ပြည်သူများ၏ အခွင့်အရေးကို ချိုးဖောက်ရာရောက်ပြီး ပြည်သူများ အထိတ်တလန့်ဖြစ်ခဲ့ရကာ လုံခြုံမှုကင်းမဲ့သည့် စိတ်ခံစားမှုများ ဖြစ်စေခဲ့ကြောင်း ၎င်းက စွပ်စွဲပြောဆိုသည်။

ယင်းကိစ္စရပ်များကြောင့် တပ်မတော်အနေနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေနှင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများကို လေးစားလိုက်နာပေးရန်နှင့် စစ်ဘေးရှောင်များ၏ အခွင့်အရေးချိုးဖောက်မှုနှင့် ခြိမ်းခြောက်မှုများကို ရပ်တန့်ပေးရန် ကချင်ငြိမ်းချမ်းရေးကွန်ရက်က တောင်းဆိုလိုက်သည်။

လက်ရှိ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် တိုက်ပွဲများကြောင့် ဒေသခံပြည်သူပေါင်း တစ်သိန်းနှစ်သောင်းကျော်တို့သည် စစ်ဘေးရှောင်စခန်း ၁၆၇ ခုတွင် နေထိုင်နေရကြောင်း ကချင်ငြိမ်းချမ်းရေးကွန်ရက်ထံမှသိရသည်။ ■

The VOICE Daily

CARTOON



The VOICE Daily
The Product of Myanmar Partners Think Tank Group
(A Sister Publication of Living Color Magazine)

**Editor in-Chief** - Kyaw Min Swe, **Editor in Charge** -Kyaw San Min , **Senior Executive Editors** - Thiri Zaw, Aung Soe,
**Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin ,
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet ,Thant Zin Oo, Khaing Soe Lin , Hein Myat Soe, Mg Man @ Myo Myint Aung.
**Reporters** - Aung Thiha Tun, Nay Zar Kyaw, Pyae Phyo Aung , Sithu Aung Myo Kyaw , Khine Cherry Tun, San San Htwe, Kyaw Soe Oo, Pwint Zin Maw Hein, Su Lay Ngone, Thet Shine Thu, Nilar Myint, Thida Swe.
**Mandalay Reporters** - Ye Win Naing, Nay Lin, Yan Moe Naing, Myat Min, Aung Phyo, Than Pe Thar.
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nyan Soe Win, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Myat Ko, Slai Yaw Zin, Ma Ma, Lwin Mar Aung, Myat Thu Tun (Poe Thiha), Paw Oo, Khin May San.
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# ရခိုင်လက်နက်ကိုင် ALP အဖွဲ့များ ယူနီဖောင်းဝတ်၍ ဟောပြောပွဲမလုပ်ရန် ပိတ်ပင်

**ရန်ကုန်၊ အောက်တိုဘာ ၆**

အစိုးရနှင့် အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးထားသည့် ရခိုင်ပြည် လွတ်မြောက်ရေးတပ် (ALP) အနေနှင့် စစ်ယူနီဖောင်းများ ဝတ်ဆင်၍ လူထုတွေ့ဆုံ ဟောပြောပွဲများ မလုပ်ရန် အစိုးရက ပိတ်ပင်ထားကြောင်း ယင်းလက်နက်ကိုင် အဖွဲ့ထံမှ သိရသည်။

ALP အဖွဲ့များအနေနှင့် ရခိုင်ပြည်နယ်အတွင်းရှိ နယ်မြေများအတွင်း ခွင့်ပြုချက်ရယူခြင်းမရှိဘဲ လူထုဟောပြောပွဲများ မလုပ်ရန်နှင့် NCA စာချုပ်ပါ စည်းကမ်းများအတိုင်း လိုက်နာမှုများရှိရန် အာဏာပိုင်များက သတိပေးခဲ့ကြောင်း ALP တွဲဖက်အတွင်းရေးမှူး ခိုင်အောင်စောသန်းက The Voice သို့ ပြောကြားသည်။

ALP မှ တပ်ဖွဲ့ဝင်များ ရာချီ၍ ရခိုင်ပြည်နယ်အတွင်း သွားလာလှုပ်ရှားနေပြီး နယ်မြေများအတွင်း ဟောပြောမှုများ ဝင်ရောက်ပြုလုပ်ခဲ့မှုအပေါ် ယခုလို ပိတ်ပင်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယင်းကိစ္စရပ်များ ထပ်မံ မဖြစ်ပွားစေရန် အောက်ခြေတပ်ဖွဲ့ဝင်များကိုလည်း ညွှန်ကြားထားပြီးဖြစ်ကြောင်း ၎င်းက ဆိုသည်။

"သူတို့က ခွင့်ပြုချက်ယူပြီးမှ ဟောပြောတာတွေလုပ်ဖို့ ပြောတာပေါ့။ တစ်ခုရှိတာတော့ ကျွန်တော်တို့ တရားဝင်လုပ်တာတော့ မဟုတ်ဘူး။ ကျွန်တော်တို့ရဲဘော်တွေက ကျေးရွာတွေမှာ ဝင်ဟောပြောတာကို စရဖတွေက ယူပြီးတော့ အပေါ်ထိရောက်သွားတာပါ"ဟု ၎င်းက ဆိုသည်။

ALP အနေနှင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ရခြင်း အကြောင်းရင်းများ၊ လက်ရှိ လုပ်ဆောင်နေသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအကြောင်း၊ NCA စာချုပ်ပါ အကြောင်းအရာများကို ပြည်သူသို့ ရှင်းလင်းသည့် ဟောပြောပွဲများ ပြုလုပ်ခြင်းဖြစ်ကြောင်း ALP ထံမှ သိရသည်။

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) သည် အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် NCA ကို ၂၀၁၅ခုနှစ် အောက်တိုဘာလတွင် ရေးထိုးခဲ့သည်။ ■



ဓာတ်ပုံ - ငြိမ်းသူမင်း

# ကလေးမြို့နယ်တွင် သုံးဘီးဆိုင်ကယ်တွဲယာဉ်များ ဖျက်သိမ်းပါက စားဝတ်နေရေး အခက်ကြုံမည်ဟုဆို

**ကလေး၊ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တွင် ပြေးဆွဲနေသော သုံးဘီးဆိုင်ကယ်တွဲယာဉ်များ ဖျက်သိမ်းရပါက သုံးဘီးဆိုင်ကယ်တွဲယာဉ် မောင်းနှင်သူ၏ မိသားစုများ စားဝတ်နေရေးအခက်ကြုံနိုင်မည်ဖြစ်ကြောင်း သုံးဘီး ဆိုင်ကယ်တွဲယာဉ်မောင်း ဦးမောင်လေး က ပြောကြားသည်။

အောက်တိုဘာလကုန်မှ စတင်ကာသုံးဘီးဆိုင်ကယ်တွဲယာဉ်များ မြို့အတွင်းပြေးဆွဲမှုများ တွေ့ရှိပါက သိမ်းဆည်းမည်ဖြစ်ကြောင်း ကလေးမြို့ယာဉ်စည်းကမ်းလမ်းစည်းကမ်းကော်မတီက အောက်တိုဘာ ပထမပတ်မှ စတင် ထုတ်ပြန် ကြေညာခဲ့သည်။

အဆိုပါ ယာဉ်များမှာ ဒေသတွင်းလိုအပ်ချက်ကြောင့် ယခင်ဆိုက်ကားနင်းသူများက ဆိုက်ကားများကို ရောင်းချပြီး သုံးဘီး ဆိုင်ကယ်အဖြစ် ကလေးမြို့စက်မှုဇုန်တွင် ပြုလုပ်ကာ မြို့အတွင်း ပြေးဆွဲခြင်းဖြစ်ကြောင်း၊ လိုင်စင်မရှိသောသုံးဘီးဆိုင်ကယ်တွဲယာဉ်များကို သက်ဆိုင်ရာက လိုင်စင်ထုတ်ပေးကာ ပြေးဆွဲစေခြင်းကို လုပ်ဆောင်ပေးစေလိုကြောင်း သုံးဘီးဆိုင်ကယ်တွဲ ယာဉ်မောင်း ဦးမောင်လေးက ရှင်းပြသည်။

"လိုင်စင်မရှိလို့ ကညန က မလုပ်ပေးလို့အသိမ်းခံရမယ်ဆိုရင် အလုပ်အကိုင်က ရှားရတဲ့ကြားထဲ မိသားစုတွေ ငတ်ကုန်လိမ့်မယ်" ဟု ဦးမောင်လေး ကပြောဆိုသည်။

သုံးဘီး ဆိုင်ကယ်တွဲယာဉ်များမှာ တရားဝင် လိုင်စင်မရှိဘဲ လိုင်စင်လုပ်ပေးရာတွင်လည်း ဆိုင်ကယ်လိုင်စင်သာ လုပ်ပေးနိုင်ပြီး ဆိုင်ကယ်ဘေးတွဲ လိုင်စင်ထုတ်ပေးရန် နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ မရှိသည့်အတွက် ကလေးခရိုင် ယာဉ်စည်းကမ်းလမ်းစည်းကမ်းကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ယာဉ်အန္တရာယ် လျော့နည်းစေရန်အတွက် အောက်တိုဘာတစ်လကို ပညာပေးကာလအဖြစ် သတ်မှတ်ကာ အောက်တိုဘာ လကုန်မှစတင်၍ ဆိုင်ကယ်သုံးဘီးယာဉ်များကို သိမ်းဆည်းသွားမည်ဖြစ်ကြောင်း ကလေးမြို့ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ရဲအုပ်ငြိမ်းစိုးက ပြောကြားသည်။

ကလေးမြို့နယ်တွင် သုံးဘီးဆိုင်ကယ်တွဲယာဉ် အစီးရေ ရာကျော်ရှိပြီး ယခင်အစိုးရ လက်ထက်က အခြေခံ လူတန်းစားများ စားဝတ်နေရေး အခက်အခဲပြေလည်စေရန်၊ ဒေသတွင်းလိုအပ်ချက်ကြောင့် ခွင့်ပြုပေးသကဲ့သို့ လက်ရှိအစိုးရ အနေနှင့် အခြေခံလူတန်းစားများ၏ စားဝတ်နေရေး အခက်အခဲကို ကူညီရန် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဥပဒေဘောင်းအတွင်းမှ တရားဝင် ဖြစ်လာစေရေး ကူညီပေးသင့်ကြောင်း အထက်ချင်းတွင်းလူငယ်ကွန်ရက်မှ ဦးကျော်သက်ဝင်းက ပြောဆိုသည်။ ■

# သရုပ်ဆောင်မိုးအောင်ရင်အတွက် ရှေ့နေပါဝါတင်

**ရန်ကုန်၊ အောက်တိုဘာ ၆**

ရှင်ရှင် သရုပ်ဆောင် မိုးအောင်ရင်နှင့် သူငယ်ချင်းနှစ်ဦးကိုအရှေ့ပိုင်းခရိုင် တရားရုံးတွင် အောက်တိုဘာလ ၆ ရက် မွန်းလွဲ ၁ နာရီက အရှေ့ပိုင်းခရိုင် တရားရုံးတွင် ရုံးထုတ်ခဲ့ရာ တရားလွှတ်တော်ရှေ့နေ ဒေါ်ရီရီဝင်းက မိုးအောင်ရင်ဘက်မှ လိုက်ပါဆောင်ရွက်ရန် ရှေ့နေပါဝါတင်ခဲ့ကြောင်း ယင်း တရားရုံးထံမှ သိရှိရသည်။

"ဒီနေ့ မိုးအောင်ရင်နဲ့ သူ့သူငယ်ချင်း လူလူသန်းတို့အတွက် ရှေ့နေပါဝါတင်ခဲ့တယ်၊ အမှုကမစစ်ဖြစ်သေးဘူး၊ အောက်တိုဘာလ ၁၁ ရက်နေ့မှာတရားလိုကိုစစ်မယ်၊ အမှုတွဲမှာပါတဲ့ ကျန်တစ်ယောက်က အရင်တစ်ပတ်ကတည်းက ရှေ့နေပါဝါ တင်ထားပြီးသားပါ"ဟုယင်း တရားရုံးမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

အဆိုပါ မူးယစ်ဆေးဝါးမှုဖြင့် အရှေ့ပိုင်းခရိုင် တရားရုံးတွင် တရားစွဲဆိုထားသောသုံးဦးအနက် အသက် ၃၈ နှစ်အရွယ် ဦးလူလူသန်းနှင့် အသက် ၂၈ နှစ်အရွယ် ကိုဘုန်းမြင့်အောင်တို့နှစ်ဦးကို တာမွေမြို့နယ်၊ လေးထောင့်ကန်လမ်းမင်းရဲကျော်စွာ အိမ်ရာရှိ မိုးအောင်ရင် ပိုင်ဆိုင်သော နေအိမ်တိုက်ခန်းတွင် မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းမိခဲ့ပြီးနောက် ပုဇွန်တောင်မြို့နယ်တွင် မိုးအောင်ရင်ကို ထပ်မံဖမ်းမိခဲ့ကြောင်းအမှုဖွင့် တိုင်ကြားချက်များအရ တာမွေမြို့မရဲစခန်းထံမှ သိရှိရသည်။

ရုပ်ရှင်သရုပ်ဆောင် မိုးအောင်ရင်ကို ပုဇွန်တောင်မြို့နယ်တရားရုံးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၆(ဂ)ဖြင့် ထပ်မံတရားစွဲဆိုထားကြောင်း ယင်းတရားရုံးထံမှ သိရှိရသည်။

# မိန်းမလျာနှစ်ဦး လက်ကိုင်ဖုန်း ခိုးယူထွက်ပြေး၊ တစ်ဦး ဖမ်းမိ

**ရန်ကုန်၊ အောက်တိုဘာ ၆**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၄ ရပ်ကွက်၊ သင်းဝင် (၁) လမ်းထိပ်တွင် အောက်တိုဘာလ ၄ ရက် ည ၉ နာရီခွဲက အမျိုးသားတစ်ဦးထံမှ လက်ကိုင်ဖုန်း တစ်လုံးကိုခိုးယူထွက်ပြေးသည့် မိန်းမလျာနှစ်ဦးအနက် တစ်ဦးကို ရပ်ကွက်နေသူများက ပိတ်ဆို့ဖမ်းဆီးခဲ့ကြောင်း အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

အဆိုပါ ဖမ်းမိသူမှာ ဒဂုံအရှေ့မြို့နယ်၊ ၁၃၃ ရပ်ကွက်၊ နဝဒေးလမ်းတွင် နေထိုင်သောအသက် ၂၀ အရွယ် ခင်မောင်တိုး(ခ) ကြယ်စင်ဖြစ်ပြီး ယင်းညက ၎င်းနှင့်အတူအသက် ၁၉ နှစ်အရွယ်ကျော်ကျော်ကြီးတို့က သင်းဝင်(၁) လမ်းထိပ်တွင် အသက် ၁၉ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် စကားပြောနေစဉ် ယင်းအမျိုးသား၏ Huawei 625 အမျိုးအစားလက်ကိုင်ဖုန်းကို ခိုးယူပြီး ထွက်ပြေးခဲ့ကြောင်း အမှုဖွင့် တိုင်ကြားချက်များအရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးကပြောကြားသည်။

"ဘေလီတံတားမှာ ဘီယာထိုင်သောက်ပြီး အိမ်ပြန်လာတဲ့ ကောင်လေးကိုသူတို့နှစ်ယောက်ကခေါ်ပြီး စကားပြောရာက ဖုန်းခိုးယူပြီးထွက်ပြေးတာ၊ ကောင်လေးကရပ်ကွက်ကို အော်ဟစ်အကူအညီတောင်းလို့ ရပ်ကွက်နေသူတွေကဝိုင်းဖမ်းရာကတစ်ယောက်ကိုမိခဲ့တာယ်၊ တစ်ယောက်တော့ မမိသေးဘူး" ဟုပြောကြားသည်။

လက်ကိုင်ဖုန်း ခိုးယူထွက်ပြေးသည့် မိန်းမလျာနှစ်ဦးမှ ဖမ်းမိသူနှင့် လွတ်မြောက်ခဲ့သူတို့ကိုဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၇၉ ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးနေကြောင်းအရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။ ■

# အလုပ်သင်ဝန်ထမ်းခန့်ထားခြင်းအတွက် တက္ကသိုလ်အများစုနှင့် တိုးချဲ့ချိတ်ဆက်မည်ဟုဆို

**ရန်ကုန်၊ အောက်တိုဘာ ၆**

တက္ကသိုလ်တက်ရောက်နေဆဲ ကျောင်းသား၊ ကျောင်းသူများနှင့် ဘွဲ့ရပြီးစ လူငယ်များကို အလုပ်သင်ဝန်ထမ်းအဖြစ် ခန့်ထားနိုင်ရေး တစ်နိုင်ငံလုံးရှိ တက္ကသိုလ်များနှင့်တိုးချဲ့ချိတ်ဆက်မည်ဖြစ်ကြောင်း တယ်လီနော ဆက်သွယ်ရေးလုပ်ငန်းထံမှ သိရှိရသည်။

တက္ကသိုလ်များနှင့် ပူးပေါင်း၍ ကျောင်းသားများကို အလုပ်သင်ဝန်ထမ်း အဖြစ် ခန့်ထားခြင်း အစီအစဉ် ပထမဆုံး အနေနှင့် ကျောင်းသား ၂၆ ဦးကို ခန့်ထားခဲ့ကြောင်း တယ်လီနောဆက်သွယ်ရေးလုပ်ငန်းစုက အောက်တိုဘာလ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

နည်းပညာတက္ကသိုလ် (သန်လျင်)၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် (မှော်ဘီ)၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်၊ Myanmar Imperial College နှင့် Human Resource Management Institute တို့မှ ကျောင်းသား၊ ကျောင်းသူ ၂၀၀ ခန့် လျှောက်ထားခဲ့ကြောင်း အဆိုပါလုပ်ငန်းထံမှ သိရှိရသည်။

အဆိုပါအစီအစဉ်သည် သုံးလကြာမည်ဖြစ်ပြီး အလုပ်သင်ဝန်ထမ်းများအနေနှင့် ကုမ္ပဏီ၏ လုပ်ကိုင်မှု နည်းစနစ်များ၊ လုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်ရာတွင် လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများကို သင်ကြားခွင့်ရမည်ဖြစ်ပြီး ပြီးဆုံးလျှင် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။ ■

# ရှမ်းပြည်နယ်တောင်ပိုင်းတွင် လိုင်စင်မဲ့ခရီးသွားလုပ်ငန်းများ အရေးယူမည်ဟုဆို

**ရန်ကုန်၊ အောက်တိုဘာ ၆**

ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း စနစ်တကျရှိစေရေးနှင့် နိုင်ငံတော်သို့ အခွန်ပေးဆောင်ကာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ လိုင်စင်ရယူထားသူများ မနစ်နာစေရန် အောက်တိုဘာလ ၁၆ ရက်မှစ၍ လုပ်ငန်းလိုင်စင်မဲ့ လုပ်ကိုင်နေမှုများကို အရေးယူမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်ထိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း လိုင်စင်လေးမျိုးကို စစ်ဆေးမည်ဖြစ်ပြီး စစ်ဆေးစဉ်ကာလ စစ်ဆေးတွေ့ရှိပါက ပညာပေးခြင်းအဆင့်နှင့် ခံဝန်ကတိထိုးခိုင်းမည်ဖြစ်ကြောင်း၊ ပညာပေးကာလ ပြီးဆုံးပါက အရေးယူမည့်အပိုင်းကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာန တာဝန်ရှိသူက ပြောကြားသည်။

"လိုင်စင်မရှိဘဲ လုပ်ကိုင်ခွင့်ပေးထားရင် တကယ်နိုင်ငံတော်ကို အခွန်ဆောင်ထားသူတွေ နစ်နာတယ်။ ဒီလိုလုပ်တဲ့အတွက် တစ်ဖက်ကလည်း လိုင်စင်မဲ့ လုပ်ကိုင်တာတွေ ပပျောက်မယ်" ဟု ၎င်းက ဆိုသည်။

လက်ရှိကာလတွင် ပညာပေးကာလအဖြစ်ဆောင်ရွက်မည်ဖြစ်ပြီး ထိုကာလ ပြီးဆုံးပါက ခရီးသွားလုပ်ငန်းဆိုင်ရာ ဥပဒေအရအရေးယူမည်ဟု သိရကြောင်း ခရီးသွားလုပ်ငန်းရှင်များအသင်း (တောင်ကြီးဇုန်) တာဝန်ရှိသူက ပြောကြားသည်။

"အခါအားလျော်စွာလည်း ဆက်စစ်မယ်ပြောတယ်။ ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်တာပါ။ ဒါမှလည်း စည်းကမ်းတကျ ဖြစ်မှာပါ" ဟု ၎င်းက ဆိုသည်။

ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများ၊ ခရီးသွားကုမ္ပဏီများ၊ ခရီးသည်ပို့ဆောင်ရေးယာဉ်များနှင့် ဧည့်လမ်းညွှန်လုပ်ကိုင်သူများကို ဟိုတယ်ခရီးတာဝန်ရှိသူများ၊ သက်ဆိုင်ရာ လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့်အတူ စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးပညာပေးမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် ၁၇၃ ခု၊ ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် ၃၁ ခု၊ ပို့ဆောင်ရေး လုပ်ငန်းလိုင်စင်တွင် (လိုင်စင်အပြာ) စက်လှေ ၁၀၁၇ စီး၊ ကညန၏နိုင်ငံခြားသားပို့ဆောင်ခွင့်နံပါတ်ပြားတပ် မော်တော်ယာဉ် (လိုင်စင်အပြာ)၁၅ စီး၊ ကညနမှ လိုင်စင်အနီရပြီး ဟိုတယ်ခရီးမှ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသည့်ယာဉ် ၁၃၄ စီးနှင့် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်တွင် ဧည့်လမ်းညွှန် ၉၆ ဦး၊ ဒေသဆိုင်ရာဧည့်လမ်းညွှန် ၅၈၀ ဦးတို့ကို ၂၀၁၆ ခုနှစ် ဩဂုတ်လအထိ လိုင်စင်အသီးသီးထုတ်ပေးထားကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။ ■

# နယ်သာလန်နိုင်ငံသား ငွေဒဏ်နှင့်ထောင်ဒဏ် သုံးလကျ

**မန္တလေး၊ အောက်တိုဘာ ၆**



ဓာတ်ပုံ - မောင်သန့်

**မဟာအောင်မြေမြို့နယ်တရားရုံးက အမိန့်ချပြီးနောက် နယ်သာလန်နိုင်ငံသား Mr.Klaas Haijtema ကိုတွေ့ရစဉ်**

မဟာအောင်မြေမြို့နယ်အတွင်းရှိ ဓမ္မာရုံတစ်ခုအတွင်း ပရိတ်ရွတ်ဖတ်နေသူများကို နှောင့်ယှက်မှုဖြင့် အမှုရင်ဆိုင်နေရသည့် နယ်သာလန်နိုင်ငံသားကို ယင်းမြို့နယ်တရားရုံးက အောက်တိုဘာလ ၆ ရက်နေ့တွင် ငွေဒဏ်အပါအဝင် ထောင်ဒဏ်သုံးလ ချမှတ်ခဲ့ရာ နယ်သာလန်နိုင်ငံသား Mr. Klaas Haijtema အတွက် အယူခံဝင်ခြင်း၊ သံရုံးမှတစ်ဆင့် သံတမန်ရေးအရ အသနားခံခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း Myanmar Legal Aid Network ဥက္ကဋ္ဌ ဦးလှကိုက ပြောကြားသည်။

"အခုအမှုတွဲကို မိတ္တူကူးခွင့်တောင်းထားပြီးပြီ၊ သူတို့ဆီကရတာနဲ့ အယူခံတက်မယ်၊ နောက်တစ်ခုက နှစ်နိုင်ငံချစ်ကြည်ရေးအရ သံရုံးတွေက တစ်ဆင့် အသနားခံသွားမှာဖြစ်ပါတယ်၊ ချက်ချင်း ဆောင်ရွက်ပေးသွားမှာပါ" ဟု ၎င်းကဆိုသည်။

ဝတ်ရွတ်နေသည့် ရပ်ကွက်ဓမ္မာရုံအတွင်း ဖိနပ်မချွတ်ဘဲ ဝင်ရောက်ခဲ့ကာ အသံချဲ့စက်တွင်တပ်ဆင်ထားသော လျှပ်စစ်ကြိုးများ ကို ဆွဲဖြုတ်ခဲ့သည့် နယ်သာလန်နိုင်ငံသား Mr. Klaas Haijtema ကို မဟာအောင်မြေမြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် ဓမ္မာရုံတာဝန်ရှိသူတို့က တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

သာသနာတော်ညှိုးနွမ်းစေမှု ပုဒ်မ ၂၉၅ ဖြင့်စွဲဆိုထားသောအမှုကို ပုဒ်မ ၂၉၆ အဖြစ် ပြောင်းလဲခဲ့ပြီး ထောင်ဒဏ်သုံးလ ချမှတ်ခဲ့ကာ ဗီဇာစည်းကမ်းဖောက်ဖျက်မှု ၁၃ (၁) အတွက် ဒဏ်ငွေ ကျပ်တစ်သိန်းဖြစ်စေ၊ ထောင်ဒဏ်ခြောက်လဖြစ်စေ ကျခံစေရန် မဟာအောင်မြေတရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

မန္တလေးမြို့တော်၊ မဟာအောင်မြေမြို့နယ်၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြား၊ ၃၇ လမ်းနှင့် ၃၈ လမ်း ကြားရှိ တမာကုန်းရပ်ကွက် သုစရိတဓမ္မာရုံတွင် ရပ်ကွက်ဒေသခံများ ပရိတ်ရွတ်နေစဉ် ယင်းရပ်ကွက်နှင့် မျက်နှာချင်းဆိုင်ရှိ Four Rivers Hostel တွင် တည်းခိုနေသည့် Mr. Klaas Haijtema က စက်တင်ဘာလ ၂၃ ရက်နေ့ ည ၁၀ နာရီခန့်အချိန်တွင် ဓမ္မာရုံအတွင်းသို့ဝင်လာကာ အသံချဲ့စက်ကြိုးများ ဆွဲဖြုတ်ခြင်း၊ စက်ခလုတ်များကို ပိတ်ခြင်းတို့ပြုလုပ်ခဲ့ခြင်းကြောင့် တရားစွဲခံခဲ့ရခြင်းလည်းဖြစ်သည်။

"ဓမ္မစကြာရွတ်ဖတ်နေသည့် ဓမ္မာရုံတွင် ဖိနပ်များချိတ်ထားသည်ကို တွေ့ရမည်ဖြစ်သော်လည်း ဖိနပ်မစီးရနေရာဖြစ်ကြောင်း တစ်စုံတစ်ရာ ရေးသား ဖော်ပြထားခြင်းမရှိသည့်အတွက် ကျူးလွန်သူက ဘာသာရေးအဆောက်အအုံဖြစ်ကြောင်း မသိသည်ကို ရုံးတော်က လက်ခံရမည်ဖြစ်သည်။ တရားခံက ဓမ္မာရုံအတွင်း၌ ဓမ္မစကြာရွတ်ဖတ်နေသည့် အမျိုးသမီးတို့အား အထိတ်တလန့်ဖြစ်စေခြင်း အသံပြတ်တောက်သွားအောင် ပြုမူခဲ့ခြင်းတို့မှာ အငြင်းပွားဖွယ်တွေ့ရှိရသည်။ သို့အတွက်ကြောင့် တရားခံ၏ အပြုအမူသည့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၉၅ အရ ပြစ်မှုမမြောက်ဘဲ ၂၉၆ အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက်သည်။ သို့ဖြစ်၍ တရားခံအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၉၆ ဖြင့် ပြောင်းလဲအမိန့်ချမှတ်သည်" ဟူ၍ မဟာအောင်မြေမြို့နယ် တရားသူကြီး ဦးဝင်းနိုင်က အမိန့်ချမှတ်ခဲ့သည်။

"သာသနာတော်ညှိုးနွမ်းစေခြင်း ပုဒ်မဖြစ်တဲ့ ရာဇသတ်ကြီး ပုဒ်မ ၂၉၆ ကို ကျူးလွန်ကြောင်း ပေါ်ပေါက်တဲ့အတွက် ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ ၁၃ (၁) ကိုလည်း ကျူးလွန်ရာရောက်တယ်" ဟု ၎င်းကဆိုသည်။

မဟာအောင်မြေမြို့နယ် တရားသူကြီးက ယင်းသို့အမိန့်ချမှတ်ခဲ့သော်လည်း ပုဒ်မပြောင်းကာ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းကို လက်မခံနိုင်ကြောင်း တရားရုံးသို့ လာရောက်လေ့လာခဲ့ကြသည့် ဒေသခံအချို့က ပြောဆိုသည်။ ■

# မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အဝေးထိန်းလေယာဉ် ပျံသန်းမှုပြိုင်ပွဲလုပ်မည်

**ရန်ကုန်၊ အောက်တိုဘာ ၆**

အဝေးထိန်းစနစ်ဖြင့် မောင်းနှင်သော လေယာဉ်များ ပျံသန်းမှုသရုပ်ပြခြင်းနှင့် ပြိုင်ပွဲကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံအဝေးထိန်း လေယာဉ်တည်ဆောက်ပျံသန်းသူများကလပ် (ရန်ကုန်) ထံမှသိရသည်။

မြန်မာနိုင်ငံအဝေးထိန်းလေယာဉ်တည်ဆောက်ပျံသန်းသူများကလပ် (ရန်ကုန်) က အဝေးထိန်းလေယာဉ် ပျံသန်းမှုအကြိမ်ရေ တစ်ရာပြည့်အထိမ်းအမှတ်အနေနှင့် အဆိုပါပြိုင်ပွဲကို ပြုလုပ်ခြင်းဖြစ်ပြီး လေကြောင်းဆိုင်ရာ ဗဟုသုတများတွင် မြန်မာနိုင်ငံရှိ လူငယ်များ ပိုမိုသိရှိလာစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း အဆိုပါကလပ်ဥက္ကဋ္ဌ ဦးဝင်းနိုင်က ဆိုသည်။

"ဒီလိုပြိုင်ပွဲက မြန်မာနိုင်ငံအနေနဲ့ ပထမဆုံးအကြိမ်ဖြစ်လာမှာပါ။ နိုင်ငံတကာမှာဆိုရင် ဒီလိုပြိုင်ပွဲတွေနဲ့ ပျံသန်းမှုတွေဟာ များပြားပါတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံမှာတောင် တွင်တွင်ကျယ်ကျယ် ပျံသန်းနေပါပြီ" ဟု ၎င်းကဆိုသည်။

အဝေးထိန်းလေယာဉ်ပျံသန်းမှု ပြိုင်ပွဲကို ဝါသနာရှင်အဆင့်နှင့်ကျွမ်းကျင်အဆင့်ဟူ၍ ကျင်းပရန် စီစဉ်ထားပြီး အဝေးထိန်းလေယာဉ်များကို မိမိတို့ စိတ်ကြိုက်လေယာဉ်ပျံသန်းမှုနှင့်ကလပ်မှ သတ်မှတ်ထားသော လေယာဉ်ပျံသန်းမှုစသည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး တောင်ပံအရှည် ၁၄၀၀ မီလီမီတာ size - Electric (Motor Powered) လေယာဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် အကြမ်းဖျင်း သတ်မှတ်ထားကြောင်း မြန်မာနိုင်ငံ အဝေးထိန်းလေယာဉ်တည်ဆောက်ပျံသန်းသူများကလပ် (ရန်ကုန်) ထံမှသိရသည်။

လက်ရှိတွင် မြို့ကြီးများတွင် အုပ်စုဖွဲ့စနစ်တကျပျံသန်းမှုများရှိနေပြီး အဝေးထိန်းလေယာဉ် ပျံသန်းသူ ဝါသနာရှင်များ၏အွန်လိုင်းအဖွဲ့တွင် အဖွဲ့ဝင် ငါးထောင်ကျော်အထိရှိသည်။

မြန်မာနိုင်ငံအဝေးထိန်းလေယာဉ်တည်ဆောက်ပျံသန်းသူများကလပ် (ရန်ကုန်) သည် ၂၀၁၄ ခုနှစ်မှစတင် ပျံသန်းခဲ့ခြင်းဖြစ်ပြီး အဝေးထိန်းလေယာဉ် ပျံသန်းမှုကို ၁၉၅၀ ပြည့်လွန်နှစ်များက စတင်ခဲ့ရာတွင် အရှေ့တောင် အာရှတွင် မြန်မာနိုင်ငံသည် အစောဆုံးဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဝင်ကြေး အခမဲ့ဖြင့် ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး နိုဝင်ဘာလ ၂၀ ရက်တွင် ကျင်းပနိုင်ရန် ရည်ရွယ်ထားကြောင်း၊ ပြိုင်ပွဲဝင်ခွင့်ရရှိရန် ကြိုတင်စမ်းသပ်မောင်းနှင်ရန် လိုအပ်မည်ဖြစ်ပြီး လေကြောင်းဆိုင်ရာ ကျွမ်းကျင်သူများက အမှတ်ပေးမည်ဖြစ်ကြောင်း ဦးဝင်းနိုင်ထံက သိရသည်။ ■

# စစ်ကိုင်းမြို့အတွင်း တရားမဝင်နေထိုင်သည့် နိုင်ငံခြားသားများကို စစ်ဆေးမည်

**မုံရွာ၊ အောက်တိုဘာ ၆**

စစ်ကိုင်းမြို့အတွင်း တရားမဝင်နေထိုင်လျက်ရှိသည့် နိုင်ငံခြားသားများကို နိုင်ငံခြားသားထိန်းသိမ်းဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် အဖွဲ့က လစဉ်ကွင်းဆင်းစစ်ဆေးမည်ဖြစ်ကြောင်း စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ပြောကြားသည်။

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး ဒုတိယနေ့တွင် စစ်ကိုင်းမြို့ ရပ်ကွက်အချို့တွင် တရားမဝင်နေထိုင်လျက်ရှိသည့် နိုင်ငံခြားသားများကိစ္စနှင့် ပတ်သက်၍ စစ်ကိုင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဒေါ်စုမြတ်ထက်၏မေးမြန်းချက်ကို ၎င်းက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

စစ်ကိုင်းမြို့ပေါ်ရပ်ကွက်အချို့တွင် ကျောက်လုပ်ငန်းလုပ်ကိုင်ရန် လရှည်နေထိုင်ခွင့် Business Visa မရှိဘဲ နိုင်ငံခြားသားများရပ်ကွက်အတွင်း တရားမဝင်အိမ်များငှားရမ်းနေထိုင်လျက်ရှိနေပြီး Tourist Visa ဖြင့် ဝင်ရောက်လာကာ တည်းခိုခွင့်ပြုထားသည့် ဟိုတယ်များတွင် နေထိုင်ခြင်းမပြုဘဲ ရပ်ကွက်အတွင်း နေအိမ်ငှားရမ်းနေထိုင်လျက်ရှိကြောင်း ဒေါ်စုမြတ်ထက်က ပြောဆိုသည်။

အဆိုပါမြို့ပေါ်ရပ်ကွက်များနှင့် တည်းခိုခန်းများကို ညှော်စာရင်းစစ်ဆေးမှု တစ်ပတ်တစ်ကြိမ်ပြုလုပ်ခြင်း၊ နိုင်ငံခြားသားများ ရောက်ရှိလာပါက Form C များဖြင့် အချိန်နှင့်တစ်ပြေးညီပေးပို့စေခြင်းနှင့် ကျောက်မျက်ဈေးအနီးရှိ နေအိမ်များတွင် ငှားရမ်းနေထိုင်မှု ရှိ မရှိ စစ်ဆေးခြင်းတို့ကို လစဉ်စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ဆက်လက်ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံခြားသားများ တည်းခိုနေထိုင်ခြင်းရှိ မရှိနှင့် ဗီဇာအမျိုးမျိုးဖြင့်ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို ဖမ်းဆီးစစ်ဆေးရာတွင် ယခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့အထိ စာရင်းများအရ တရားမဝင်ဝင်ရောက်သည့်အမှု ၃၀၊ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု ၁၃ မှုနှင့် လက်နက်ခဲယမ်းသယ်ဆောင်ရောင်းဝယ်မှု လေးမှုရှိကြောင်း ဖမ်းဆီးစစ်ဆေးမှု စာရင်းများအရ သိရသည်။ ■

# မြန်မာ - အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးကားလမ်းတွင် မော်တော်ယာဉ် ၂၀၀ ကျော် တစ်ရက်ကြာ ပိတ်မိ

**ကလေး၊ အောက်တိုဘာ ၆**



ဓာတ်ပုံ - ထူးခန့်ဇော်

မြန်မာ - အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးကားလမ်းတစ်ခုဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် မကွေးတိုင်း ဂန့်ဂေါမြို့အကြား ဆက်သွယ်ထားသော မုံရွာ-ဂန့်ဂေါ ကားလမ်းပေါ်တွင် မိုးဆက်တိုက်ရွာသွန်းပြီး လမ်းချော်သဖြင့် အောက်တိုဘာလ ၅ ရက်နေ့ ညပိုင်းက ယာဉ်အစီးရေ ၂၀၀ ကျော် တစ်ရက်ကြာပိတ်မိနေကြောင်း ယာဉ်ပိတ်သည့်နေရာသို့ ရောက်ရှိနေသော ယာဉ်မောင်း ဦးထူးခန့်ဇော်က ပြောကြားသည်။

အဆိုပါ ကားလမ်းမှာ မိုင် ၁၀၀ ကျော်ရှည်လျားပြီး မိုးရာသီကာလ ရောက်ရှိပါက ချင်းပြည်နယ် မြောက်ပိုင်းရှိ မြို့များ အပါအဝင် မြန်မာ - အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးမြို့များဖြစ်သော တမူးမြို့၊ ရိဒ်ခေါဒါရ်မြို့များသို့ ကုန်စည်များ တင်ပို့ရန်အတွက် အသုံးပြုနေရသည့် တစ်ခုတည်းသော လမ်းဖြစ်ကြောင်း၊ ယင်းလမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၅၇-၅၈ ကြားတွင် အောက်တိုဘာ ၅ ရက်နေ့ ည ၁၁ နာရီမှစတင်ကာ လမ်းချော်နေသဖြင့် ခရီးသည်ယာဉ်များနှင့် နယ်စပ်သို့ ကုန်စည်ပို့ဆောင်မည့် ကုန်တင်ယာဉ် အပါအဝင် အစီးရေ ၂၀၀ ကျော်မှာ အောက်တိုဘာလ ၆ ရက်နေ့ နံနက်ပိုင်းအထိ ပိတ်မိနေကြောင်း ၎င်းက ရှင်းပြသည်။

"ကားကြီးတစ်စီးက လမ်းချော်ပြီး ကန့်လန့်ကြီး ပိတ်မိနေတာ၊ အခြားကားနဲ့ဆွဲမယ်ဆိုတော့လည်း လမ်းကချော်နဲ့ မြေခြောက်အောင် စောင့်ပြီးသွားမှ ရမယ်" ဟု ၎င်းကပြောဆိုသည်။

အဆိုပါ ကားလမ်းမှာ ကတ္တရာလမ်းဖြစ်သော်လည်း ကားလမ်းကျဉ်းမြောင်းသည့်အတွက် ကားကြီးများ တစ်စီးနှင့် တစ်စီးရှောင်ရာတွင် မြေသားလမ်းပေါ်ချပေးရသည့်အတွက် မိုးများစွာ ရွာသွန်းသည့်အခါ မြေသားများက ရွှံ့နွံများအဖြစ် လမ်းချော်ခြင်းကြောင့် ကားများ မကြာခဏ ပိတ်နေရခြင်းဖြစ်ကြောင်း၊ ယာဉ်မောင်းများအနေနှင့် သတိထားမောင်းနှင်ကြရန် လိုအပ်ပြီး သက်ဆိုင်ရာအနေနှင့် ကားလမ်းချဲ့ထွင်ပေးရန် လိုအပ်ကြောင်း မြန်မာ - အိန္ဒိယ နယ်စပ် ကုန်စည်များတင်ပို့နေသည့် ယာဉ်လိုင်းများမှ ယာဉ်မောင်း ဦးနောင်စိုးက ပြောဆိုသည်။ ■

# ရေစကြိုတွင် သမက်က ယောက္ခမကို ဓာတ်ဆီပက် မီးရှို့

**ရေစကြို၊ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် လောင်ရှည်ကျေးရွာတွင် အောက်တိုဘာလ ၄ ရက်နေ့က ကွာရှင်းထားသည့် ဇနီးကို ပြန်လည်ပေါင်းသင်းလို၍ ပြောဆိုရာမှ စကားများရန်ဖြစ်ပြီး သမက်က ယောက္ခမကို ဓာတ်ဆီပက်မီးရှို့ခဲ့ကြောင်း ယင်းမြို့နယ်ရဲစခန်းထံမှ သိရသည်။

မီးရှို့သူဟု တိုင်ကြားခံရသူမှာ ရေစကြိုမြို့နယ် လောင်ရှည်ကျေးရွာတွင် နေထိုင်ပြီး အသက် ၄၇ နှစ်အရွယ် ဦးဝင်းချိုဖြစ်ကာ စက်တင်ဘာလ ၁၉ ရက်နေ့က ကွာရှင်းပြတ်စဲထားသည့် ဇနီးကို ပြန်လည်ပေါင်းသင်းနေထိုင်ရန် တစ်ရွာတည်းနေ ယောက္ခမအိမ်သို့ သွားရောက်ပြောဆိုရာတွင် မိခင်ဖြစ်သူက ပြန်ပေါင်းခွင့်မပြုသည့်အတွက် ဓာတ်ဆီနှင့် ပက်ကာ မီးရှို့ထွက်ပြေးခဲ့ကြောင်း ရေစကြိုမြို့နယ် ရဲစခန်း၏ ကနဦး စစ်ဆေးချက်များအရ သိရသည်။

ယင်းသို့ မီးရှို့ခံရခြင်းကြောင့် ဒေါ်တင်အေး အသက် ၆၅ နှစ်တွင် ဝဲယာလက်နှစ်ဖက်စလုံးနှင့် ဝဲယာပေါင်နှင့် ရင်ဘတ်တို့တွင် မီးလောင် ဒဏ်ရာရရှိကာ မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြောင်း အမှုစစ်ရဲအရာရှိက ပြောဆိုသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဦးဝင်းချိုကို(ပ)၉၄၁/၂၀၁၆ ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရ ရေစကြိုမြို့နယ် ရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း ယင်းရဲစခန်းထံမှ သိရသည်။ ■


**TRADEMARK CAUTION**

**Pen K Inter Trading Co., Ltd.**, a company registered under the laws of Thailand, of **No. 1000/63-64 16th Floor, P.B. Tower, Sukhumvit 71 Road, Klongton Nua, Wattana, Bangkok 10110 Thailand** is the Owner and Sole Proprietor of the following Trademark:-

MËX

**(Reg. No. 4/8865/2013)**

This trademark is used in respect of the following description of goods /services:

" Dishwashers in Class 7"

"Ovens, microwave ovens, gas hobs, portable gas cookers, gas cookers with ovens, electric hobs, induction hobs, cooker hoods, refrigerators, coffee machines, sinks, kitchen sinks, taps, shower faucets, shower faucets with hosepipe, shower heads and shower head hangers, gas water heaters, electric water heaters, solar water heaters, water heaters, drainage system, water purifier, air ventilation ducts, air ventilation filters, gas pressure regulators in Class 11"

Any fraudulent imitation or unauthorized use of the said trademark or other infringements whatsoever will be dealt with according to law.

**For Pen K Inter Trading Co., Ltd.**
Daw Khin Khin Zaw, LL.B, LL.M, Advocate
**LawPlus Myanmar Ltd.**
Room 517, Yangon International Hotel
No. 330, Corner of Ahlone and Pyay Roads,
Dagon Township, Yangon, Myanmar
khinkhinzaw@lawplusltd.com
Phone: +95 9 43064833 Dated: 7th October 2016



အောင်ပြည့်စုံ
မြို့တွင်း/နယ်ဝေးများအတွက်
09-421041338,
09-73224763,09-250095114



ထိုင်းဝမ် (၆ရက်)
စင်္ကာပူ-မလေးရှား(၇ရက်)
ဗန်ကောက်-ချင်းမိုင်(၆ရက်)
ကမ္ဘောဒီးယား-လာအို(၆ရက်)
ကမ္ဘောဒီးယား-ဗီယက်နမ်(၆ရက်)
ဗန်ကောက်-ကမ္ဘောဒီးယား(၄ရက်)
ဗီယက်နမ်(၅ရက်)
မလေးရှား(၃ရက်)
စင်္ကာပူ(၄ရက်)
ဘာလီ(၄ရက်)

# MANDALAY VOICE



ဓာတ်ပုံ-အောင်ဖြိုး

မန္တလေးမြို့ မီးဘေးသင့်မင်္ဂလာဈေးကြီးကို အောက်တိုဘာလ ၆ ရက်နေ့ကတွေ့ရစဉ်။

## မီးဘေးသင့်မင်္ဂလာဈေးကိုဖြိုဖျက်ရန် ယခုလကုန်ပိုင်းအတွင်း အပြီးသတ်ညှိနှိုင်းမည်

**မန္တလေး၊ အောက်တိုဘာ ၆**

မီးဘေးသင့် မင်္ဂလာဈေးကို ဖြိုဖျက်ရန် တင်ဒါခေါ်ယူခဲ့ရာ ကုမ္ပဏီများက ပေးသောနှုန်းနှင့် မြို့တော်စည်ပင်က သတ်မှတ်ထားသော နှုန်းထားမကိုက်ညီ၍ ကြန့်ကြာနေမှုကို အောက်တိုဘာလကုန်ပိုင်းအတွင်း အပြီးသတ် ဆောင်ရွက်နိုင်ရန် ညှိနှိုင်းမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကုမ္ပဏီများက တင်ဒါကြေး ကျပ်သိန်း ၁၇၀၀ သာ အမြင့်ဆုံးပေးခဲ့ပြီး မြို့တော်စည်ပင်က သတ်မှတ်ထားသည့် ကြမ်းခင်းဈေးမှာ အနိမ့်ဆုံး ကျပ်သိန်း ၂၀၀၀ ကျော်ရှိကြောင်း၊ ယခင်ကစည်ပင်နှင့် ပူးတွဲလုပ်ကိုင်ဖူးသည့် ကုမ္ပဏီသုံးခုက ဝင်ရောက်စစ်ဆေးခွင့် တောင်းခဲ့သောကြောင့် ဈေးနှုန်းညှိနှိုင်းနိုင်ရန် ပြန်လည်တွက်ချက်နေကြောင်း စည်ပင်သာယာဌာန ဈေးနှင့်အဆောက်အအုံဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“အဖွဲ့သုံးဖွဲ့က ဘယ်လောက်နဲ့ရနိုင်မလဲ ဘယ်လောက်တိုးပေးမလဲ ဝင်ကြည့်တဲ့သဘောပါ။ နှစ်ဖွဲ့ကတော့ စိတ်ဝင်စားတယ်” ဟု ၎င်းကဆိုသည်။

ယခုရက်ပိုင်းအတွင်း မီးဘေးသင့် မင်္ဂလာဈေးကို ဝင်ရောက်စစ်ဆေးနေသည့် ကုမ္ပဏီသုံးခုမှာ မန္တလေးအခြေစိုက် ကုမ္ပဏီများဖြစ်ပြီး နှစ်ဦးနှစ်ဖက် အဆင်ပြေစေရေးအတွက် ညှိနှိုင်းဆောင်ရွက်မည်ဟု အဆိုပါ တာဝန်ရှိသူက ရှင်းပြသည်။

မီးဘေးသင့် မင်္ဂလာဈေးကို ဖြိုဖျက်ခွင့်အတွက် စိတ်ဝင်စားသည့်အဖွဲ့များမှာ ၇၈ လမ်း၊ ၃၈ လမ်းထောင့်ရှိ ၇၈ ရွှေပင်းစင်တာကို ဖြိုဖျက်ခဲ့သည့် အဖွဲ့နှင့် ရတနာပုံဈေးမီးလောင်ပြီးနောက် ဖြိုဖျက်ခဲ့သည့်အဖွဲ့တို့ဖြစ်ကြောင်း အဆိုပါကော်မတီထံမှ သိရသည်။

မင်္ဂလာဈေးဖြိုဖျက်ရန် ဇူလိုင်လ ၁ ရက်နေ့ကစ၍ တင်ဒါခေါ်ယူခဲ့ရာ လျှောက်လွှာဝယ်ယူသူ ၂၀၀ ကျော်ရှိခဲ့ပြီး လုပ်ကိုင်ခွင့် လျှောက်ထားသည့် ကုမ္ပဏီ ၂၂ ခုသာရှိခဲ့ကြောင်း၊ ယင်းတို့အနက် အမြင့်ဆုံးဈေး ကျပ်သိန်း ၁၇၀၀ ထိပေးသူ ခုနစ်ဦးသာရှိကြောင်း၊ ကုမ္ပဏီအများစုမှာ ရန်ကုန်နှင့် အခြားမြို့အခြေစိုက် ကုမ္ပဏီများဖြစ်ကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။ ■

## လျှောင်လှိုင်းတိုင်းတာသည့်စက် အလုံး ၃၀ ခန့် သက်ရှင်ပြတ်ရွှေ့များအနီးတွင် တပ်ဆင်မည်

**မန္တလေး၊ အောက်တိုဘာ ၆**

မြန်မာနိုင်ငံအတွင်းရှိ သက်ရှင်ပြတ်ရွှေ့များ၏အနီးတစ်ဝိုက်တွင် မြေလျှင်လှိုင်းတိုင်းတာသည့်စက် အလုံး ၃၀ ခန့် တပ်ဆင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မြေလျှင်ကော်မတီထံမှ သိရသည်။

“စက်တွေတပ်လိုက်ခြင်းအားဖြင့် ဖြစ်ပေါ်လာတဲ့လျှင်လှိုင်းကို သိရမှာပေါ့။ လျှင်လာတဲ့ အရင်းအမြစ်ကိုသိမယ်။ နေရာ အတိအကျသိမယ်။ ဘယ်ပြတ်ရွှေ့ကဖြစ်နိုင်သလဲ၊ လှုပ်တဲ့အနက်၊ သူ့ရဲ့ဗဟိုချက်နေရာတွေကို ကွန်ရက်ပုံသဏ္ဌာန်နဲ့ သိလာမယ်။ တိတိကျကျ အသေးစိတ်သိလာမယ်” ဟု မြန်မာနိုင်ငံ မြေလျှင်ကော်မတီအတွင်းရေးမှူး ဦးသူရအောင်က ပြောကြားသည်။

ယင်းစက်များကို စင်ကာပူနိုင်ငံ နည်းပညာတက္ကသိုလ်လက်အောက်ရှိ မြေကမ္ဘာလေ့လာရေးအဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံ မြေလျှင်ကော်မတီတို့ ပူးပေါင်းတပ်ဆင်မည်ဟု ၎င်းကဆိုသည်။

လက်ရှိတွင် ယင်းစက်များ တပ်ဆင်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU) ထိုးထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ မြေလျှင် ကော်မတီထံမှ သိရသည်။

“တပ်ဆင်မယ့်နေရာတွေကတော့ နေရာအနှံ့ပေါ့။ ဝေးလံခေါင်ဖျားနဲ့ သွားရလာရခက်ခဲတဲ့ နေရာတွေကလွဲရင်ပေါ့။ အဓိက ကတော့ သက်ရှင်ပြတ်ရွှေ့တွေရဲ့ အနီးအနားပတ်ဝန်းကျင်နဲ့ ပြတ်ရွှေ့ရဲ့ လှုပ်နိုင်တဲ့ လျှင်လှိုင်းအကွာအဝေးတွေမှာ တပ်ဆင်မှာ ဖြစ်တယ်။ မြန်မာနိုင်ငံမှာရှိတဲ့ သက်ရှင်ပြတ်ရွှေ့တွေကတော့ လောလောဆယ် အတိအကျပြောလို့မရဘူး။ အနည်းဆုံးခြောက်ခုကနေ ခုနစ်ခုထိရှိနိုင်တယ်။ ဒီထက်လည်း များနိုင်တယ်” ဟု ဦးသူရအောင်က ရှင်းပြသည်။

မြေလျှင်လှိုင်း တိုင်းတာရေးစက်များကို ဒီဇင်ဘာလကုန် သို့မဟုတ် ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း တပ်ဆင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

လက်ရှိတွင် စစ်ကိုင်းပြတ်ရွှေ့၏ အရှေ့အနောက်ကိုဖြတ်၍ ရွှေ့နှုန်းတိုင်းတာသည့် GPS စက်ရှစ်လုံးကို ၂၀၁၂ ခုနှစ်အတွင်းက တပ်ဆင်ထားပြီး ယင်းစက်ရှစ်လုံးကို စစ်ကိုင်းပြတ်ရွှေ့၏ မြောက်ဘက်ပိုင်းတွင် ထပ်မံတပ်ဆင်ရန် မြန်မာနိုင်ငံမြေလျှင်ကော်မတီက လုပ်ဆောင်နေသည်။

စစ်ကိုင်းပြတ်ရွှေ့တစ်လျှောက်တွင်ရှိနေသော နေပြည်တော်နှင့် မန္တလေးမြို့အပါအဝင် မြို့ကြီးကိုးခုခန့်၌ အင်အားပြင်းထန်သောလျှင် လှုပ်ခတ်ပါက ဘေးအန္တရာယ်ကြီးမားစွာ ကျရောက်နိုင်ကြောင်း မြန်မာနိုင်ငံမြေလျှင်ကော်မတီက စက်တင်ဘာလ ၂၄ ရက်နေ့တွင် သတင်းထုတ်ပြန်ထားသည်။ ■

# NEWS IN BRIEF

## မန္တလေးဆေးရုံကြီးသို့ ပိုင်ရှင်မဲ့လူနာရောက်ရှိမှု နှစ်စဉ်မြင့်တက်

**မန္တလေး၊ အောက်တိုဘာ ၆**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိလာသည့် ပိုင်ရှင်မဲ့လူနာများမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း ယင်းဆေးရုံကြီးထံမှ သိရသည်။

ဆေးရုံကြီးသို့ ရောက်ရှိလာသည့် ပိုင်ရှင်မဲ့လူနာများမှာ ၂၀၁၄ ခုနှစ်တွင် ၄၂ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၅၉ ဦးနှင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလဆန်းအထိ ၅၄ ဦးရောက်ရှိလာကြောင်း အဆိုပါဆေးရုံကြီး၏ မှတ်တမ်းများအရ သိရသည်။

“မိသားစုဘဝတွေ စားဝတ်နေရေးကြောင့်လို့ယူဆတယ်။ တချို့တော့လည်း တခြားမြို့ ရွာတွေကနေ တစ်ဦးတည်း စီးပွားလာရှာတယ်။ သူ့မိသားစုနဲ့ အဆက်အသွယ်မရှိတော့ဘူး။ ဒါမျိုးတွေကြောင့်လည်းပါမယ်။ သည်းမခံနိုင်လောက်အောင် အရက်သေစာသောက်စားကြတဲ့အတွက် စွန့်ပစ်တာတွေလည်းရှိတယ်။ ဒါကြောင့်နှစ်စဉ် မြင့်တက်လာတာလို့ထင်တယ်” ဟု မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီး ဆေးနှင့်လူမှုဆက်ဆံရေးအရာရှိ ဦးမင်းလွင်က ပြောကြားသည်။

ယင်းသို့ရောက်ရှိလာသည့် လူနာများကို ကုသရေးပိုင်းဆိုင်ရာများနှင့် စားသောက်ရေးအတွက်စီစဉ်ပေးခြင်း၊ အဝတ်အထည် ထောက်ပံ့ပေးခြင်းတို့အပြင် လူနာလိုအပ်ချက်ပေါ်မူတည်၍ လူနာစောင့်များ ထားရှိပေးခြင်းအပါအဝင် မိသားစုဝင်များနှင့် ဆက်သွယ်ပေး၍ နေရပ်ပြန်နိုင်အောင် ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးနေကြောင်း ၎င်းကရှင်းပြသည်။

## အင်းခရူ ဓမ္မစကူးလ် အာစရိယပူဇော်ပွဲ ပြုလုပ်မည်

**မန္တလေး၊ အောက်တိုဘာ ၆**

မန္တလေးမြို့တော်အခြေစိုက် အမှတ် (၁) အင်းခရုတောရရိပ်သာ ဓမ္မစကူးလ်ကျောင်းသား၊ ကျောင်းသူများ၏ မီးထွန်းပွဲတော်နှင့် အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၁၆ ရက် (သီတင်းကျွတ်လပြည့်) နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း အဆိုပါပူဇော်ပွဲဖြစ်မြောက်ရေး စီစဉ်သူများထံမှ သိရသည်။

ဓမ္မစကူးလ် ကျောင်းသား၊ ကျောင်းသူများက ယင်းနေ့တွင် ဓမ္မစကူးလ်ဆရာ၊ ဆရာမကိုးဦးတို့ကို ပူဇော်ခြင်း၊ ကလေးငယ်များက ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ခြင်းနှင့် ညနေပိုင်းတွင် အင်းခရုစေတီတော်ကြီး၌ ဆီမီးထွန်းညှိ ပူဇော်ခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါ အင်းခရုဓမ္မစကူးလ် သင်တန်းတာဝန်ခံဆရာမ ဒေါ်နန်းသူဇာသန်းက ပြောကြားသည်။

အာစရိယပူဇော်ပွဲသို့ ကလေးငယ်များ၏ မိဘများနှင့် အုပ်ထိန်းသူများလည်း တက်ရောက်နိုင်ပြီး အလှူငွေများ ထည့်ဝင်လိုပါက ဖုန်း ၀၉- ၂၅၀၀ ၄၆ ၃၆၅ ထံ ဆက်သွယ်နိုင်ကြောင်းနှင့် အခမ်းအနားကို အဆိုပါနေ့ ညနေ ၄ နာရီမှ ၆ နာရီအထိ အမှတ်(၁) အင်းခရုဓမ္မစကူးလ်ကျောင်း၊ အင်းခရုတောရရိပ်သာ ပြည်ကြီးတံခွန်မြို့နယ်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ယင်းအခမ်းအနားအစီအစဉ်အရ သိရသည်။

## မန္တလေးကျုံးအနောက်ဘက် လှေပြိုင်ပွဲ နှစ်ရက်အတွင်း လမ်း ၈၀ ကို ခေတ္တပိတ်ထားမည်

**မန္တလေး၊ အောက်တိုဘာ ၆**

နှစ်ပေါင်း ၃၀ ကျော်ကြာကာလအတွင်း ပထမဆုံးအကြိမ် ပြန်လည်ကျင်းပမည့် လှေပြိုင်ပွဲနှစ်ရက်အတွင်း မန္တလေးကျုံး အနောက်ဘက်ခြမ်းရှိ လမ်း ၈၀ ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း အဆိုပါလှေပြိုင်ပွဲ ကျင်းပရေးကော်မတီထံမှ သိရသည်။

အောက်တိုဘာလ ၈ ရက်နေ့မှ ၉ ရက်နေ့ထိပြုလုပ်မည့် ယင်းပြိုင်ပွဲတွင် နာမည်ကျော် အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများလည်း ပါဝင်မည်ဖြစ်ရာ ကြည့်ရှုသူများကြောင့် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားနိုင်သဖြင့် ၂၆ လမ်းမှ ၁၂ လမ်းသို့သွားသည့်လမ်းကို တစ်လမ်းမောင်း စနစ်ဖြင့်ထားရှိမည်ဖြစ်ကြောင်းလည်း အဆိုပါကော်မတီအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းလှေပြိုင်ပွဲအတွက် တိုင်းနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်ကစားသမား အမျိုးသား၊ အမျိုးသမီး ၂၀၀ ကျော် စာရင်းပေးသွင်းထားပြီး အသင်းပေါင်း ၁၁ သင်း ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း အဆိုပါပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။ ■

# မိုးမိတ်တွင် တရားမဝင်သစ်စက်နှင့် ပိုင်ရှင်မဲ့သစ်များ ဖမ်းမိ

**သပိတ်ကျင်း၊ အောက်တိုဘာ ၆**

မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် တွင်းငယ်တိုက်နယ် ကျောက်ဖြူကျေးရွာ၏အရှေ့မြောက်ဘက်နှင့် ရှမ်းပြည်နယ် မိုးမိတ်မြို့အကြားရှိ သစ်ရာပင်ပြန့်စခန်း အနီးတွင် အောက်တိုဘာလ ၅ ရက်နေ့က တရားမဝင်သစ်စက်နှင့် ပိုင်ရှင်မဲ့သစ်များ သိမ်းဆည်းရမိကြောင်း မိုးမိတ်မြို့နယ် သစ်တောဦးစီးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် နယ်စပ်အကြားရှိ သစ်တောများအတွင်း တရားမဝင်သစ်စက်များ တည်၍ သစ်ခိုးထုတ်လုပ်နေကြောင်း သတင်းရရှိသဖြင့် သက်ဆိုင်ရာမြို့နယ်နှစ်ခုမှ သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် သပိတ်ကျင်းမြို့နယ် ရဲတပ်ဖွဲ့တို့ ပူးပေါင်းရှာဖွေ ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်ဟု ၎င်းကဆိုသည်။

“ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့တာက တရုတ်အင်ဂျင်စက်တစ်လုံး၊ ချိန်းဆောတစ်ခုနဲ့ ၁၂ ဒသမ ၁၄၆ တန်ရှိတဲ့ အင်ကြင်းသစ်လုံး ၄၀၊ အင်ကြင်း ခွဲသားက တစ်တန်ကျော် ဖမ်းမိခဲ့တာ” ဟု ၎င်းကရှင်းပြသည်။

သပိတ်ကျင်းနှင့် မိုးမိတ်မြို့နယ်နိမိတ်အကြားရှိ သစ်တောများမှ သစ်ပင်များကိုခုတ်လှဲကာ သစ်စက်ကြီးများဖြင့် ခွဲစိတ်၍ ရရှိလာသော သစ်ခွဲသားများကို နယ်မြေဒေသအသီးသီးနှင့် တရုတ်နိုင်ငံသို့ ပို့ဆောင်လျက်ရှိကြောင်း၊ ကျေးရွာဒေသခံ လုပ်ငန်းရှင်များ အပါအဝင် ၇ မိုင် ကျေးရွာမှ လုပ်ငန်းရှင်နှစ်ဦးနှင့် စပ္ပါနဂိုရ်ကျေးရွာမှ လုပ်ငန်းရှင်တစ်ဦး လုပ်ကိုင်နေသော်လည်း သစ်မှောင်ခိုလုပ်ငန်းရှင်များ လွတ်မြောက်နေဆဲဖြစ်ကြောင်း ဒေသခံများအဆိုအရ သိရသည်။

“စပ္ပါနဂိုရ်၊ ပေါက်တပင်၊ ကြာညှပ်၊ တကောင်း၊ အင်းနက်မိုင်း၊ ဒိုင်းရေညှာ၊ ဦးတောင်လယ်နဲ့ အခု ကျောက်ဖြူကျေးရွာ အရှေ့မြောက်ဘက် သစ်ရာပင်ပြန့်တို့မှာ သစ်စက်တွေထောင်ပြီး ခိုးလုပ်နေပါတယ်။ သစ်တောဌာနက ထိထိရောက်ရောက် ဖမ်းဆီးတာမရှိပါဘူး” ဟု တောင်လယ် ကျေးရွာဒေသခံ တစ်ဦးက ပြောကြားသည်။

ယင်းသို့ အလွန်အကျွံခုတ်လှဲနေသောကြောင့် သဘာဝပတ်ဝန်းကျင် ပျက်ဆီးကာ ၂၀၁၅ ခုနှစ် ဩဂုတ်လက တောင်လယ်ကျေးရွာအတွင်းသို့ တောင်ကျချောင်းရေများ တစ်ရှိန်ထိုးကျဆင်းလာကာ လူရှစ်ဦးသေဆုံးခဲ့ပြီး နေအိမ်အများအပြား ပျက်စီးခဲ့ဖူးသည်ဟု ၎င်းကဆိုသည်။



ဓာတ်ပုံ-တင်ဇော်ဦး

**မိုးမိတ်မြို့နယ် ကျောက်မောကျေးရွာအနောက်ဘက် သစ်ရာပင်ပြန့်စခန်းအနီး ဖမ်းဆီးရမိသော တရားမဝင်သစ်စက်နှင့် သစ်ခွဲသားများကိုတွေ့ရစဉ်**

“ဓာတ်ပုံနဲ့တကွ နေရာတိတိကျကျပြောထားတာကို ဒီနေ့(အောက်တိုဘာ ၅ ရက်နေ့) ဝင်ဖမ်းတော့ သစ်ခုတ်သူတွေကို မိအောင်မဖမ်းနိုင်ဘူး။ ဆိုတော့ စဉ်းစားစရာပေါ့ဗျာ။ တိတိကျကျတင်ပြတိုင်ကြားလို့ရှိရင် ဖမ်းဆီးအရေးယူပေးမယ် ပြောတယ်။ တိုင်စာပို့ပြီး တိုင်ကြားတော့လည်း သတင်းပေါက်ကြားတာပဲရှိတယ်။ သစ်မှောင်ခိုလုပ်ငန်းရှင်တွေကိုတော့ ဖမ်းမမိဘူး” ဟု ၎င်းကရှင်းပြသည်။

မြို့နယ်သစ်တောဦးစီးဌာနအနေနှင့် သစ်မှောင်ခိုပြုလုပ်နေသူများကို ထိထိရောက်ရောက် ဖမ်းဆီးအရေးယူဆောင်ရွက်ရန်လိုကြောင်း၊ ယခုကဲ့သို့ လွတ်မြောက်နေခြင်းမှာ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် အရပ်ဘက်အဖွဲ့အစည်းများအပြင် သတင်းမီဒီယာများ ပါဝင်ခွင့်မရရှိခြင်းကြောင့် လွတ်မြောက်နေခြင်းဖြစ်သည်ဟု တွင်းငယ်ကျေးရွာဒေသခံ ဦးထွန်းဟိန်းက ပြောကြားသည်။

“တွင်းငယ်လမ်းဆုံဘက်ကနေ ညညဆိုရင် တရားမဝင်သစ်ခိုးထုတ်တဲ့ကားတွေ ဆင်းပါတယ်။ သစ်စက်တွေနဲ့ သစ်မှောင်ခိုတွေကို အစိုးရသစ်က ကြပ်ကြပ်မတ်မတ်ဖမ်းမယ်ဆိုရင် မိပါတယ်” ဟု တွင်းငယ်ကျေးရွာ အမည်မဖော်လိုသည့် ဒေသခံတစ်ဦးက ဖြည့်စွက် ပြောဆိုသည်။

တရားမဝင်သစ်စက်များနှင့် သစ်မှောင်ခိုထုတ်လုပ်မှုများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန် သက်ဆိုင်ရာနယ်မြေ သစ်တောဦးစီးဌာန အရာရှိများအပါအဝင် သစ်တောဝန်ထမ်း၊ ဘိနယ်တာဝန်ခံများကို ညွှန်ကြားထားကြောင်း မန္တလေးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ■

# ခန္တီးဒေသခံများ အလုပ်အကိုင်အဆင်ပြေစေရေး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အကြံပြုစာပို့မည်

**မန္တလေး၊ အောက်တိုဘာ ၆**

အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက ခန္တီး ရတနာနယ်မြေမှ ဒေသခံပြည်သူများ အလုပ်အကိုင် အဆင်ပြေစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အကြံပြုစာပေးပို့မည် ဖြစ်ကြောင်း ယင်းကော်မတီထံမှ သိရသည်။

“သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအနေနဲ့လည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ အကြံပြုစာ တင်ထားတယ်။ ဒါကို စစ်ကိုင်းတိုင်းဝန်ကြီးချုပ်ဆီကိုလည်း အကြံပြုစာထပ်ပို့မယ်” ဟု ယင်းအရေးဆောင်ရွက်နေသော ခန္တီးမြို့နယ် မဲဆန္ဒနယ် ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းစိန်က ပြောကြားသည်။

သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီအနေနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဒေသခံပြည်သူများ၏အကျိုးစီးပွားအတွက် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပြီးဖြစ်ရာ ယင်းဥပဒေအတည်မပြုမီ ကြားကာလ၌ ခန္တီးဒေသခံများ စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေစေရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ လုပ်ကိုင်နေခြင်းကို ဖြေလျှော့ပေးစေလိုကြောင်း၊ သို့မှသာဒေသတွင်း မလိုလားအပ်သောပြဿနာများ မဖြစ်ပွားနိုင်ဘဲ ပြည်သူများအား ကူညီစောင့်ရှောက်ရာရောက်မည်ဖြစ်ကြောင်း ယင်းကော်မတီက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့ထားသောစာအရ သိရသည်။

ဒေသခံတိုင်းရင်းသားများနှင့် အခြေခံလူတန်းစားများသည် ကုမ္ပဏီမှ စွန့်ပစ်သော မြေစာပုံများတွင် ကျောက်စိမ်းရိုင်းများရှာဖွေ၍ လုပ်ကိုင်စားသောက်နေရကြောင်း၊ ဖမ်းဆီးအရေးယူခြင်းများကြောင့် ဒေသခံများစားဝတ်နေရေး အခက်အခဲ ဖြစ်နေရကြောင်းလည်း ဖော်ပြထားသည်။

ခန္တီးမြို့နယ် နမ့်စီပွန်ဒေသ၌ ရေမဆေးကျောက်ရှာဖွေသူများနှင့် ကျောက်မျက်လုပ်ငန်း လုပ်ကိုင်နေသူများအနက် ခုနစ်ဦးကို တရားမဝင် ကျောက်မျက်ကိုင်ဆောင်မှုဖြင့် စက်တင်ဘာလ ၁၇ ရက်နေ့က ဖမ်းဆီးခဲ့ပြီး ကျောက်မျက်ဥပဒေ ၄၂ (က) ဖြင့် ခန္တီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

ယင်းသို့ ဖမ်းဆီးခြင်းနှင့် ပတ်သက်၍ ခန္တီးမြို့ခံများနှင့် နန့်စီပွန်ဒေသခံများက ရေမဆေးကျောက်ရှာသူများ ပြဿနာ ဖြေရှင်းပေးရေး၊ ခန္တီးတွင် တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်ခွင့်ရရှိရေး၊ နည်းလမ်းမကျ မတရားဖမ်းဆီးထားသော ကျောက်သမားများ ပြန်လွှတ်ပေးရေးအပါအဝင် တောင်းဆိုချက်ခြောက်ချက်ဖြင့် စက်တင်ဘာလ ၂၆ ရက်နေ့က ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ■

# တရုတ်သို့လှူဒါန်းမည့် C-47 လေယာဉ် မန္တလေးလေဆိပ်၌ အောက်တိုဘာ ၈ ရက်နေ့ ဆင်းသက်မည်

**မန္တလေး၊ အောက်တိုဘာ ၆**

ဒုတိယကမ္ဘာစစ်အတွင်းအသုံးပြုခဲ့သည့် သမိုင်းဝင်လေယာဉ်တစ်စင်းဖြစ်သော C 47 လေယာဉ်ကို အမေရိကန်ပြည်ထောင်စုက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွေ့လင်မြို့ (Guilin) ရှိ ကျားပျံအမွေအနှစ်ပြတိုက် (Flying Tiger Heritage Museum) သို့ လှူဒါန်းမည်ဖြစ်ရာ ယင်းလေယာဉ်သည် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အောက်တိုဘာလ ၈ ရက်နေ့တွင် ဆင်းသက်ရပ်နားမည်ဖြစ်ကြောင်း မန္တလေးဂျက်ဖာဆန်စင်တာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခင်က ဩဂုတ် ၂၀ ရက်နေ့တွင် ဆင်းသက်ရန်စီစဉ်ထားသော်လည်း အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း C 47 လေယာဉ်သည် အင်ဂျင်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုများဖြစ်ပေါ်ခဲ့၍ အနည်းငယ်နှောင့်နှေးခဲ့ရကြောင်း၊ အဆိုပါလေယာဉ်သည် မန္တလေးလေဆိပ်မှတစ်ဆင့် ခရီးစဉ်အတိုင်း ဆက်လက်ပျံသန်းမောင်းနှင်မည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သည့် အမေရိကန်နိုင်ငံထုတ် C 47 တိုက်လေယာဉ်တစ်စင်း တရုတ်နိုင်ငံ ကွေ့လင်ပြတိုက်သို့ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ မန္တလေးမြို့ရှိ ဂျက်ဖာဆန်စင်တာ၌ အောက်တိုဘာလ ၈ ရက်နေ့ မွန်းလွဲ ၃ နာရီတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်ဖြစ်ကြောင်း ယင်းစင်တာထံမှ သိရသည်။

ဒုတိယကမ္ဘာစစ်အတွင်းက စစ်အောင်နိုင်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများအတွက် ကြိုးစားအားထုတ်ခဲ့သည့် လူပုဂ္ဂိုလ်များကိုတရုတ်နိုင်ငံကွေ့လင်ပြတိုက်တွင် မှတ်တမ်းတင်ထားရှိကြောင်းလည်း ယင်းစင်တာထံမှ ထပ်မံသိရှိရသည်။ ■

ဖြန့်ချိရေးကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၃

# ကျိုင်းတုံတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းအရပ်ဘက်လူမှုအဖွဲ့များ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေး

**ကျိုင်းတုံ၊ အောက်တိုဘာ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ဟိုတယ်သစ်ကြီးတွင် အောက်တိုဘာလ ၆ ရက်နံနက် ၉ နာရီ ပြည်နယ် အခြေစိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်း အရပ်ဘက်အဖွဲ့အစည်း CSO များ စုပေါင်းကာ ပထမဆုံးအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က ပြောကြားသည်။

“တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာမှာ CSO တွေရဲ့အားက မရှိမဖြစ် အများကြီးလိုတယ်၊ အားနည်းတဲ့ CSO အဖွဲ့အစည်းတွေ ပိုအားကောင်းလာဖို့ ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးဖို့ လိုတယ်၊ ဒီဒေသမှာ အခြေစိုက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဆောင်နေတဲ့ နိုင်ငံတကာနဲ့ ပြည်တွင်းအခြေစိုက် လူမှုအဖွဲ့အစည်းတွေက ကိုယ်တာဝန်ယူ လုပ်ဆောင်နေတဲ့ လုပ်ငန်းတွေကို ညှိနှိုင်းဆွေးနွေးခြင်းအားဖြင့် ပိုမိုကောင်းမွန်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ရရှိလာပါမယ်” ဟု ၎င်းက ပြောဆိုသည်။

အဆိုပါလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာလ ၆ ရက်မှ ၇ ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး နိုင်ငံတကာ အဖွဲ့အစည်းသုံးခုအပါအဝင် ရှမ်းပြည်နယ်( အရှေ့ပိုင်း ) ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းရှစ်ခုနှင့် ဌာနဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ တက်ရောက် ဆွေးနွေးသူ ၅၀ ကျော်ရှိကြောင်း ယင်းဆွေးနွေးပွဲထံမှ သိရသည်။ ■

# အများပိုင်ယာဉ်လိုင်းယာဉ်များ CNG သာ အသုံးပြုမည်

**ရန်ကုန်၊ အောက်တိုဘာ ၆**

ပြည်သူများအတွက် နေ့စဉ်ခရီးသည်တင်ယာဉ် စီးနင်းမှုအနေနှင့် မျှတသည့်ယာဉ်စီးခဈေးနှုန်း ဖော်ဆောင်ရန် အများပိုင်ယာဉ်လိုင်းတွင် CNG ကိုသာ အသုံးပြုမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအများပြည်သူသယ်ယူ ပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

“အများပိုင်မှာ ပြေးဆွဲတဲ့အခါ CNG ယာဉ်နဲ့ပဲ ပြေးဆွဲနိုင်အောင် ကြိုးစားမှာဖြစ်တယ်။ CNG ဘာကြောင့်အသုံးပြုတာလဲဆိုရင် အများပြည်သူ သယ်ယူပို့ဆောင်ရေးကို ပြောင်းလဲတယ်။ဈေးနှုန်းအရ ဒီဇယ်တို့၊ ဓာတ်ဆီတို့ သုံးရင် စရိတ်ကြီးတဲ့အတွက် ယာဉ်စီးခမြင့်နိုင်တယ်” ဟု ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေး ကြီးကြပ် ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ဆိုသည်။

အောက်တိုဘာလ ၅ ရက်က မထသ မြို့တွင်း ကြီးကြပ်မှုကော်မတီရုံးချုပ်တွင် ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့နှင့် ယာဉ်ပိုင်ရှင်များ တွေ့ဆုံပွဲတွင် ၎င်းကပြောကြားခြင်းဖြစ်သည်။

CNG ကိုသာ အသုံးပြုနိုင်မည်ဆိုလျှင် အများပြည်သူတတ်နိုင်သော မျှတသည့် ဈေးနှုန်းဖြစ်လာရန် ဖော်ဆောင်နိုင်မည်ဖြစ်ပြီး နောင်ဝင်လာမည့် ကားများအနေနှင့် CNG ယာဉ်အမျိုးအစားကိုသာ တင်သွင်းစေရန် ရည်ရွယ်ခြင်း ဖြစ်ကြောင်း ဒေါက်တာမောင်အောင်က ပြောကြားသည်။

“CNG သုံးစွဲမှုက ပိုပြီးထိရောက်မှုရှိတယ်။ သုံးစွဲမှုပြန့်ကျဲနေတာကို တစ်စုတစ်စည်းတည်းလည်းဖြစ်စေချင်တယ်” ဟု ၎င်းက ဆိုသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေနှင့် CNG ကို ပိုမိုထုတ်လုပ်ပြီး မော်တော်ယာဉ်တစ်စီး၏ သုံးစွဲမှုအပိုင်းတွင် ဒီဇယ်နှင့် CNG နှစ်ခု စလုံးတွင် အားနည်းချက်၊ အားသာချက်များရှိကြောင်း အဆိုပါဝန်ကြီးဌာန မော်တော်ယာဉ်သုံးဓာတ်ငွေ့ဌာနထံမှ သိရသည်။

“စီအန်ဂျီက သဘာဝဓာတ်ငွေ့ဖြစ်တဲ့အတွက် ပတ်ဝန်းကျင်ညစ်နွမ်းမှု မရှိဘူး။ သို့သော် အန္တရာယ်ဖြစ်နိုင်ခြေများတယ်။ ဒီဇယ်က ပတ်ဝန်းကျင်ညစ်နွမ်းမှုဖြစ်တယ်” ဟု မော်တော်ယာဉ်သုံးဓာတ်ငွေ့ဌာန CNG အထွေထွေမန်နေဂျာ ဦးလှဝင်းဌေးက ဆိုသည်။

စီအန်ဂျီစနစ်တကျ သုံးစွဲနိုင်ရေးအတွက် မထသ (ဗဟို) ကော်မတီကြီးကြပ်မှုအောက်ရှိ ယာဉ်လိုင်းအသီးသီးမှ ခရီးသည်တင်ယာဉ်များအားလုံး မထသ ထောက်ခံချက်ဖြင့် စီအန်ဂျီ နေ့စဉ်ထုတ်ယူရသည့်စနစ်ကို ဇူလိုင်လ ၁ ရက်မှစတင်ဆောင်ရွက်ခဲ့သည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေနှင့် တစ်လလျှင် စီအန်ဂျီ ကုဗပေသန်း ၂၀ သုံးစွဲနေရပြီး စီအန်ဂျီ သုံးစွဲသည့်ယာဉ်မှာ ၂၀၀ လီတာနှင့် ၂၀၀ လီတာအထက် ၁၆ စီး၊ ၃၀၀ လီတာနှင့် ၃၀၀ လီတာအထက် ၂၂ စီး၊ ၄၀၀ လီတာနှင့် ၄၀၀ လီတာအထက် ၉၉၀ စီး၊ ၅၀၀ လီတာနှင့် ၅၀၀ လီတာအထက် ၆၅၆ စီးရှိကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု (ဗဟို)ကော်မတီထံမှ သိရသည်။ ■




## ကုသိုလ်လမ်းညွှန်

The Voice စာဖတ်ပရိသတ်တွေ ကုသိုလ်ပြုနိုင်ဖို့လမ်းညွှန်ပေးချင်တာကတော့ ကျန်းမာရေးအလှူပြုနိုင်ဖို့ပါ။ ချင်းပြည်နယ် မင်းတပ်မြို့နယ် ပိုင်ခွေးရွာမှာ နေထိုင်တဲ့ အသက် ၆ လအရွယ် ကလေးငယ်လေးက ခေါင်းနဲ့ခုံစောင်းစောင့်မိတာကို မန္တလေးဆေးရုံဟောင်းက ဆရာဝန်တွေ ကုသမှုပေးနေပေမယ့် သတိမေ့တာ ၁၅ ရက်တိုင်ရှိပြီလို့ သိရပါတယ်။ ဆေးရုံက ဆေးအခမဲ့ပေးပေမယ့် ဈေးကြီးတဲ့ အရေးပေါ်ဆေးတွေကတော့ အပြင်ဆေးဆိုင်က ဝယ်နေရတာပါ။ မိဘတွေက ငွေကြေးခက်ခဲနေတာမို့ အလှူရှင်လိုအပ်နေတယ်လို့ သိရပါတယ်။ အသေးစိတ် သိလို ဆက်သွယ်လှူဒါန်းလိုတယ်ဆိုရင် One To One ပြည်သူ့ကူညီရေးအဖွဲ့ ကိုဝမ်း ဖုန်း ၀၉ ၄၅၆၅၆၇၈၇၈ ၊ မောင်လူပျော် ၀၉ ၄၀ ၂၅၇၇၁၄၃ ကို ဆက်သွယ်နိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### ၈၀ ရာခိုင်နှုန်းအထိ လျှော့ဈေးနဲ့ရောင်းပေးမယ့် Pandora ဈေးရောင်းပွဲ

သီတင်းကျွတ်ပွဲတော်မှာ လူကြီးမိဘတွေကို ကန်တော့ဖို့ပဲဖြစ်ဖြစ်၊ ကိုယ်တိုင်ဝတ်ဖို့အတွက်ပဲဖြစ်ဖြစ် ပွဲထိုင်ဇာနဲ့ ပွဲတက်ပိတ်စတွေ ဝယ်ချင်သူတွေအတွက် Pandora ပွဲထိုင်ဇာနဲ့ ပွဲတက်ပိတ်စဆိုင်က ပြုလုပ်တဲ့ အထူးအစီအစဉ်ကို ညွှန်ပေးချင်တယ်။ ဆိုင်ဖွင့်ပွဲ ၂ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပွဲထိုင်ဇာအမျိုးမျိုး၊ ဘရိုကိတ်ဒီဇိုင်းအမျိုးမျိုး၊ မြန်မာ့လက်ရက်ကန်းချိတ်တွေ၊ ပိုးပုဆိုးတွေ၊ ဇင်းမယ်တွေနဲ့ တခြားပွဲတက်ပိတ်စတွေကို ၈၀ ရာခိုင်နှုန်းအထိ လျှော့ဈေးနဲ့ ရောင်းပေးသွားမယ်လို့ ဆိုပါတယ်။ အောက်တိုဘာလ ၈ ရက်နေ့ကနေ ၁၀ ရက်နေ့အထိ သုံးရက်တာ ရောင်းချပေးသွားမှာဖြစ်ပြီး သွားရောက်ဝယ်ချင်တယ်ဆိုရင် အမှတ် ၅၁၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မှာ သွားဝယ်နိုင်မှာပါ။ အသေးစိတ်သိလိုတယ်ဆိုရင် ဖုန်း ၀၁ ၅၄၆၁၅၀ ၊ ၅၄၉၉၆၆ ၊ ၀၉ ၂၆၃၆၆၃၅၀၀ ကို ဆက်သွယ်နိုင်ပါတယ်။ ■




ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂




ဒီနေ့လို နိုင်ငံရေးအပြောင်းအလဲကြီး ဖြစ်ချိန်မှာတော့ မျက်နှာပန်းလှတဲ့ မြန်မာကျောက်စိမ်းဈေးကွက်ကို တရုတ်လက်ထဲကနေ ကမ္ဘာ (အထူးသဖြင့် တရုတ်တွေ အတော်များများကြိုက်ပြီး အခြေချနေထိုင်ကြတဲ့ အမေရိကန်) အနှံ့ကို ကျောက်စိမ်းဈေးကွက် ခြေဆန့်ထွက်ပါတော့လို တိုက်တွန်းပါရစေ။ ဒီနေ့ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ NLD အစိုးရဟာ အမေရိကန်နဲ့ ကာလအတန်ကြာကြာ ဆက်ဆံရေးကို ပြန်စေ့နေတဲ့သတင်းတွေ သိလာရပါတယ်။ (၂၀၁၆ စက်တင်ဘာ ၂၀ ရက် MRTV သတင်းနဲ့ ၂၁ ရက် အစိုးရသတင်းတွေမှာ ဖော်ပြတဲ့သတင်းတွေအရ ကုန်သွယ်မှုနဲ့ အသေးစားရင်းနှီးမှုသတင်းတွေအရပေါ့) စီးပွားရေးပိတ်ဆို့မှု ဖွင့်လိုက်တာနဲ့ အမေရိကန်က ပိတ်ဆို့ခဲ့ထားရသူတွေရဲ့ (နိုင်ငံပိုင် ငွေပင်ငွေရင်းရဲ့ ၂၀ ရာခိုင်နှုန်းခန့်) လောက်ဟာ ပြည်သူတွေအတွက် အရင်းအနှီးဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။ အဲဒီအခါမှာ မြန်မာ့ကျောက်စိမ်းဈေးကွက်ဟာ တရုတ်တစ်လက်ထဲမှာ ထားရတဲ့ဘဝက လွတ်မြောက်မယ်လို့မျှော်လင့်မိပါတယ်။ အလားတူပဲ မြန်မာယဉ်ကျေးမှုတို့စုံရာ ရတနာပုံမှာလည်း တရားဝင်ရော မဝင်ရောရှိနေကြတဲ့တရုတ်တွေလည်း လျော့ပါးသွားနိုင်ဖွယ်ရှိမယ်လို့မျှော်လင့်ပါတယ်။

**မြန်မာနဲ့ကျောက်စိမ်း**

တရုတ်တို့က ကျောက်စိမ်းနဲ့ ကမ္ဘာကျော်နေပေမယ့် အရင်းအမြစ်က မြန်မာနိုင်ငံဖြစ်တယ်ဆိုတာတော့ ကမ္ဘာကသိဖို့ လိုမယ်ထင်ပါတယ်၊ မြန်မာတို့ မြို့တော်ဖြစ်ခဲ့တဲ့ ရန်ကုန်နဲ့ လက်ရှိမြို့တော် 'နေပြည်တော်' မှာ နှစ်စဉ် ကျောက်မျက်ဈေးပွဲတော်ကို ကျင်းပခဲ့ရာမှာ 'ကျောက်စိမ်း' ဟာ 'ရေပန်းအစားဆုံး' မြန်မာ့သယံဇာတ ဖြစ်နေပါတယ်။ ကုန်သည်တွေကလည်း တရုတ်တွေက အများစုဖြစ်ပါတယ်။ 'ကျောက်မျက်ရတနာဈေးကွက်' ကို နေပြည်တော်မှာ ခင်းလိုက်ရတာလည်း မြန်မာ့ကျောက်မျက်တွေ (ကျောက်စိမ်းအပါအဝင်) ကို ပြည်တွင်းမှာ လုံခြုံအောင် မထိန်းသိမ်းထားနိုင်ဘဲ မှောင်ခိုလမ်းကြောင်းက ဖောက်ထွက်ပြီး တရုတ်နိုင်ငံမှာ ရောင်းဝယ်ဖောက်ကားနေကြလို့ပါပဲ။ ဒီကိစ္စကို ဖားကန့်မှာ ကျောက်စိမ်းလုပ်နေကြသူတိုင်း သိကြပါတယ်။ အလွန်မျက်နှာပွင့်လှတဲ့ 'ကျောက်စိမ်း' ဆိုတဲ့ မြန်မာ့သယံဇာတကို အိမ်နီးချင်းတရုတ်နိုင်ငံနဲ့ စတင်မိတ်ဆက်ခဲ့တဲ့သမိုင်း အထင်အရှားရှိခဲ့ပါတယ်။ တရုတ်တို့နဲ့ မိတ်ဖက်ခဲ့တယ်။ မိတ်ပျက်ခဲ့ဖူးတယ်ဆိုတဲ့ သမိုင်းကြောင်းကိုလည်း ဖတ်ဖူးခဲ့ပါတယ်။ အဲဒီသမိုင်းကြောင်းကို ဖတ်မိတော့လည်း မန္တလေးရွှေမြို့တော်မှာ တရုတ်လူမျိုးတွေတိုးပွားလာတာ ဘာကြောင့်ဆိုတာကို သတိထားမိလာပါတယ်။ အဲ့သလိုသမိုင်းကြောင်းရှည်လျားခဲ့တဲ့ မြန်မာ့ကျောက်စိမ်းဟာ ဒီနေ့တော့ ကမ္ဘာမှာ 'သယံဇာတ မျက်နှာစာ' မှာ ထင်ရှားကျော်ကြားတဲ့ အလှရတနာတစ်ပါးဖြစ်နေတာကို ကမ္ဘာက သိလာနေတာကြာပါပြီ။ အဲသလို ကမ္ဘာမှာမျက်နှာပွင့်လာအောင် နည်းပညာသစ်တွေနဲ့ ထပ်ဆင့်အလှဆင်ပေးကြတဲ့ တရုတ်တို့ကြောင့်လည်း ဖြစ်ပါတယ်။

**လမ်းစရှာလာကြ**

သမိုင်းကြောင်းအရ ကျောက်စိမ်းနဲ့ တရုတ်လူမျိုးတို့ကို ခွဲခြားလို့မရသလို ဖြစ်နေတာကို သိလာရတော့မှ ကျောက်စိမ်းရဲ့ 'အရင်းအမြစ်' ဖြစ်တဲ့ မြန်မာတို့ အချုပ်အခြာနယ်မြေဟာ မြန်မာတိုင်းရင်းသားတို့လက်မှာ ပိုင်ပိုင်နိုင်နိုင် ခိုင်ခိုင်ရှိပါမှ ဖြစ်မယ်ဆိုတာ ကိုယ့်တိုင်းရင်းသားတွေကို သတိပြုစေချင်လာပါတယ်။ 'ကျောက်စိမ်း' ကို အကြောင်းပြုလို့ မြန်မာ့အချုပ်အခြာနယ်မြေကို တရုတ်စီးပွားရေးသမားတို့ မျက်စိကျခဲ့တယ်။ နောက် 'ကျောက်စိမ်း' သာမက အခြားသော အမျိုးအမည်မသိ သယံဇာတများစွာ ရှိနေတာကိုလည်း သတိထားမိခဲ့ကြဟန်တူပါတယ်၊ နယ်စပ်ချင်းကလည်း အလှမ်းမဝေးကြတော့ 'မြစ်ဆုံ' လို စီမံကိန်းတွေကို အကြောင်းပြုထိုးဖောက်ဝင်ရောက်လာကြတယ်။ မြစ်ဆုံကိုအကြောင်းပြုလို့ 'ကျွန်းသစ်' တွေအများကြီးပါသွားတယ်၊ ကျွန်းသစ်တရားခံတွေ ဖမ်းမိခဲ့တယ်။ နည်းလမ်းတစ်သွယ်နဲ့ ပြန်လွှတ်ပေးခဲ့ရတယ်။ ဒါက လူသိရှင်ကြား ဖြစ်သွားတာပါ။

**ကျောက်စိမ်းသမိုင်း**

မြစ်ဆုံစီမံကိန်း စတင်ခဲ့တဲ့နေ့ကစလို့ ရပ်ဆိုင်းလိုက်တဲ့နေ့အထိ ထုထည်ကြီးမားတဲ့ 'ကျွန်းသစ်' လိုမျိုးမဟုတ်တဲ့ ကျောက်စိမ်းလို အဖိုးတန်သယံဇာတတွေကို နေ့စဉ်နဲ့အမျှ ကားကြီးကားငယ်အသွယ်သွယ်နဲ့ ပေါ်တင်သယ်ထုတ်နေကြတဲ့အကြောင်း သတင်းတွေအနက် 'ကျွန်းသစ်' ကတော့ သက်သေအခိုင်အမာဖြစ်သွားပါပြီ။ ဒါပေမဲ့ ကျန်နေသေးတဲ့ တရုတ်ကြိုက်မြန်မာ့အဖိုးတန် သယံဇာတ 'ကျောက်စိမ်း' ကိုလည်း သတိထားစေလိုလို့ မြန်မာ့ရွှေမြို့တော် မန္တလေးကိုလည်း ကာကွယ်ရင်း ကျောက်စိမ်း သမိုင်းကို တူးဖော်ရေးပြတာပါခင်ဗျာ။

မြန်မာတို့ရဲ့ တွင်းထွက်ရတနာများနဲ့ ကျောက်စိမ်းဟာ ကမ္ဘာမှာ အကျော်ကြားဆုံးရတနာဖြစ်ပါတယ်၊ နိုင်ငံကိုလည်း အလွန်အကျိုးပေးပါတယ်၊ အဲသလိုကျော်ကြားတဲ့ ကျောက်စိမ်း (JADE) ဟာ မြန်မာနိုင်ငံရဲ့ မြောက်ဖျားမှာ လွန်ခဲ့တဲ့ ၁၃ ရာစုနှစ်လောက်ကတည်းက သဘာဝအလျောက်ပေါ်များစွာရှိနေခဲ့ပါတယ်။ မြန်မာနိုင်ငံဖြစ်ပေါ်တည်ရှိရာ ဗဟိုအာရှမှာ လွန်ခဲ့တဲ့နှစ်ပေါင်းမြောက်မြားစွာက ရှိခဲ့တယ်လို့ သမိုင်းတင်ထားတာ ရှိပါတယ်။ တောက်ပပြီး အဖြူနှစ်ရောင်ရှိတဲ့ ကျောက်တုံးတွေနဲ့ ဂေါဒန်ကျောက် (Common Quartz) သို့မဟုတ် အဖြူရောင်ကျောက်တစ်မျိုး (ဂေါဒန္တ) ကို တရုတ်လူမျိုးတွေက သူတို့ရဲ့ ယဉ်ကျေးမှု ယုံကြည်ရာအစွဲအလမ်းနဲ့ အင်မတန်တန်ဖိုးထားပြီး အဖိုးကြီးစွာ ငွေပေး ဝယ်ယူသုံးစွဲခဲ့ကြတယ်လို့ ဆိုပါတယ်။

**လမ်းဘေးက ကျောက်တုံး**

အဲဒီ 'ကျောက်ဖြူနှစ်' ဈေးကွက်ကို အသုံးချပြီး ကောက်ဖြူတုံးတွေနဲ့ ဓာတုဗေဒသဘော ကြေးသတ္တုရောလို့ မြေမှာ အတန်ကြာမြှုပ်နှံထားကာ အရောင်စိမ်းအောင် လုပ်လာကြတယ်လို့ ဆိုပါတယ်၊ အဲသလို သမိုင်းကြောင်းရှိတဲ့ကျောက်စိမ်းကို မြန်မာတို့ ရှာတွေ့ပုံကလည်း ပုံပြင်ဆန် ထူးခြားလှပါတယ်။ တရုတ်ပြည်ယူနန်နယ်က တရုတ်ကုန်သည်တစ်ဦးဟာ ကုန်သွယ်ပြီး မြန်မာနိုင်ငံကအပြန်မှာ ကုန်တင်လာတဲ့ 'ဝန်တင်လား' က တစ်ဖက်စောင်းပြီးလေးလံနေသတဲ့။ အဲဒီတော့ တရုတ်ကုန်သည်က ချောင်းနံဘေးက ကျောက်ခဲတွေကို ကောက်ယူပြီး ဝန်အလေးချိန်မျှအောင် ဝန်တင်လားရဲ့ တစ်ဖက်ကိုတင်ယူလာသတဲ့။ ကုသိုလ်ကံများကောင်းချင်တော့ လမ်းဘေးကကောက်တင်လာတဲ့ သူ့ကျောက်ခဲတွေဟာ အလွန်တန်ဖိုးကြီးတဲ့ 'ကျောက်စိမ်း' တွေ ဖြစ်နေပြီး သူလည်း ချမ်းသာသွားသတဲ့။ သူရလိုက်တဲ့ ကျောက်စိမ်းသဲလွန်စဟာ တရုတ်ကုန်သည်လောကကမှာ ပြန့်ထွက်သွားပြီး မြန်မာနိုင်ငံမြောက်ဖျားကို ကျောက်စိမ်းရှာဖို့ တရုတ်လူမျိုးတွေ အများအပြား ရောက်လာကြသတဲ့။

**ရှာပြန်တော့ မတွေ့**

ဒါပေမဲ့ ဘာကျောက်တုံးမှမတွေ့ကြဘဲ ငှက်ဖျားရောဂါ ပြင်းထန်တဲ့ရာသီဥတုနဲ့ ကြုံတွေ့ကြရတယ်။ ဒေသခံတိုင်းရင်းသားတွေဆီမှာလည်း ဘာသဲလွန်စမှ မရကြဘူး။ တရုတ်ကုန်သည်တွေဟာ လက်မလျှော့ဘဲ အခါခါပြန်လာပြီး ကျောက်စိမ်းရှာကြတယ်။ အဲဒါကို ဒေသခံတိုင်းရင်းသားတွေက မကြိုက်ကြဘူး။ လာကြတဲ့ တရုတ်ကျောက်ရှာဖွေသူများလည်း သေကျေကြတယ်လို့ ဆိုပါတယ်။ အဲဒါကြောင့် ကာလအတန်ကြာ၊ ကျောက်စိမ်းရှာဖွေတဲ့အလုပ်က မြုပ်သွားတယ်လို့ ဆိုတယ်။ ရံဖန်ရံခါတော့ ကျောက်စိမ်းတွေဟာ ယူနန်နယ်ထဲကို ရောက်လာပြီး အရောင်းအဝယ်ဖြစ်ကြပေမယ့် ဘယ်သူတွေက သယ်လာပြီး ဘယ်နေရာက ရတယ်ဆိုတာတော့ အတိအကျ မသိကြဘူးလို့ဆိုတယ်။

**ပြန်လမ်းမရှိခဲ့**

မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးဟာ ၁၇၈၄ ခုနှစ်မှာ ပြေပြေပြစ်ပြစ်ဖြစ်လာကြပြီးတဲ့နောက် စွန့်စားကြတဲ့ တရုတ်ကျောက်ရှာဖွေသူတချို့ဟာ ကျောက်စိမ်းကို 'ဥရုမြစ်' ရိုးရဲ့ညာဘက်မှာ ရနိုင်တယ်လို့ သိသွားကြတယ်။ (မြောက်လတ္တီတွဒ် ၂၅ ဒီဂရီနဲ့ ၂၆ ဒီဂရီအကြား၊ အရှေ့ဥရုမြစ်ရိုးနဲ့ အနောက်ချင်းတွင်းမြစ်ရိုးအတွင်းဟာ ကျောက်စိမ်းထွက်ဒေသဖြစ်လာပါတယ်။ အဲဒီအချိန်ကစပြီး တရုတ်ယူနန်နယ်ဘက်ကို ကျောက်စိမ်းတွေ အထုတ်အပိုးရှိလာကြတယ်။ သိပ်တော့ မများသေးဘူး။ ဘာကြောင့်လဲဆိုတော့ လမ်းကြမ်း၊ တောထူ၊ ငှက်ဖျားရောဂါပြင်းထန်ပြီး ရောက်လာသူတွေဟာ အသက်ရှင်လျက်ပြန်မထွက်နိုင်ကြလို့ ဆိုပါတယ်။

**အကောက်ခွန်**

'ကျောက်စိမ်း' ရဲ့တန်ဖိုးကို သိလာတဲ့ ဗမာဘုရင်ဟာ ၁၈၀၆ ခုနှစ်လောက်မှာ လက်နက်ကိုင်တပ်သား ၃၀ နဲ့ အကောက်အရာရှိတစ်ဦးကို ကျောက်စိမ်းနယ်မှာ ချထားလိုက်တယ်။ ကျောက်စိမ်းရှာဖွေသူတွေကလည်း တိုင်းရင်းသားကချင်လူမျိုးတွေက ပိုများလာတယ်။ ရရှိတဲ့ ကျောက်စိမ်းတွေကို မိုးကောင်းတစ်ဖက်ကမ်း 'ရွှေထုံးခြံ' မှာ အရောင်းအဝယ်လုပ်ကြတယ်။ ဘုရင်က ချထားတဲ့ အကောက်အရာရှိက ကျောက်စိမ်းကို တခြားနယ်ကို သယ်ထုတ်သွားမှသာ အခွန်စည်းကြပ်တယ်။ အရောင်းအဝယ်ဖြစ်တဲ့ တန်ဖိုးပေါ်မှာ ၃၃ ရာခိုင်နှုန်းတွက်ပြီး အကောက်ယူတယ်လို့ဆိုတယ်။ အဲဒီတော့မှ ရာဖြတ်အရာရှိ (Appraiser) ဆိုတာလိုအပ်လာပြန်တယ်။ အဲဒီရာဖြတ်အရာရှိက (လာဘ်)မျှော်ပြီး တကယ့်တန်ဖိုးထက် သုံးချိုးတစ်ချိုးလောက် လျှော့ဖြတ်တယ်လို့ဆိုတယ်။

အဲဒီခေတ်က ငွေတန်ဖိုးက ငွေတုံးကိုဖြတ်ပြီး အလေးချိန်နဲ့ပေးကြရတာ။ 'ငွေဒင်္ဂါး' မပေါ်သေးဘူး။ ငွေဒင်္ဂါးက ၁၈၇၄ လောက်မှ တွင်ကျယ်လာတာ ကျောက်စိမ်းရှာတူးတဲ့အလုပ်ကို ဒေသခံကချင် တိုင်းရင်းသားတွေက အများဆုံးလုပ်ကြတယ်။ ပြင်းထန်တဲ့ရာသီဒဏ်ကို သူတို့ပဲ ခံနိုင်ကြတယ်။ ကျောက်စိမ်းလုပ်ငန်းက ၁၈၃၁-၄၀ မှာ အတွင်ကျယ်ဆုံး ဖြစ်လာတယ်။ တရုတ်လူမျိုး ၈၀၀ လောက်နဲ့ ရှမ်းလူမျိုး ၆၀၀ လောက်တို့က အများဆုံးလုပ်ကိုင်ကြတယ်လို့ သမိုင်းစာရင်းဇယားက ဆိုတယ်။ ထွက်သမျှကျောက်စိမ်းတွေက ယူနန်ကျောက်စိမ်းဗဟိုဈေးကွက်ကို ရောက်တယ်။ ကျောက်စိမ်းကို ကျွမ်းကျင်တဲ့သူတွေက 'ကောင်းတုံ' တရုတ်တွေလို့ ဆိုတယ်။ ကောင်းတုံတရုတ်တွေက ကျောက်စိမ်းတွေကို ကောင်းတုံသို့ သယ်သွားပြီး ကုန်ချောလုပ်ရောင်းကြတာလို့ ဆိုတယ်။

**ဈေးကွက်ပျက်**

၁၈၄၁ ခု တရုတ်-အင်္ဂလိပ်စစ်ဖြစ်တော့ ကျောက်စိမ်းဈေးကွက်ပျက်သွားတယ်။ တိုင်းရင်းသားကချင် ကျောက်စိမ်းတူးသမားတွေ ဆင်းရဲကြပ်တည်းလာကြလို့ ဘုရင်ကို အကြောင်းကြားတယ်။ ဘုရင်က ကျောက်စိမ်းကုန်သည်တွေလာအောင် သွေးဆောင်ဖို့ ၁၈၄၂ လောက်မှာ ယူနန်ကို မြန်မာအရာရှိတစ်ဦး စေလွှတ်စုံစမ်းတဲ့အထိ လုပ်ခဲ့တယ်။ ဒါကြောင့် ၁၈၄၇ လောက်မှာ ကျောက်စိမ်းဈေးကွက် ပြန်လှုပ်ခဲ့ပေမယ့် ၁၈၅၇ တရုတ်ပန်းသေးသူပုန်ကိစ္စပေါ်လို့ ပျက်ပြန်တယ်။

**မန္တလေးနဲ့ကျောက်စိမ်း**

မြန်မာက ကျောက်စိမ်းလုပ်ငန်းက တစ်နှစ်ကို အခွန်ငွေ ငွေသားငွေခဲ ၆၀၀၀ လောက်က ၂၁,၀၀၀ လောက်အထိ ရနေတယ်။ ၁၈၄၀ ပြည့်တော့ တစ်နှစ်ကို ငွေတုံး ၃၀၀၀ ထက် မပိုတော့ဘူး။ လုံးဝမရတဲ့အထိ ဖြစ်ခဲ့တယ်။ ၁၈၆၁ ခုမှာ ကျောက်စိမ်းဈေးကွက်ပြန်ပွင့်လာပြန်တယ်။ ကျောက်စိမ်းကို ပင်လယ်ရေကြောင်းနဲ့ ကောင်းတုံကို အရောက်

> **သမိုင်းကြောင်းအရ ကျောက်စိမ်းနဲ့ တရုတ်လူမျိုးတို့ကို ခွဲခြားလို့မရသလို ဖြစ်နေတာကို သိလာရတော့မှ ကျောက်စိမ်းရဲ့ 'အရင်းအမြစ်' ဖြစ်တဲ့ မြန်မာတို့ အချုပ်အခြာနယ်မြေဟာ မြန်မာ တိုင်းရင်းသားတို့လက်မှာ ပိုင်ပိုင်နိုင်နိုင် ခိုင်ခိုင်ရှိပါမှ ဖြစ်မယ်ဆိုတာ ကိုယ့်တိုင်းရင်းသားတွေကို သတိပြုစေချင်လာပါတယ်။**

ပို့နိုင်တယ်။ မန္တလေးကို ၁၈၆၁ ခုမှာ ပထမဆုံးရောက်လာတဲ့ ကောင်းတုံတရုတ် ကျောက်စိမ်းကုန်သည်က အရောင်းထိုင်းလို့ စုပုံနေတဲ့ ကျောက်စိမ်းတွေကို ပေါချောင်ကောင်းသိမ်းကျုံးဝယ် ပြန်သွားတာ သူဌေးကြီးဖြစ်သွားတယ်။ ယူနန်နယ်သားတွေလည်း ကျောက်စိမ်းတူးဖို့ ရောက်လာကြပြန်တယ်။ ဈေးကွက်ပြန်ပေါ်လာတော့ အကောက်ခွန်က ၂၇,၀၀၀ ထိ တိုးလာတယ်။ ဘုရင့်ဘဏ္ဍာတော်ထဲကို ၅ ပုံ တစ်ပုံ လောက်ပဲရောက်တာသိတော့ ၁၈၆၆ ခုမှာ ပထမဆုံးအကြိမ်အကောက်ငွေကို ၆၀,၀၀၀ နဲ့ ပုတ်ဖြတ်ကန်ထရိုက်ပေးလိုက်တယ်။ ဒါပေမဲ့ ဘုရင်ကိုယ်တိုင် ကိုယ်စားလှယ်ထားပြီး ကျောက်စိမ်း ဝယ်ရောင်းလုပ်ကြည့်တယ် (မအောင်မြင်ဘူး)။ အမျိုးမျိုးတော့စမ်းကြည့်တယ်။ ၁၈၈၃ မှာ 'ဟောဆိုင်' ဆိုသူခေါင်းဆောင်တဲ့ ကချင်သူပုန်ထမှုဖြစ်လာတယ်။ မိုးကောင်းကို ထိပါးတယ်။ (မြစ်ကြီးနားဂေဇက်- ၁၁၇၊ ၂၃) ကျောက်စိမ်းဈေးကွက် ပျက်ပြန်တယ်။

**အသေအပျောက်စာရင်း**

ကျောက်စိမ်းနဲ့ မန္တလေးက အဲ့ဒီခေတ်ကတည်းက တွဲနေပါတယ်။ ပတ္တမြားကျောက်မျိုးစုံထွက်တဲ့နယ်မြေလည်း ဒီလိုပါပဲ။ 'မိုးကုတ်၊ ကျပ်ပြင်၊ ကသဲ' သုံးနေရာကို 'ရတနာထွက်မြေ' သတ်မှတ်ပြီး မိုးမိတ်နယ်ထဲမှာ ပါစေတယ်။ (မြန်မာ ၉၅၉ တော်သလင်းလပြည့်ကျော် ၁၂ ရက် ( ၁၈၊ ၉၊ ၁၅၈၇) မှာ 'အဝ' စီရင်စုထဲကို အမိန့်တော်နဲ့ ထည့်သွင်းခဲ့ပါတယ်။ (ကျောက်တွင်းဂေဇက်-၃၀ ကိုညွှန်းထားတယ်)) ၁၉ ရာစုကစပြီး ကျောက်စိမ်းရှာရင်း သေဆုံးခဲ့ကြတဲ့ တရုတ်အမျိုးစာရင်းကို အမရပူရ တရုတ်ဘုရားကျောင်းမှာ ကမ္ပည်းတင်ထားတယ်။ သေဆုံးသူ ၆၀၀၀ ကျော်တယ်။ နှစ်စဉ်ငွေကုန်ခံပူဇော်ပွဲလုပ်တဲ့သူတွေရဲ့စာရင်းသာဖြစ်လို့ အမှန်တကယ်က ဒီထက်ပိုများနိုင်တယ်လို့ ဆိုပါတယ်။

အဲဒီသမိုင်းကြောင်းအရ မြန်မာတို့ရဲ့ယဉ်ကျေးမှုအစုံ ရတနာပုံမှာ တရုတ်တွေတိုးနေတာကို သုံးသပ်မိလောက်ပါပြီ။ ဒါကြောင့် မြန်မာ့ကျောက်စိမ်းကို လက်ဝါးကြီးအုပ်ထားတဲ့ တရုတ်လက်က လွတ်မြောက်အောင် ဒီနေ့လိုပြောင်းလဲလာချိန်မှာ လသာတုန်းဗိုင်းငင်ဆိုသလို ဒေသခံကချင်တိုင်းရင်းသားတွေနဲ့ မြန်မာတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်တွေက ကြိုးပမ်းနိုင်ကြလေ မြန်မာတို့ရဲ့ယဉ်ကျေးမှုစုံ ရတနာပုံမှာလည်း တရုတ်တွေ လျော့နည်းလေဖြစ်မှာပါလို့ မျှော်လင့်ထားကြောင်းပါ။

စာကိုး။ ။ ဒေါက်တာသန်းထွန်း- နယ်လှည့်ရာဇဝင် (၃၀၊ ၈၊ ၁၉၆၈)

**ဖိုးသောကြာ (ခေတ်+မိုး)**

ပါလီမန် ဒီမိုကရေစီခေတ်က ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ကာတွန်းတစ်ခု ကြည့်ဖြစ်သည်။ လွှတ်တော် စောစောပြီးသွား၍ မိတ်ဆွေတစ်ယောက်အိမ်သို့ အလည်အပတ်သွားရောက်သော အမတ်မင်းတစ်ယောက်အကြောင်း ပုံဖော်ရေးထားခြင်းဖြစ်သည်။

လေးကွက်ကာတွန်းဖြစ်ပြီး ပထမအကွက်တွင် အိမ်ရှင်က အမတ်မင်းကို "လွှတ်တော်စောစောပြီးလာတယ်မှတ်တယ်၊ ရာသီဥတုကလည်း ပူတယ်ဗျာ၊ ပန်ကာဖွင့်လိုက်မယ်" လို့ ပြောလိုက်တယ်။

ဒုတိယအကွက်မှာတော့ အမတ်မင်းက "ပန်ကာမဖွင့်နဲ့ဗျာ၊ မီးဖိုလိုက်" ဟုသတည်း။

တတိယအကွက်တွင် အိမ်ရှင်က "နေပူတော့ အအေးတစ်ခုခု စီစဉ်လိုက်မယ်" ဟု ပြောရာ အမတ်မင်းက "အအေးမလုပ်နဲ့ဗျာ ရေနွေးကြမ်းပူပူပဲလုပ်ပေးပါ" လို့ ပြောပြန်ရော။

စတုတ္ထအကွက်မှာတော့ အိမ်ရှင်က "အမတ်မင်း ဒီနေ့ ဂွပဲတိုက်နေပါလား" ဟု ပြောရာ အမတ်မင်းက "ဂွတိုက်မှာပေါ့ဗျ၊ ကျုပ်က အတိုက်အခံအမတ်ပဲ" ဟုသတည်း။

ထိုခေတ်အခါက အတိုက်အခံပါတီမှ အမတ်များ အာဏာရပါတီကို လွှတ်တော်တွင် ဆန့်ကျင်ဘက် အယူအဆများဖြင့် တိုက်ခိုက်နေသည်ကို ကာတွန်းဆရာကြီး ဦးဘဂျမ်းက ကာတွန်းဖြင့် သရုပ်ဖော်ခဲ့တာပဲ ဖြစ်ပါလိမ့်မည်။

ယခုခေတ်အခါတွင်လည်း အချို့က အတိုက်အခံ (Opposition) ကို အစိုးရဘာပဲလုပ်လုပ်၊ အာဏာရပါတီက ဘာပဲလုပ်လုပ် ဆန့်ကျင်နေသူများဟု အဓိပ္ပါယ်ဖွင့်ဆိုနေကြသလားမသိပါ။

အင်္ဂလိပ်စကားလုံး Opposition ၏ အဓိပ္ပာယ်ကိုက လူတို့၏

"အတိုက်အခံ မလုပ်ပါဟု ဆိုလိုက်သည့်အတွက် ကျွန်တော့်အမြင်အရမူ Opposition Party တစ်ခု အနေနှင့် အမျိုးသားရေးကို လျစ်လျူရှုလိုက်သည်ဟု မြင်ပါသည်။ ပြည်သူကို မျက်ကွယ်ပြုလိုက်သည်ဟု ပြောချင်ပါသည်"




ဦးနှောက်နှင့် စိတ်သဏ္ဌာန်ကို လွှမ်းမိုးနေတာလည်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

စစ်တပ်တွင် ချုံခိုတိုက်ခိုက်သည်ကို အင်္ဂလိပ်လို Ambush လုပ်သည်ဟု သုံးနှုန်းပါသည်။ မြန်မာလို ချုံခို၊ အင်္ဂလိပ်လို Ambush ဟု ဆိုလိုက်သည်နှင့် ချုံပုတ်ထဲမှာ ပုန်းအောင်းနေပြီး တိုက်ခိုက်သည်ဟု သာမန်လူတွေ နားလည်ကြသည်။ အမှန်မှာတော့ လှုပ်ရှားသွားလာနေသော တပ်ဖွဲ့တစ်ခုကို အချိန်၊ နေရာ၊ ပထဝီ အခိုက်သုံးပါး ရရှိနိုင်သည့် သဘာဝ၊ လူလုပ်နေရာတစ်ခုခုမှ အသာစီးယူ၍ စောင့်ကြို တိုက်ခိုက်သည်ကိုသာ Ambush ဟု ဆိုလိုခြင်းဖြစ်ပါသည်။ တကယ့် ချုံပုတ်ထဲမှ စောင့်နေစရာမလိုပါ။

Opposition Party ဟု ဆိုရာတွင်လည်း စကားလုံး၏ အဓိပ္ပာယ်က ကျွန်တော်တို့ကို ဖိစီးလွှမ်းမိုးနေခြင်းကို ဖယ်ရှားပြီး အာဏာရ ပါတီ၏ ဆောင်ရွက်ချက်မှန်သမျှ အတိုက်အခံလုပ်နေခြင်း မဟုတ်မူဘဲ နိုင်ငံတော်အတွက် အမှန်တကယ် လိုအပ်ချက်များကို အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း၊ မှားယွင်းနေသည်ဟု ယူဆသည်များကို ဝေဖန်ခြင်း၊ ထောက်ပြဆွေးနွေးခြင်းများဖြင့် အာဏာရပါတီကို အပြန်အလှန် ထိန်းကျောင်းသွားရန် လိုအပ်လှပါသည်။ အလားတူ အာဏာရ အစိုးရကိုလည်း ဤပုံစံအတိုင်း ဆောင်ရွက်ရမည်သာ ဖြစ်ပါသည်။

မကြာမီက ရေဘေးကိစ္စအတွက် ပြည်သူတွေ အတိဒုက္ခရောက်ခဲ့ကြရသည်။ ရေဘေးဒုက္ခသည် လေးသိန်းကျော် ငါးသိန်းနီးပါး ရှိခဲ့ကြသည်ကို အစိုးရက ကူညီကယ်ဆယ်မှု သိပ်နောက်ကျခဲ့သည်။ ယခုအချိန်ထိလည်း ထိထိရောက်ရောက်မကူညီခဲ့ဟု ကျွန်တော်မြင်မိသည်။ Opposition ပါတီဆိုတဲ့ USDP သည် ဒီလိုကိစ္စမျိုးမှာ အစိုးရကို ပြတ်ပြတ်သားသားဝေဖန်ထောက်ပြပြီး ရေဘေးကူညီကယ်ဆယ်ရန် တိုက်တွန်းရမည်ဖြစ်ပါသည်။

သို့သော် ထိုစဉ်က USDP ပါတီဥက္ကဋ္ဌသည် အစိုးရနိုင်ငံရေး အကျပ်အတည်းဖြစ်ချိန်တွင် တိုင်းပြည်မတည်ငြိမ်ဖြစ်မည်စိုး၍ "အတိုက်အခံမလုပ်ပါဟု ဆိုလိုက်သည့်အတွက် ကျွန်တော့်အမြင်အရမူ Opposition Party တစ်ခုအနေနှင့် အမျိုးသားရေးကို လျစ်လျူရှုလိုက်သည်ဟု မြင်ပါသည်။ ပြည်သူကို မျက်ကွယ်ပြုလိုက်သည်ဟု ပြောချင်ပါသည်"

USDP အနေနှင့် လာမည့် ကြားဖြတ်နှင့် ၂၀၂၀ ရွေးကောက်ပွဲတို့တွင် အနိုင်ရရှိရေးမှာ သာမန်ထက်ပိုသော စည်းရုံးရေးလောက်နှင့်တော့ မရနိုင်ပါ။ အစိုးရကို ဝေဖန်ခြင်း၊ ထောက်ပြဆွေးနွေးခြင်းတို့ဖြင့်သာ Count လုပ်ထားရန် လိုအပ်လှပါသည်။

လောလောလတ်လတ်လည်း ကိုဖီအာနန်ကို ရခိုင်ကိစ္စအတွက် ကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်လိုက်ပါသည်။ ထိုကိစ္စကို USDP က Wait & See လုပ်မည်ဆိုသည့် Statement ထုတ်ပြန်ခဲ့ပါသည်။ ဒီလို Statement မျိုးက ရခိုင်ကို ကယ်တင်နိုင်မည့် အတိုက်အခံဆောင်ရွက်မှုတစ်ခု မဟုတ်သည်ကိုတော့ သတိမူစေလိုပါသည်။

Ambush ဆိုတိုင်း ချုံပုတ်ထဲက စောင့်ကြိုတိုက်ခိုက်ရန်မဟုတ်ပါ။

ဦးဘဂျမ်းကာတွန်းမှ အတိုက်အခံအမတ်လို လောကကြီးကို ဂွတိုက်ရန် မဟုတ်ပါ။

Opposition Party ဆိုတိုင်း ကိစ္စအားလုံး ဆန့်ကျင်တိုက်ခိုက်ရန်မဟုတ်ပါ။

သို့သော် အမျိုးသားရေးသစ္စာစောင့်သိမှုမှ သွေဖည်သွားလောက်သည်ထိ အာဏာရပါတီ၊ အာဏာရအစိုးရကို Ignore မလုပ်သင့်ပါကြောင်း။

**မောင်မြင့်**



## NEWS IN BRIEF

### အူရီဒူးက နိုင်ငံတကာအဆင့်မီ သုံးစွဲသူဝန်ဆောင်မှု Stevie Awards ဆုနှစ်ခုရရှိ

ရန်ကုန်၊ အောက်တိုဘာ ၆

ဆက်သွယ်ရေးအော်ပရေတာ အူရီဒူးသည် အာရှပစိဖိတ်နှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ဆုပေးအပ်ပွဲတွင် Stevie Awards ဆုနှစ်ခု ရရှိခဲ့ကြောင်း အူရီဒူးမြန်မာထံမှ သိရသည်။

အာရှပစိဖိတ် Stevie Awards ဆုမှာ အူရီဒူးမြန်မာက သုံးစွဲသူ ဝန်ဆောင်မှုပေးအပ်ခြင်းအတွက် စီမံခန့်ခွဲမှုဆိုင်ရာ ဆန်းသစ်တီထွင်နိုင်မှု၊ ဆက်သွယ်ရေးအခန်းကဏ္ဍတွင် ကြိုတင်အစီအစဉ် ချထားနိုင်မှုနှင့် ချမှတ်ထားသည့် အစီအစဉ်အတိုင်း လက်တွေ့ကျင့်သုံးနိုင်မှုတို့ကြောင့် တတိယဆုဖြစ်သော Bronze Stevie Winner နှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဆုအဖြစ် ဆက်သွယ်ရေးအခန်းကဏ္ဍတွင် တစ်နှစ်ပတ်လုံး အကောင်းဆုံး သုံးစွဲသူဝန်ဆောင်မှုဌာနအတွက် ဒုတိယဆု Silver Stevie Awards တို့ဖြစ်ကြောင်း အူရီဒူးထံမှ သိရသည်။

### တန်ဖိုးနည်းအိမ်ရာအရောင်းပြပွဲ ပြုလုပ်မည်

ရန်ကုန်၊ အောက်တိုဘာ ၆

အိမ်၊ ခြံ၊ မြေ ဝက်ဘ်ဆိုက် House.com က မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHDB) တို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပထမဆုံးတန်ဖိုးနည်းအိမ်ရာအရောင်းပြပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ်အတွင်းရှိ MICT Park ၌ အောက်တိုဘာလ ၂၁ ရက် မှ ၂၃ ရက်နေ့အထိ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

အဆိုပါပြပွဲတွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနက နိုင်ငံတစ်ဝန်းရှိ ၎င်း၏စီမံကိန်းများကို ပါဝင်ပြသမည်ဖြစ်ပြီး CHDB ဘဏ်မှ ရရှိနိုင်မည့် အိမ်ရာနှင့်ပတ်သက်သည့် ငွေကြေးဆိုင်ရာ အထောက်အပံ့များကို သိရှိနိုင်ကြောင်း ယင်းဘဏ်ထံမှ သိရသည်။

စက်တင်ဘာလ ၁ ရက်နေ့မှ အောက်တိုဘာလ ၆ ရက်နေ့အထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမေရိကန်ဒေါ်လာလဲနှုန်းသတ်မှတ်ချက် အတက်အကျအခြေပြဇယား



စက်တင်ဘာလ ၁ ရက်နေ့မှ အောက်တိုဘာလ ၆ ရက်နေ့အထိ ပြင်ပဈေးကွက်အတွင်း ဖြစ်ပေါ်ခဲ့သည့် အမေရိကန်ဒေါ်လာလဲနှုန်း အတက်အကျအခြေပြဇယား





ဓာတ်ပုံ - အောင်နိုင်

လက်ရှိ၌ စလစ်အမည်ပေါက် တစ်စောင်လျှင် ကျပ်သိန်း ၁၀၀ ကျော်တွင် ရောက်ရှိနေကာ ဆက်လက်မြင့်တက်မည့် အခြေအနေရှိသည်ဟုဆိုသည်

# စလစ်ကပ်ကားသွင်းစနစ် ၂၀၁၈ တွင် ရပ်မည်ဟုဆို

ရန်ကုန်၊ အောက်တိုဘာ ၆

ယာဉ်ဟောင်းအပ်စလစ်ဖြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် Free Permit ဟူ၍ မော်ဒယ်လ် နှစ်များ မခွဲခြားတော့ဘဲ စလစ်ဖြင့်တင်သွင်းခြင်းစနစ်ကို ၂၀၁၈ ခုနှစ်မှစ၍ ပပျောက်အောင်ပြုလုပ်မည် ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက ပြောကြားသည်။

"ဥပမာ မော်ဒယ်လ်ဘယ်လောက်ကနေ ဘယ်လောက်အထိကို ဘယ်လိုပဲ သွင်းသွင်းဆိုပြီး လုပ်လိုက်မယ်ဆိုရင် ကားသွင်းမယ့် သူတွေက ဘယ်သူမှ စလစ်ဖိုးအကုန်အကျခံမှာ မဟုတ်တော့ဘူးလေ" ဟု ၎င်းကရှင်းပြသည်။

ထိုစနစ်အကောင်အထည်ဖော်နိုင်ရန် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သည့်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီတွင် ညှိနှိုင်းလုပ်ဆောင်နေကြောင်း ၎င်းကဆိုသည်။

စလစ်ဖြင့် မော်တော်ယာဉ်တင်သွင်းခြင်းမှာ အစိုးရကို မည်သို့မျှ အကျိုးကျေးဇူးမရရှိသကဲ့သို့ မော်တော်ယာဉ်တင်သွင်းသူများအတွက်လည်း ဆိုးကျိုးများသာ ရင်ဆိုင်နေရကြောင်း မော်တော်ယာဉ်လုပ်ငန်းရှင်များက ပြောကြားသည်။

လက်ရှိ၌ စလစ်အမည်ပေါက် တစ်စောင်လျှင် ကျပ်သိန်း ၁၀၀ ကျော်တွင် ရောက်ရှိနေကာ ဆက်လက်မြင့်တက်မည့် အခြေအနေရှိကြောင်း ၎င်းတို့က ပြောဆိုသည်။

လတ်တလော လူစီးမော်တော်ယာဉ်များကို စလစ်ကပ်ဖြင့် မော်ဒယ်လ် ၂၀၀၆ မှ ၂၀၁၀ အထိနှင့် Free Permit ဖြင့် ၂၀၁၁ မှ ၂၀၁၆ ခုနှစ်အထိ တင်သွင်းခွင့်ပြုထားပြီး ၂၀၁၅ နှင့် ၂၀၁၆ မော်ဒယ်လ်များကိုမူ ဘယ်မောင်းများအဖြစ်သာ တင်သွင်းခွင့်ပြုထားသည်။ ■

# အိန္ဒိယပဲ မကောင်း၍ မြန်မာ့ပဲဈေးတက်

ရန်ကုန်၊ အောက်တိုဘာ ၆

အိန္ဒိယနိုင်ငံတွင် စက်တင်ဘာလ နောက်ဆုံးပတ်ခန့်မှစ၍ ပဲစတင်ထွက်ပေါ်လာသော်လည်း အရည်အသွေးမကောင်းသည့်အတွက် မြန်မာ့ပဲမျိုးစုံကို ဝယ်ယူမှုများပြားခြင်းကြောင့် ပဲဈေးနှုန်းများမြင့်တက်လာကြောင်း ပြည်ပပို့ပဲဈေးကွက်အတွင်းမှ သိရသည်။

အိန္ဒိယက အဓိကဝယ်သည့် မတ်ပဲဈေး အဓိကမြင့်တက်ပြီး စက်တင်ဘာလ နောက်ဆုံးပတ်ကထက် တစ်တန်လျှင် ကျပ် ၆၀,၀၀၀ ခန့် မြင့်တက်ကာ ပဲစင်းငုံဈေးနှုန်းမှာလည်း ယင်းကာလကထက် တစ်တန်လျှင် ကျပ် ၁၀,၀၀၀ ခန့်မြင့်တက်လာကြောင်း ပဲကုန်သည်များထံမှ သိရသည်။

"အိန္ဒိယမှာက ပဲထွက်ချိန်မှာ မိုးရွာလိုက်တော့ အရည်အသွေးမကောင်းဘူး ဖြစ်သွားတယ်။ ပြီးတော့ သူတို့ဆီမှာ ပွဲတော်ရက်လည်းရှိနေတော့ ဒီဘက်ကို အဝယ်များလာတယ်လေ" ဟု ပဲကုန်သည် ဒေါက်တာမြတ်စိုးက ရှင်းပြသည်။

စက်တင်ဘာလ နောက်ဆုံးပတ်အတွင်းက အိန္ဒိယနိုင်ငံက ၎င်းတို့၏ ပဲထွက်နှုန်းကို စောင့်ကြည့်နေခြင်းကြောင့် တင်ဒါဖြင့်ဝယ်ယူသူ နည်းပါးခဲ့သည့်အတွက် မြန်မာ့ပဲမျိုးစုံဈေးနှုန်းသည်လည်း ကျဆင်းခဲ့သည်။

စက်တင်ဘာလ နောက်ဆုံးပတ်အတွင်းက မတ်ပဲတစ်တန်လျှင် ကျပ် ၁၄ သိန်းခန့်မှ ယခုအခါ ကျပ် ၁,၄၆၀,၀၀၀ ခန့်နှင့် ပဲစင်းငုံတစ်တန်လျှင် ကျပ် ၁,၁၂၀,၀၀၀ မှ ယခုအခါ ကျပ် ၁,၁၃၀,၀၀၀ ခန့်သို့ လည်းကောင်း ဈေးနှုန်းများမြင့်တက်ကြောင်း ဘုရင့်နောင်ပဲဈေးကွက်အတွင်းမှ သိရသည်။ ■

## အောက်တိုဘာလ ၆ ရက်နေ့ စတော့အိတ်ချိန်းဈေးကွက်အခြေအနေ

ကုမ္ပဏီသုံးခုစလုံး၏ ရှယ်ယာဈေးနှုန်းသည် အတက်အကျမရှိဘဲ ဈေးငြိမ်ခဲ့သည်။ FMI က ကျပ် ၁၆,၀၀၀၊ MTSH က ကျပ် ၄၆,၀၀၀ နှင့် MCB က ကျပ် ၈၄၀၀ ဖြင့် အဖွင့်ဈေးနှုန်းအတိုင်း ဈေးပိတ်ခဲ့သည်။

| Name | Opening Price | 11(AM)Price | 1(PM)Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 16000 | 16000 | 16000 | - | 4360 | 69,760,000 |
| MTSH | 46000 | 46000 | 46000 | - | 1428 | 65,688,000 |
| MCB | 8400 | 8400 | 8400 | - | 180 | 1,512,000 |

နိုင်ငံခြားငွေလဲလှယ်နှုန်း Source: KBZ Bank

| 6.10.2016 | USD | EURO | SGD | Thai |
|---|---|---|---|---|
| ဝယ်ဈေး (ကျပ်) | ၁၂၆၉ | ၁၄၀၅ | ၉၁၇ | ၃၆ |
| ရောင်းဈေး (ကျပ်) | ၁၂၇၀ | ၁၄၂၃ | ၉၂၈ | ၃၆.၅ |

Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း

| 6.10.2016 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ (ကျပ်) | ၆၆၈,၀၀၀ (ဖွင့်) | ၆၆၇,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၆၅ (ဖွင့်) | ၁၂၆၅ (ပိတ်) |

# WEEKEND GUIDE

**စနေ၊** တနင်္ဂနွေလို ပိတ်ရက်တွေမှာ မိသားစုကို အချိန်ပေးရင်း အပန်းဖြေချင်ကြတဲ့သူတွေရှိသလို သူငယ်ချင်းမိတ်ဆွေတွေနဲ့ ပျော်ပျော်ပါးပါး လျှောက်သွားရင်း အချိန်ကုန်ချင်ကြတဲ့သူတွေလည်း ရှိကြမှာပါ။ အဲဒီလို မိသားစုနဲ့ အချိန်ဖြုန်းချင်ကြတဲ့သူတွေအတွက် မိသားစုလိုက်သွားနိုင်မယ့် နေရာလေးတွေ၊ သူငယ်ချင်းတွေနဲ့ လျှောက်သွားချင်ကြတဲ့သူတွေအတွက်လည်း ဖျော်ဖြေပွဲတွေ၊ ပြပွဲ တွေကို လက်လှမ်းမီသလောက် စုစည်း ပြောပြလိုက်ပါတယ်။

## သီတင်းကျွတ် အထူးပရိဘောဂ ပြပွဲ

ပရိဘောဂပစ္စည်းတွေ ဝယ်ယူချင်သူတွေအတွက် ၁၄ ကြိမ်မြောက်ပြုလုပ်မယ့်သီတင်းကျွတ်အထူးပရိဘောဂ ပြပွဲကို ညွှန်းချင်တယ်။ ဒီပွဲမှာ ဘုရားခန်း၊ ဧည့်ခန်း၊ အိပ်ခန်း စတဲ့ ပရိဘောဂပစ္စည်းမျိုးစုံနဲ့ ကြမ်းခင်းပစ္စည်း မျိုးစုံတို့ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ မင်္ဂလာခန်းဝင်အတွက် ပစ္စည်းတွေကတော့ မွေ့ရာ၊ ခေါင်းအုံး၊ အိပ်ရာခင်း၊ စောင် စတဲ့ ခန်းဝင်ပစ္စည်းမျိုးစုံကို ကုမ္ပဏီ ၃၈ ခုကနေ ဆိုင်ခန်းပေါင်း ၁၇၀ ကျော်ပြသသွားမှာဖြစ်ပါတယ်။ ဒီပွဲကို အောက်တိုဘာ ၆ ရက်နေ့ကနေ ၁၀ ရက်နေ့ နံနက် ၉နာရီခွဲမှ ညနေ ၅ အထိ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမမှာ ပြသသွားမှာ ဖြစ်ပါတယ်။ ■




## အလုပ်အကိုင် ပြပွဲ

အလုပ်အကိုင်ရှာဖွေနေသူတွေအတွက် work.com.mm ကနေ ကျင်းပတဲ့ Yangon Job Fair အလုပ်အကိုင်ပြပွဲကို ညွှန်းချင်တယ်။ ဒီပွဲမှာ Inya Land ကုမ္ပဏီ၊ MSF Holland၊ Cho Cho၊ Asia E Trade စတဲ့ ကုမ္ပဏီတွေက အလုပ်ရှာနေတဲ့လူငယ်တွေအတွက် အလုပ်နေရာ ၁၀၀ ကျော်မှာ တစ်ခါတည်း လျှောက်ထားနိုင်အောင် စီစဉ်ပေးထားတာ ဖြစ်ပါတယ်။ အလုပ်ရှာဖွေနေသူတွေအတွက် CV တွေနဲ့ တစ်ခါတည်းလျှောက်ထားနိုင်မှာ ဖြစ်ပါတယ်။ ဒီပွဲကို အောက်တိုဘာ ၉ ရက်နေ့၊ နံနက် ၉ နာရီကနေ ညနေ ၄ နာရီအထိ၊ IBC၊ ပြည်လမ်း၊ အင်းလျားကန်ဘောင် အနီးမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■




## ERKE က ပြုလုပ်မယ့် ပရိုမိုးရှင်းအစီအစဉ်

နာမည်ကြီးတံဆိပ်တွေကို မှ ဝယ်ယူတတ်တဲ့သူတွေအတွက် ERKE ကပြုလုပ်မယ့် ပရိုမိုးရှင်းအစီအစဉ်ကို ညွှန်းချင်တယ်။ ဒီအစီအစဉ်မှာတော့ ဖိနပ်၊ အိတ်စတဲ့ ERKE အမှတ်တံဆိပ်ပစ္စည်းတွေကို ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ဖိနပ်တစ်ရန်ကို ၂၉၉၉၉ ကျပ်နဲ့ ဝယ်ယူနိုင်မယ့်အပြင် ERKE Showroom မှာ ဈေးဝယ်နိုင်ရန်အတွက် Discount Coupon တွေပါ လက်ဆောင်ပေးသွားမှာဖြစ်ပါတယ်။ ဒီပွဲကို အောက်တိုဘာ ၇ ရက်နေ့ကနေ ၉ ရက်နေ့၊ နံနက် ၉ နာရီကနေ ည ၉ နာရီအထိ၊ ဒဂုံစင်တာ ၂၊ မြေနီကုန်းမှာ ဝယ်ယူနိုင်မှာဖြစ်ပြီး အွန်လိုင်းကနေ ပုံတွေကြည့်ချင်တယ်ဆိုရင်တော့ http://www. 360 malls.com.mm/yangon-promotions-list မှာကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ ■

## MK ဖက်ရှင်ဆိုင်ရဲ့ သီတင်းကျွတ်အထူးဈေးရောင်းပွဲတော်

နောက်ထပ်ပွဲတစ်ခုကတော့ MK ဖက်ရှင်ဆိုင် ရဲ့သီတင်းကျွတ်အထူးဈေးရောင်းပွဲတော်ကို ပြောပြချင်တယ်။ ဒီပွဲမှာ ရှပ်အင်္ကျီ၊ စပို့ရှပ်စတဲ့ အဝတ်အစားတွေနဲ့ အိတ်မျိုးစုံကို ကံစမ်းမဲအစီအစဉ်တွေနဲ့အတူ ၂၀ ရာခိုင်နှုန်းလျှော့ပေးရောင်းချသွားမှာဖြစ်ပါတယ်။ ဒီပရိုမိုးရှင်းပွဲကို အောက်တိုဘာတစ်လလုံး MK ဆိုင်တွေမှာ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ■




## ဆွိတီးဟုမ်းရဲ့ ၂၅ သိန်းတန် Wedding Package

မကြာခင် ဝါကျွတ်ကာလရောက်တော့မှာဆိုတော့ Sweety Home က ပစ္စည်းတွေဝယ်ယူရင်း ၂၅ သိန်းတန် Wedding Package အစီအစဉ်ကို ပြောပြချင်တယ်။ ဒီအစီအစဉ်ကတော့ ဆွိတီးဟုမ်းရဲ့ ပစ္စည်းတစ်ခုဝယ်ယူထားတာနဲ့ ကိုယ့်ရဲ့ဖေ့စ်ဘွတ်ခ်မှာ Check In ဝင်ပြီး Post တင်လိုက်တာနဲ့ ကံစမ်းနိုင်မှာဖြစ်ပါတယ်။ ကံထူးရှင်သူတွေအတွက် မင်္ဂလာခန်းဝင်ပစ္စည်းအပြည့်အစုံဖြစ်တဲ့ ကြိတ်သားခုတင်၊ မွေ့ရာ၊ ဗီရို၊ မှန်တင်ခုံ၊ ခေါင်းအုံး စတဲ့ ပစ္စည်းအသုံးအဆောင်တွေနဲ့ လက်ဖွဲ့ငွေ(ငါးသိန်းကျပ်) Aroma Wedding Studio မှ Pre Wedding ရိုက်နိုင်မယ့် အစီအစဉ်တွေ ပါဝင်မှာဖြစ်ပါတယ်။ ဒီအစီအစဉ်ကိုတော့ အောက်တိုဘာလကုန်အထိ Sweety Home Living Mall ဆိုင်ခန်းတွေမှာဝယ်ယူပြီး ကံစမ်းနိုင်မှာဖြစ်ပါတယ်။ ■

## အခမဲ့ကြည့်ရှုနိုင်မယ့် ဖက်ရှင်ပြပွဲ

ဖက်ရှင်ပွဲတွေ အခမဲ့ကြည့်ချင်သူတွေအတွက်တော့ ဂျွန်လွင်ဦးစီးတဲ့ Myanmar Int'l Fashion Week 2016 ပွဲကို ညွှန်းချင်တယ်။ ဒီပွဲမှာ မော်ဒယ်လ်တွေ၊ Supel Model တွေနဲ့ နာမည်ကြီး အနုပညာရှင်တွေက ပြသသွားမှာ ဖြစ်ပါတယ်။ ဒီပွဲကို အောက်တိုဘာ ၇ ရက်နေ့ကနေ ၉ ရက်နေ့၊ ညနေ ၅ နာရီကနေ ည ၁၀ နာရီအထိ၊ ရွှေထွဋ်တင်ကွင်းမှာ အခမဲ့ကြည့်ရှုနိုင်မှာပါ။ ■



## Much Ado About Nothing ဟာသ ပြဇာတ်

ပြဇာတ်ဝါသနာပါတဲ့သူတွေအတွက် ယူကေကနေလာတဲ့ The Handlebards အဖွဲ့ကနေ ပြသမယ့်ပွဲကို ညွှန်းချင်တယ်။ ဒီပွဲမှာ နာမည်ကြီးအင်္ဂလိပ်ပြဇာတ်နဲ့ စာရေးဆရာ ဝီလီယံရှိတ်စပီးယားရဲ့ Much Ado About Nothing ဟာသပြဇာတ်ကို ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ လက်မှတ်ဈေးနှုန်းတွေက ၁၃ နှစ်အောက် ကလေးငယ်တွေက ၈၀၀၀ ကျပ်နဲ့ လူကြီးတွေကတော့ ၁၅၀၀၀ ကျပ် ဖြစ်ပါတယ်။ လက်မှတ်ဝယ်ယူချင်ရင်တော့ အမှတ် ၈၀၊ British Embassy Club၊ ကမ်းနားလမ်းမှာ ဝယ်ယူနိုင်မှာပါ။ ဒီပွဲကို အောက်တိုဘာ ၇ ရက်နေ့၊ ညနေ ၆ နာရီကနေ ၈ နာရီအထိ British Embassy Club မှာ ဖျော်ဖြေသွားမှာဖြစ်ပါတယ်။ ■



# ကလေးတို့ အဖေ

ဒီတစ်ပတ်တော့ အချစ်ဇာတ်ကားကြည့်ချင်သူတွေအတွက် ကလေးတို့အဖေဇာတ်ကားကို ညွှန်းချင်တယ်။ ဒီကားမှာ ကလေးထိန်းအလုပ်ခေါ်တဲ့ကြော်ငြာတွေ့တာနဲ့ ခင်စာဆို (ပက်ထရစ်ရှာ) က အလုပ်သွား လျှောက်ခဲ့တယ်။ အလုပ်ရှင်ကတော့ ကလေးသုံးယောက်အဖေ မိုးထိပ်ခေါင် (ပြေတီဦး) ဖြစ်ပြီး ကလေးတွေရဲ့ အစားအသောက်နဲ့ အပြင်သွားလာမှုတွေကို အဖော်အဖြစ် လိုက်ပါစောင့်ရှောက်ရမှာဖြစ်တယ်။ ခင်စာဆိုကလည်း အလုပ်ကိုလက်ခံခဲ့ပြီး ကလေးတွေကို တွေ့တဲ့အချိန်မှာတော့ သူနဲ့အသက်သိပ်မကွာတဲ့ တာယာ (ဆုအိမ်စံ)၊ ၈ နှစ်အရွယ် မိုးသောက်နဲ့ ၅ နှစ်အရွယ် ရောင်နီတို့ဖြစ်နေတယ်။ ကလေးတွေက ကလေးထိန်းခေါ်တာကို မနှစ်မြို့တာကြောင့် ခင်စာဆိုကို ပြေပြေလည်လည် မဆက်ဆံကြဘူး။ တာယာကတော့ သူနဲ့ အသက်သိပ်မကွာတဲ့ ခင်စာဆိုကို တစ်မျိုးပြီးတစ်မျိုး အပြစ်တွေရှာခဲ့တယ်။ ခင်စာဆိုကတော့ သူတို့ဘာတွေပဲလုပ်လုပ် အပြစ်မယူခဲ့ဘူး။ ဦးလေးလင်မယားနဲ့ အတူ နေရတဲ့ ခင်စာဆိုက သူမကိုသဘောကျနေတဲ့ ဘုန်းရှိန်က လက်ဆောင်ပစ္စည်းတွေ ဝယ်လာတာမို့ ဦးလေးလင်မယားက သဘောတူခဲ့တယ်။ ခင်စာဆိုရဲ့ သည်းခံမှုတွေကြောင့် ကလေးသုံးယောက်နဲ့ နားလည်မှုရလာခဲ့ တယ်။ တစ်နေ့တော့ တာယာ အပြင်သွားစရာရှိလို့ ခင်စာဆိုလိုက်သွားရင်း ဖေ့စ်ဘွတ်ခ်ကခင်တဲ့လူတစ်ယောက်နဲ့ သွားတွေ့ခဲ့တယ်။ အဲဒီလူနဲ့ဆုံချိန်မှာတော့ ခင်စာဆိုကို တစ်ဖက်သတ်ကြိုက်တဲ့ ဘုန်းရှိန်ဖြစ်နေပြီး တာယာရှေ့မှာ သူတို့နှစ်ယောက် မသိချင်ယောင်ဆောင်ခဲ့တယ်။ ခင်စာဆိုအိမ်ပြန်ရောက်ချိန်မှာတော့ ဘုန်းရှိန်ကိုတာယာနဲ့အဆက်အသွယ်မလုပ်ဖို့ပြောခဲ့တယ်။ တာယာကို ဘုန်းရှိန်က ဖေ့စ်ဘွတ်ခ်မှာ Block သွားတဲ့အကြောင်း ခင်စာဆိုကို လာပြောချိန်မှာတော့ ဘုန်းရှိန်ကိုမေ့ပစ်ဖို့ပြောခဲ့တယ်။ မရှင်မပျ ဖြစ်နေတဲ့တာယာအကြောင်းကို မိုးထိပ်ခေါင်က ခင်စာဆိုကိုမေးချိန်မှာတော့ တာယာအသည်းကွဲနေတာကို ရှင်းပြခဲ့ပြီး မဆူဖို့နဲ့ကလေးတွေ အချိန်ပေးဖို့ပြောခဲ့တယ်။ တစ်နေ့တော့ သူတို့မိသားစု ရေကူးကန်မှာကစားနေတုန်း ကလေးတွေရဲအမေ မေစိမ်းစံ (ခိုင်နှင်းဝေ) က ခင်စာဆိုကိုစကားလာပြောတာကိုမိုးထိပ်ခေါင်မြင်ပြီး သူတို့မိသားစုနဲ့မပတ်သက်ဖို့ပြောခဲ့တယ်။ မိုးထိပ်ခေါင်အိမ်ကိုစောစောပြန်လာတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကလေးတွေက မကျေနပ်ကြတာမို့ မိုးထိပ်ခေါင်က ဆူနေချိန် ခင်စာဆိုက ဝင်ပြောပေးတာမို့စိတ်တိုနေတဲ့ မိုးထိပ်ခေါင်က သူမကို အလုပ်ထုတ်လိုက်တယ်။ မေစိမ်းစံကလည်း ကလေးတွေနဲ့တွေ့ဖို့ ကြိုးစားနေပြီး မိုးထိပ်ခေါင်နဲ့ မေစိမ်းစံတို့ကြားမှာ ဘယ်လိုပြဿနာတွေ ဆက်ဖြစ်မလဲဆိုတာ ကြည့်ရှုရမှာဖြစ်ပါတယ်။ ဒီကားကို ဒါရိုက်တာ ပွင့်သီရိဇော်က ရိုက်ကူးထားပြီး ပြေတီဦး၊ ပက်ထရစ်ရှာ၊ ဆုအိမ်စံတို့က အဓိက ပါဝင်သရုပ်ဆောင်ထားပါတယ်။ ■





## SIA ရဲ့ The Greatest

ဒီတစ်ပတ်တော့ ဩစတြေးလျအဆိုတော် SIA နဲ့ အမေရိကန် ရပ်ပ်ပါ Kendrick Lamer တို့ သီဆိုထားတဲ့ The Greatest ဆိုတဲ့ ဂီတဗီဒီယိုကို ကြည့်ရှု နားထောင်ကြည့်ဖို့ ညွှန်းချင်ပါတယ်။ ဒီသီချင်းက သာမန်အချစ်သီချင်း၊ အလွမ်းသီချင်းမျိုးမဟုတ်ဘဲ၊ ၂၀၁၆ ခုနှစ် ဇွန်လလောက်တုန်းက အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်၊ အော်လန်ဒန်မြို့ရှိ Gay Club တစ်ခုမှာ အကြမ်းဖက်ပစ်ခတ်မှုကြောင့် လူပေါင်း ၄၉ ယောက် သေဆုံးခဲ့ရတဲ့ဖြစ်ရပ်ကို ရည်ညွှန်းဖွဲ့ဆိုထားတဲ့ သီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ ဂီတဗီဒီယိုမှာတော့ သေဆုံးခဲ့တဲ့လူ ၄၉ ယောက်ကို ရည်ညွှန်းပြီး အကသမား ၄၉ ယောက်ကို SIA က ထည့်သွင်း ရိုက်ကူးထားပါတယ်။ အကြမ်းဖက်ပစ်ခတ်မှုမှာ သေဆုံးခဲ့ရတဲ့သူတွေအတွက် နာကြည်းမှုတွေ၊ ဝမ်းနည်းမှုတွေအပြည့်နဲ့ SIA ရဲ့ သရုပ်ဆောင်မှုတွေကိုလည်း မြင်တွေ့ခံစားရမှာပါ။ ဘဝမှာ ဘယ်လိုဖိနှိပ်မှုတွေ၊ ရက်စက်မှုတွေ၊ နှိမ့်ချမှုတွေနဲ့ ကြုံရပါစေလဲကျနေခဲ့ရင် တောင်ပြန်ထဖို့ ၊ အရှုံးမပေးဖို့ဆိုတဲ့အကြောင်း ခွန်အားပေးထားတဲ့ သီချင်းတစ်ပုဒ်လည်းဖြစ်ပါတယ်။ ဒီ တစ်ပတ်အတွက် ခံစားနားဆင်ကြည့်ပါဦး။ ■

## RUSTOM

ဒီဇာတ်ကားကတော့ မှုခင်းနောက်ခံ ဖြစ်ရပ်မှန် ဘောလိဝုဒ်ရုပ်ရှင်ဇာတ်ကားပါ။ ဇနီးဖြစ်သူနဲ့ ဖောက်ပြန်တဲ့ အမျိုးသားကို သေနတ်နဲ့ပစ်သတ်ခဲ့တဲ့ ရေတပ်အရာရှိတစ်ယောက်က အမှန်တရားပေါ်ပေါက်ဖို့အတွက် အမှုရင်ဆိုင်ရပုံတွေကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားတာပါ။ ဒါရိုက်တာ Tinu Suresh Desai က ရိုက်ကူးထားပြီး နာမည်ကျော်သရုပ်ဆောင်တွေဖြစ်တဲ့ Akshay Kumar၊ Ileana D'Cruz နဲ့ Arjan Bajwa တို့ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ရေတပ်မှအရာရှိတစ်ယောက်ဖြစ်တဲ့ Rustom ( Akshay Kumar ) က တာဝန်နဲ့ ခရီးထွက်သွားရာကနေ အိမ်ကို ပြန်အရောက်မှာ ဇနီးဖြစ်သူ Cynthia (Ileana D'Cruz) က သူငယ်ချင်းဖြစ်တဲ့ Vikram နဲ့ ဖောက်ပြန်နေတာကို သိခဲ့ရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး Cynthia က ရှင်းပြဖို့ ကြိုးစားပေမယ့် သူ လက်မခံခဲ့ပါဘူး။ ရေတပ်ဌာနရဲ့ လက်နက်တိုက်က သေနတ်တစ်လက်ကိုယူပြီး Vikram ရှိရာကို လိုက်သွားခဲ့ပါတယ်။ နှစ်ယောက်သားအတွေ့မှာတော့ Rustom ရဲ့ ပစ်ခတ်မှုကြောင့် Vikram သေသွားခဲ့ပါတယ်။ အဲ့ဒီနောက်မှာတော့ Rustom က သူ့အပြစ်အတွက် ကိုယ်တိုင်သွားရောက် အဖမ်းခံခဲ့ပါတယ်။

Vikram သေဆုံးမှုအတွက် သူ့ရဲ့ညီမဖြစ်သူက အတော်ဆုံး ရှေ့နေတစ်ယောက်ကိုငှားပြီး Rustom ပြစ်ဒဏ်ကျခံရဖို့ ကြိုးစားပါတယ်။ သူတို့နေတဲ့ မြို့မှာရှိတဲ့ Truth သတင်းစာကလည်း မှုခင်းသတင်းကို ရေးသားဖော်ပြတဲ့အတွက် လူတွေအားလုံးကလည်း စိတ်ဝင်စားနေကြပါတယ်။ ရေတပ်ဌာနက Rustom ကို သူတို့ဆီလွှဲပြောင်းပေးဖို့၊ ရဲဌာနကို တောင်းဆိုခဲ့ပြီး သူတို့ကိုယ်တိုင် အရေးယူမယ်လို့ပြောပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဒီအချိန်မှာပဲ ရေတပ်ဌာနမှ ဗိုလ်ချုပ်တစ်ယောက်ဖြစ်တဲ့ Prashant Kamat က သူ့ရဲ့တပည့်နှစ်ယောက်ကိုလွှတ်ပြီး Rustom ရဲ့အိမ်မှာရှိတဲ့ ဌာနနဲ့ပတ်သက်တဲ့ အရေးကြီးတဲ့ စာရွက်စာတမ်းတွေကို သွားယူခိုင်းပါတယ်။

Cynthia က Rustom ဆီကို ရောက်လာခဲ့ပြီး သူ့ရဲ့အမှားတွေကို ဝန်ချတောင်းပန်ပါတယ်။ တာဝန်နဲ့ အမြဲလိုလို ခရီးထွက်နေရတဲ့ Rustom ကြောင့် သူတစ်ယောက်တည်း အထီးကျန်နေတဲ့အချိန်မှာ Vikram နဲ့ မှားယွင်းခဲ့တာဖြစ်တယ်လို့ ရှင်းပြခဲ့ပါတယ်။ ဒီအကြောင်းကို Rustom သိသွားတဲ့အချိန်မှာ Vikram ကို လမ်းခွဲကြဖို့ သူပြောခဲ့ပြီးပါပြီလို့ Cynthia က ပြောပြခဲ့ပါတယ်။ ဒီအမှုအတွက် မြို့ခံတွေက Rustom ဘက်ကနေ လိုက်ပေးဖို့အတွက် ရှေ့နေတစ်ယောက် ငှားပေးပေမယ့်လည်း သူလက်မခံခဲ့ပါဘူး။ Rustom က Vikram ကို သတ်ခဲ့ရတဲ့ အကြောင်းအရင်းက ဇနီးဖြစ်သူနဲ့ ဖောက်ပြန်လို့ပဲလား။ နောက်ကွယ်မှာ ဘယ်လိုအကြောင်းတရားတွေ ရှိနေသေးလဲဆိုတာ ရင်ခုန်စွာ ဆက်လက်ရှုစားရမှာပါ။ ■






## နေ့ချင်းပြန်လည်ပတ်နိုင်မယ့် ခရီးစဉ်

သဘာဝတောတောင်ရေမြေရဲ့ လှပမှုတွေကို လက်တွေ့ကျကျခံစားနိုင်မယ့် နေရာလေးတစ်ခုကို ညွှန်းချင်တယ်။ ဒါကတော့ ကရင်ပြည်နယ်အတွင်းမှာ ရှိတဲ့ ဘားအံ (တောင်ဝိုင်း)၊ ချစ်သူမြိုင်ပန်းခြံ၊ ဇင်းကျိုက်ရေတံခွန်ခရီးစဉ်တွေကို နေ့ချင်းပြန်သွားရောက်လည်ပတ်နိုင်မယ့် အစီအစဉ်ဖြစ်ပါတယ်။ ဒီခရီးစဉ်မှာတော့ မဟာမြိုင်မှတ်တိုင်ကနေထွက်ခွာမှာဖြစ်ပြီး ပြည်လမ်းတစ်လျှောက်လိုက်ပါ စီးနင်းချင်သူတွေအတွက်လည်း အဆင်ပြေတဲ့နေရာကနေ စီးနင်းနိုင်မှာဖြစ်ပါတယ်။ ဒီခရီးစဉ်ကတော့ Adventure၊ Trekking နဲ့ Hiking Trip သုံးမျိုးစလုံး တစ်ပြိုင်တည်းခံစားရမှာပါ။ အရင်ဆုံး မိုးပျံ တောင်တက်လှေကားကြီးရှိရာ တောင်ဝိုင်း၊ Jet ski (ရေပေါ်ဆိုင်ကယ်) နဲ့ Banana Boat တို့ကိုလည်ပတ်နိုင်မှာဖြစ်ပါတယ်။ ဘားအံမြို့ရဲ့ အမှတ်သင်္ကေတဖြစ်တဲ့ ဇွဲကပင်တောင်ကိုကြည့်ရှု ခံစားနိုင်မယ့် ကန်သာယာ(View Point) ကိုလည်းပို့ဆောင်ပေးမှာဖြစ်ပါတယ်။ တစ်နေ့လုံးပင်ပန်းထားတာတွေကိုပြေပျောက်စေဖို့အတွက်တော့ ဇင်းကျိုက်ရေတံခွန်မှာ အပန်းဖြေဆော့ကစားနိုင်မှာ ဖြစ်ပါတယ်။

ဒီခရီးစဉ်ကတော့ သံလွင်မြစ်ကမ်းနံဘေးက ဖားနဂါးဘုရား (ရွှေရင်မြော်) တောတွင်းလျှောက်လမ်းလေးရဲ့လှပမှုကလည်း ခရီးသွားသူတွေအတွက်တော့ စိတ်ချမ်းမြေ့ဖွယ်ဖြစ်ရာတစ်ခုဖြစ်ပါတယ်။ တောင်ပေါ်တက်လမ်းတစ်လျှောက်မှာလည်း ကျေးငှက်သာရကာလေးတွေရဲ့တေးသီသံတွေ ကြားရတာကလည်း ကြည်နူးလွမ်းဆွတ်ဖွယ်ကောင်းလှပါတယ်။ တောင်ဝိုင်း တောင်ထိပ်မှာလည်း သပ္ပါယ်စွာတည်ရှိနေတဲ့ လောကဝိဓူစေတီကိုလည်း ဖူးမြော်နိုင်မှာဖြစ်ပါတယ်။ Trekking သွားရင်းနဲ့ လမ်းဘေးဝဲယာတစ်လျှောက်မှာမြင်ရတဲ့ တောင်ကုန်းကြီးတွေနဲ့ တိုင်းရင်းသား ကရင်လူမျိုးတို့ရဲ့ ချစ်စရာကောင်းတဲ့ ဓလေ့စရိုက်တွေကလည် ရိုးသားပွင့်လင်းလှတဲ့ လူနေမှုစရိုက်တွေကိုပါ တွေ့မြင်ရမှာဖြစ်ပါတယ်။ ခရီးစဉ်အတွက် ဝန်ဆောင်မှုတွေကတော့ နံနက်စာ၊ နေ့လယ်စာ အစားအစာတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဝါးတွေနဲ့ ခရီးစဉ်တစ်လျှောက် ဒေသန္တရဗဟုသုတတွေကို ပြောကြားပေးမယ့်ဧည့်လမ်းညွှန်တွေ ပါဝင်မှာဖြစ်ပါတယ်။ Trekking အစီအစဉ်တွေပါဝင်တာမို့ ဦးထုပ်၊ တောစီးဖိနပ်တွေ ယူဆောင်ဖို့လိုအပ်မှာဖြစ်ပါတယ်။ မိသားစုနဲ့ သီးသန့်သွားချင်သူတွေအတွက်လည်း စီစဉ်ပေးမှာဖြစ်တယ်လို့ခရီးစီစဉ်သူကဆိုပါတယ်။ ဒီခရီးစဉ်အတွက်တော့ တစ်ဦးကို ၃၅၀၀၀ ကျပ်ဖြစ်ပြီး ၅ ဦးဝယ်သူတွေအတွက် ၁ ဦးအခမဲ့လက်ဆောင်ပေးမှာဖြစ်ပါတယ်။ ခရီးစဉ်အတွက်တော့ အမှတ် ၈၀၊ လေးထောင်ကန်လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်ဖြစ်ပြီး ဖုန်း ၀၉-၂၆၄၆၃၄၁၁၈ နဲ့ ၇၈၆၆၆၀၄၅၁ ကိုဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■



ဓာတ်ပုံ- သန့်ဝင်းဦး

# မျိုးဆက်သစ် အဆိုရှင် နှစ်ယောက်ကို ပွဲထုတ်မယ့် ပိုးအိစံရဲ့ ဂီတသက်တမ်း နှစ် ၂၀ ပြည့် ဂီတဖျော်ဖြေပွဲ

**ရန်ကုန်၊ အောက်တိုဘာ ၆**

ရန်ကုန်မြို့ မြို့မကျောင်းလမ်းမှာရှိတဲ့ အမျိုးသားဇာတ်ရုံမှာ အောက်တိုဘာလ ၁၅ ရက်နေ့မှာ ပြုလုပ်သွားမယ့် ဂီတသက်တမ်း နှစ် ၂၀ ပြည့် အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲမှာ မျိုးဆက်သစ် အဆိုရှင် နှစ်ယောက်ကို ပွဲထုတ်သွားမှာ ဖြစ်ကြောင်း တေးသံရှင် ပိုးအိစံက ပြောကြားပါတယ်။

“ဒီပွဲမှာ ရွှေလာဆိုတဲ့ ကလေးနဲ့ သီဟဆိုတဲ့ ကလေးကို ပရိသတ်တွေနဲ့ မိတ်ဆက်ပေးမှာပါ။ သူတို့ နှစ်ယောက်က အနုပညာအရည်အသွေးအားဖြင့်လည်း မဆိုးဘူး။ ရွှေလာကတော့ ပိုးအိစံတို့ မျိုးဆက်ပေါ့။ သီဟကတော့ အပြင်က ကလေးပါ။ သူတို့နှစ်ယောက်ကတော့ သီချင်းအသစ်ကလေးတွေ ဆိုကြမယ်။ မမနဲ့ စုံတွဲဆိုဖို့အတွက်ကတော့ ဘယ်သီချင်းဆိုရင် ကောင်းမလဲ ရွေးနေတုန်းပါပဲ” လို့ ယင်းပွဲနဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ပိုးအိစံကို မွေးဖွားခြင်း နှစ် (၂၀) ပြည့် Live Show ကိုတော့ အပိုင်းသုံးပိုင်းခွဲကာ တင်ဆက်သွားမှာဖြစ်ပြီး၊ ပရိသတ်တွေ ကြိုက်ခဲ့တဲ့ မြန်မာသံသီချင်းတွေ၊ စတီရီယို သီချင်းတွေကို အပုဒ် သုံးဆယ်ခန့် သီဆိုဖျော်ဖြေပေးသွားမှာဖြစ်ကြောင်း၊ ဖခင်ဖြစ်သူ တေးသံရှင် သန်းထွန်းလေးနဲ့ သရုပ်ဆောင် ရန်အောင်တို့ကလည်း ပါဝင်အားဖြည့်သီဆိုပေးမှာ ဖြစ်ကြောင်း ပိုးအိစံက ပြောကြားပါတယ်။

“ဒီပွဲမှာအစ်ကိုကြီး ကိုရန်အောင် နဲ့ စုံတွဲသီချင်းလေးတွေဆိုမယ်။ သူနဲ့ထွက်ခဲ့တဲ့ မောင်ကြီးခေါ်ရာ စီးရီးက အရမ်းအောင်မြင်ခဲ့တယ်။ အခုချိန်အထိလည်း ရောင်းနေရတုန်းပဲ။ အဖေနဲ့ကတော့ စုံတွဲသီချင်းမဆိုဖြစ်ဘူး။ ပထမတော့ သီချင်းတစ်ပုဒ်တည်းကို သားအဖနှစ်ယောက် အတူတူဆိုမလားလို့ စဉ်းစားသေးတယ်။ ဒါပေမဲ့ တကယ်တမ်း ကီးချိန်ကြည့်တော့ အဖေက ကီးမြင့်ရင် ကိုယ်က နိမ့်နေတယ်။ ကိုယ်က ကီးမြင့်ရင် အဖေက နိမ့်နေတယ်။ စုံတွဲဆိုဖို့ အဆင်မပြေတဲ့အတွက် တစ်ပုဒ်စီပဲ ဆိုကြမယ်” လို့ ၎င်းကဆိုပါတယ်။

ယင်းဂီတဖျော်ဖြေပွဲအတွက် လက်မှတ်ဈေးနှုန်းကိုတော့ ကျပ် ၃၀၀၀၀၊ ကျပ် ၂၀၀၀၀၊ ကျပ် ၁၀၀၀၀ သတ်မှတ်ထားပြီး မန်းသီရိတေးသံသွင်းမှာ ဝယ်ယူရရှိနိုင်ပါတယ်။ ■



ဓာတ်ပုံ- သန့်ဝင်းဦး

# နောက်ဆုံးဆန်ခါတင် ပြိုင်ပွဲဝင် ၁၂ ဖွဲ့ရဲ့ Live Show သီဆိုယှဉ်ပြိုင်မှု စတင်တော့မယ့် The X- Factor Myanmar 2016 သီချင်းဆိုပြိုင်ပွဲ

**ရန်ကုန်၊ အောက်တိုဘာ ၆**

ကမ္ဘာကျော် The X – Factor သီချင်းဆိုပြိုင်ပွဲကို ပုံစံယူကျင်းပတဲ့ The X- Factor Myanmar 2016 သီချင်းပြိုင်ပွဲ Season 1 အတွက် နောက်ဆုံးဆန်ခါတင်ပြိုင်ပွဲဝင် ၁၂ ဖွဲ့ရဲ့ Live Show သီဆိုယှဉ်ပြိုင်မှုက ယခုလအတွင်း စတင်တော့မှာ ဖြစ်ပါတယ်။

“ဒီပြိုင်ပွဲအတွက် X- Factor ပြိုင်ပွဲကနေ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာ ပြီး အစ်ကိုတို့က အကဲဖြတ်ပေးရတာပါ။ နောက်ဆုံးဆန်ခါတင်ပြိုင်ပွဲဝင်တွေကတော့ အကုန်လုံးနဲ့ အဆင်ပြေဆုံးဖြစ်မယ့်၊ ပရိသတ်လည်း သဘောကျ နှစ်သက်မယ့်၊ နောက်ဆုံး Final အဆင့်မှာ ပရိသတ်တွေ ရွေးချယ်တဲ့ Winner က လုံးဝမမှားပါဘူးလို့ ပြောလို့ရအောင် အစ်ကိုတို့ ရွေးချယ်ပေးထားပါတယ်” လို့ အကဲဖြတ်ဒိုင်တစ်ဦးဖြစ်တဲ့ တေးသံရှင် စည်သူလွင်က ပြောကြားပါတယ်။

ပြိုင်ပွဲဝင် အဖွဲ့ ၁၂ ဖွဲ့က သီတင်းပတ်တိုင်းမှာ Love Song၊ Original Track၊ Legends Week စသည်ဖြင့် Theme အလိုက်သီဆို ယှဉ်ပြိုင်သွားရမှာဖြစ်ပြီး၊ ပရိသတ်ပေးတဲ့ Voting မှာ အမှတ်အနည်းဆုံး ရရှိတဲ့ ပြိုင်ပွဲဝင်အဖွဲ့ နှစ်ဖွဲ့ (သို့) ပြိုင်ပွဲဝင် နှစ်ဦးက ပြန်လည်သီဆို ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။

ပြန်လည်သီဆို ယှဉ်ပြိုင်ရာမှာတော့ အမှတ်အများဆုံးရရှိတဲ့ ပြိုင်ပွဲဝင်တစ်ယောက် (သို့) တစ်ဖွဲ့က နောက်တစ်ဆင့်ကို ဆက်လက်ယှဉ်ပြိုင်ရမှာဖြစ်ပေမယ့်၊ အမှတ်အနည်းဆုံးရရှိသူကတော့ ပြိုင်ပွဲကနေ အပြီးတိုင် နှုတ်ဆက်ထွက်ခွာရမှာဖြစ်ပါတယ်။

“ဒီပြိုင်မှာ Winner ရတဲ့သူက တစ်ခါတည်း တန်းပြီးတော့ အဆိုတော်ဖြစ်နိုင်တဲ့သူကို ရွေးတာဖြစ်တဲ့အတွက် အဆိုကောင်းတာ တစ်ခုတည်းမဟုတ်ဘဲ၊ အစစအရာရာ အကုန်လုံးကိုတွက်ပြီးတော့ ရွေးပါတယ်။ တချို့က အသံရော၊ ဆိုတာရော အရမ်းကောင်းပါတယ်။ တချို့ကျတော့လည်း ပရိသတ်အမြင်မှာ လိုအပ်နေတာလေးတွေ ရှိကောင်းရှိမယ်။ ကိုယ်တွေအမြင်မှာတော့ သူတို့ကို ဒီ့ထက်ပိုကောင်းအောင် လုပ်လို့ရသေးတယ်လို့ မြင်လို့ရွေးတာပါ” လို့ အကဲဖြတ်ဒိုင်တစ်ဦးဖြစ်တဲ့ တေးသံရှင်ငယ်ငယ်က ပြောကြားပါတယ်။

ပရိသတ်တွေအနေနဲ့ အပတ်စဉ် ယှဉ်ပြိုင်မှုမှာ မိမိအနှစ်သက်ဆုံးပြိုင်ပွဲဝင်ရဲ့ကုတ်နံပါတ်ကို တယ်လီနောဖုန်းများမှတစ်ဆင့် ၆၆၀၀ ကို SMS ပေးပို့နိုင်ပြီး၊ နောက်ဆုံး Final ပြိုင်ပွဲမှာ Winner ဆုရရှိသူကတော့ ဆုကြေးငွေ ကျပ် သိန်း ၁၅၀ နဲ့အတူ တေးစီးရီး Album တစ်ခွေ ထုတ်ဝေခွင့်ရမှာ ဖြစ်ပါတယ်။ ■



ဓာတ်ပုံ- အိမ့်ချစ် Facebook Page

# တစ်ကိုယ်တော် ဖျော်ဖြေပွဲ မတ်လမှာ ပြုလုပ်သွားမယ်ဆိုတဲ့ အိမ့်ချစ်

**ရန်ကုန်၊ အောက်တိုဘာ ၆**

တတိယမြောက်တစ်ကိုယ်တော် စီးရီးသစ်ဖြစ်တဲ့ အိမ့်ချစ်ဟုခေါ်သည်ကို ထွက်ရှိပြီးတဲ့နောက် ၂၀၁၇ ခုနှစ် မတ်လမှာ တစ်ကိုယ်တော်ဖျော်ဖြေပွဲ ပြုလုပ်သွားဖို့ရှိပါတယ် လို့ တေးသံရှင် အိမ့်ချစ်က TheVoice ကို ပြောကြားပါတယ်။

“အိမ့်ချစ်ရဲ့ တတိယမြောက်စီးရီးက ဒီဇင်ဘာ (သို့မဟုတ်) ဇန်နဝါရီမှာ ထွက်ပါမယ်။ စီးရီးနာမည်ကိုတော့ အိမ့်ချစ်ဟု ခေါ်သည် လို့ ပေးထားတယ်။ လောလောဆယ် ငါးဆယ်ရာခိုင်နှုန်းလောက်ပဲ ပြီးသေးတယ်။ အလယ် မှာ ၅၂၈ ရှိုးပွဲဝင်သွားတော့ ခွေထွက်ဖို့က နည်းနည်း ကြန့်ကြာသွားတယ်။ အဲ့ဒီခွေထွက်ပြီးရင် မတ်လမှာ တစ်ကိုယ်တော်ဖျော်ဖြေပွဲ လုပ်မှာပါ” လို့ ယင်းပွဲနဲ့ပတ်သက်ပြီး ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

မူလက တတိယမြောက်စီးရီးကို နိုဝင်ဘာလမှာ ထွက်ရှိပြီး ဒီဇင်ဘာလမှာ တစ်ကိုယ်တော်ဖျော်ဖြေပွဲလုပ် ဖို့ စီစဉ်ထားပေမယ့် ဖခင်ဖြစ်သူ တေးသံရှင်ချစ်ကောင်းနဲ့ ၅၂၈ ရှိုးပွဲလုပ်ဖြစ်လိုက်တဲ့အတွက် ရည်ရွယ်ထားတဲ့ အစီအစဉ်တွေကို နောက်ကို ရွှေ့လိုက်ရတာဖြစ်ကြောင်း တေးသံရှင် အိမ့်ချစ်က ပြောကြားပါတယ်။

“အိမ့်ချစ်ရဲ့ စီးရီးသစ်မှာတော့ ဘဝအကြောင်း သီချင်းတွေလည်းပါမယ်။ သီချင်းပုံစံ ခပ်မိုက်မိုက်တွေလည်း ပါမယ်။ ခပ်ကြမ်းကြမ်း သီချင်းတွေလည်းပါမယ်။ ဒီခွေကို ကြိုက်တဲ့ ပရိသတ်တွေရှိနိုင်သလို၊ မကြိုက်တဲ့ ပရိသတ်တွေလည်း ရာခိုင်နှုန်း များလိမ့်မယ်ထင်ပါတယ်။ ဒါပေမဲ့ အိမ့်ချစ်က အမြဲတမ်း အသစ်အဆန်းတွေ လုပ်နေချင်တဲ့ လူတစ်ယောက်ဖြစ်တဲ့အတွက် စမ်းသပ်ကြည့်တာပါ” လို့ ၎င်းကဆိုပါတယ်။ ■

# ဆီးရီးယား ဒုက္ခသည် မိသားစုများထံ လင်ဆေးလိုဟန် သွားရောက်လည်ပတ်

တူရကီမှာ အလည်အပတ်ရောက်ရှိနေတုန်း လင်ဆေးလိုဟန်ဟာ ဆီးရီးယားဒုက္ခသည်မိသားစုဆီကို သွားရောက် လည်ပတ်တွေ့ဆုံခဲ့ပါတယ်။

လက်ချောင်းမှာ မတော်တဆမှုကြောင့် ဒဏ်ရာရထားလို့ ဆေးကုနေရမယ့် ဆီးရီးယားဒုက္ခသည် မိသားစုတစ်စု နေရာအဆင်ပြေရေး သွားရောက်ကူညီခဲ့ပါတယ်။

Mean Girls ဇာတ်ကားက ဆူပါစတား လင်ဆေး ဟာ တူရကီကို သွားရောက်လည်ပတ်နေချိန်မှာ လက်ချောင်းဒဏ်ရာ လေ့စီးရင်း ရရှိခဲ့လို့ ဆေးရုံပြေးရပါသေးတယ်။

အသက် ၃၀ အရွယ် လင်ဆေးလိုဟန်ဟာ ဒဏ်ရာရပြီး နာကျင်မှုပြင်းထန်စွာ ခံစားရပေမယ့် ဆီးရီးယား ဒုက္ခသည်မိသားစုများ ရှိရာ ဆူလတန်ဘေလီကို သွားရောက်ခဲ့ပါတယ်။



contactmusic. com

ဒုက္ခသည်တွေနဲ့ တွေ့ဆုံပြီး မိသားစုတစ်စုကိုလည်း အိမ်ရအောင် ကူညီပေးခဲ့တယ်လို့ တူရကီသတင်းစာတစ်စောင်က အယ်ဒီတာတွေက ပြောကြားကြပါတယ်။

Instagram မှာ ဆီးရီးယားကလေးမလေးတစ်ယောက်နဲ့ ဓာတ်ပုံတွဲရိုက်ထားတဲ့ပုံကိုလည်း တင်ထားပါသေးတယ်။

“အိမ်သစ်လေးမှာ ပျော်စရာမိသားစုနဲ့ ရှိနေတဲ့ ကျွန်မရဲ့မင်းသမီးလေးနဲ့ ပြန်လည်ဆုံဆည်းခြင်း” လို့ ပုံစာရေးထားပါတယ်။ ■

# "အနုပညာလောကမှာ ရုပ်ရှင်ရိုက်ရတဲ့ သရုပ်ဆောင်က နည်းနည်းပဲရှိတာပါ။ ဗီဒီယိုနဲ့ ရပ်တည်နေရတဲ့ သရုပ်ဆောင်တွေ ၊ နယ်မင်းသားလေးတွေ အများကြီး ဒုက္ခရောက်ကြမှာပါ"

**မင်းမော်ကွန်းနဲ့ တွေ့ဆုံခြင်း** | သန့်ဇင်ဦး


ဓာတ်ပုံ- သန့်ဇင်ဦး

**နာမည်ကျော် သရုပ်ဆောင် မင်းမော်ကွန်းနဲ့ တွေ့ဆုံပြီး ရိုက်ကူးဖို့လက်ခံထားတဲ့ ရုပ်ရှင်ဇာတ်ကားများအကြောင်း၊ ယခင်ခေတ်က ဗီဒီယိုဈေးကွက်နဲ့ လက်ရှိ ဗီဒီယိုဈေးကွက်ရဲ့ကွာခြားချက်များအကြောင်းနဲ့ သရုပ်ဆောင်တွေကို စာချုပ်စာတမ်းတွေနဲ့ အလုပ်လုပ်ကြဖို့ တောင်းဆိုမှုတွေ ရှိလာတဲ့အပေါ် သူ့အမြင်တွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: တစ်လောက ဒါရိုက်တာ မောင်မောင်မြင့်လွင်နဲ့ ရိုက်ခဲ့တဲ့ အရမ်းမိုက်တယ်၊ အရမ်းကြိုက်တယ် ရုပ်ရှင်ဇာတ်ကားအကြောင်းကနေ စပြီးပြောပြပေးပါဦး။**

**MMK:** အဲ့ဒီကားလေးကတော့ အက်ရှင်၊ ဒရာမာ ဇာတ်ကားလေးပါ။ ဇာတ်လမ်းမှာတော့ အဖေတွေ ဖြစ်တဲ့ ကိုကျော်ရဲအောင်တို့၊ ကိုရဲအောင်တို့က အဆင့်အတန်းခွဲခြားတတ်တဲ့ သူဌေးကြီးတွေပေ့ါ။ သားတွေ၊ သမီးတွေကျတော့ ကိုယ်ချစ်တဲ့သူကိုပဲ လက်ထပ်ချင်ကြတယ်။ ဒါပေမဲ့ အဲ့ဒါကို မိဘတွေက မရမက ဝိုင်းပြီး ဖျက်ကြတဲ့ ဇာတ်လမ်းမျိုးပါ။ ကျွန်တော့်ရဲ့ကာရိုက်တာကတော့ အဖေ့လိုမျိုး လူတွေကို အဆင့်အတန်းမခွဲခြားတတ်တဲ့ သူဌေးသားတစ်ယောက်နေရာက သရုပ်ဆောင်ရတာပါ။ ကျွန်တော့်ချစ်သူကတော့ ယုသန္တာတင်ပါ။ ဒီကားမှာ အက်တင်ကို နင့်နင့်သည်းသည်း လုပ်ပြရမယ့် ဇာတ်ဝင်ခန်းတွေလည်းပါပါတယ်။

**Voice: နောက်ထပ်ရော ဘယ်လိုရုပ်ရှင်ဇာတ်ကားတွေ ရိုက်ဖို့လက်ခံထားသေးလဲ။**

**MMK:** ဒီကားပြီးရင် ဒါရိုက်တာ ကျော်ဇောလင်းနဲ့ ကားကြီးတစ်ကား ရိုက်ဖို့ရှိပါတယ်။ ဇာတ်လမ်းကတော့ ကျွန်တော့်ဆီမရောက်သေးပါဘူး။ ဒီကားက အူဝဲတို့ရဲ့ သုဒ္ဒါထုတ်လုပ်ရေးကနေ ရိုက်မှာပါ။ ကျွန်တော် လုပ်ရမယ့် ကာရိုက်တာလောက်ပဲ သိပါသေးတယ်။ အသေးစိတ်တော့ မသိရသေးပါဘူး။ နိုဝင်ဘာလထဲမှာတော့ ဒါရိုက်တာ သားညီနဲ့ လေးပါးကျော့ရှိန် ဝရဇိန်ဆိုတဲ့ ရုပ်ရှင်ရိုက်ဖို့ ရှိပါတယ်။ အဲ့ဒီကားကတော့ သရုပ်ဆောင်တွေ အက်တင်အပြိုင်အဆိုင် လုပ်ရမယ့် ဇာတ်လေးတစ်ဇာတ်ပါ။ အဲ့ဒါပြီးရင် ကိုစတီးလ်နဲ့ မိသားစုဒရာမာ ဇာတ်လေး ရိုက်ပါမယ်။ ဒီဇင်ဘာလထဲမှာတော့ ဒါရိုက်တာကိုမောင်မောင်မြင့်လွင်နဲ့ ရုပ်ရှင်တစ်ကားရိုက်ဖို့ ပြောထားတာ ရှိပါတယ်။ တောက်လျှောက်ကတော့ ကားကြီးတွေပဲ လက်ခံထားပါတယ်။

**Voice: ရုပ်ရှင်ကားကြီးတွေပဲ အရိုက်များနေကြတာဆိုတော့ ကိုယ်တိုင်လည်း ဗီဒီယိုဇာတ်ကားတွေကတော့ မရိုက်ဖြစ်သလောက်ပဲပေ့ါ။**

**MMK:** ဗီဒီယိုကတော့ မရိုက်ကျသလောက်ပါပဲ။ စာချုပ်ချုပ်ထားတဲ့ ထုတ်လုပ်ရေးတွေတောင်မှ လက်ကျန်ကားတွေပဲ ရိုက်တော့မယ့် သဘောရှိပါတယ်။ နောက်ထပ်ဇာတ်ကားအသစ်တွေ ရိုက်ဖို့ဆိုတာ သိပ်မရှိတော့ဘူး။ ကျွန်တော်တို့သရုပ်ဆောင်တွေဘက်ကလည်း ဈေးကွက်ပြန်ကောင်းလာဖို့ အနုပညာကြေး လျှော့နိုင်သလောက်လျှော့၊ စိုက်သင့်တာတွေ စိုက်ပေးတာပါပဲ။ ဒါပေမဲ့ ဈေးကွက်ကိုက ပြန်မတက်လာတော့ဘူး။ အားလုံးက ရုပ်ရှင်ဘက်ကိုပဲ ဦးတည်ပြီးသွားနေကြတယ်။

**Voice: ဗီဒီယိုဈေးကွက် ပြန်မကောင်းလာသေးတာက ဇာတ်ကားတွေအပေါ် ပရိသတ်တွေရဲ့ စိတ်ပါဝင်စားမှု လျော့လာလို့လား။ တခြား ဘယ်လိုအကြောင်းအရာတွေကြောင့် ဖြစ်နိုင်မလဲ။**

**MMK:** အဓိကကတော့ နယ်ဈေးကွက်နဲ့ ဖြန့်ချိရေးပိုင်းတွေကြောင့်ပါပဲ။ တချို့လူတွေက ဈေးကွက်ပျက်တာကို အကြောင်းပြပြီး ဇာတ်ကားတွေမယူတော့ဘူး ဆိုတာမျိုးရှိတယ်။ တချို့တွေကျတော့လည်း အကြွေးနဲ့ ဆိုယူတယ်။ အကြွေးတောင်းရင် မပေးနိုင်ကြဘူး။ အဲ့ဒီအတွက် ထုတ်လုပ်သူတွေက ဇာတ်ကားအသစ်တွေ ဆက်မရိုက်နိုင်ကြတော့ဘူး။

**Voice: ဗီဒီယိုဈေးကွက် ပျက်သွားတဲ့အတွက် သရုပ်ဆောင်တွေအဖို့ရော ဘယ်လိုထိခိုက်နစ်နာမှုတွေ ရှိလဲ။**

**MMK:** အနုပညာလောကမှာ ရုပ်ရှင်ရိုက်ရတဲ့ သရုပ်ဆောင်က နည်းနည်းပဲရှိတာပါ။ ဗီဒီယို နဲ့ ရပ်တည်နေရတဲ့ သရုပ်ဆောင်တွေ၊ နယ်မင်းသားလေးတွေ အများကြီး ဒုက္ခရောက်ကြမှာပါ။ ဗီဒီယိုနဲ့ ရပ်တည်ရှင်သန်နေကြတဲ့ စက်အဖွဲ့တွေ၊ ကင်မရာသမားတွေ အများကြီးပဲ ဒုက္ခရောက်ကြမှာပါ။ ဗီဒီယိုဈေးကွက် လုံးဝမပျက်သွားအောင်လို့ အားလုံးက ဝိုင်းပြီးတော့လုပ်နေကြတာပါပဲ။ ဒါပေမဲ့လည်း ဈေးကွက်ကတော့ ပျက်နေဆဲပါပဲ။

**Voice: ကိုယ်တိုင်က ဗီဒီယိုဈေးကွက် ခေတ်ကောင်းချိန်ကို မီခဲ့တဲ့ သရုပ်ဆောင်တစ်ယောက်ဆိုတော့ လက်ရှိ အခြေအနေနဲ့ နှိုင်းယှဉ်ရင် ဘယ်လိုကွာခြားမှုတွေရှိလဲ။**

**MMK:** ဗီဒီယိုဈေးကွက်ရဲ့အခြေအနေက ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတဲ့ အချိန်တုန်းကနဲ့ အရမ်းကွာသွားပါပြီ။ အရင်တုန်းကဆို ဦးမျိုးမင်းနဲ့ ကျွန်တော်တို့ ဗီဒီယိုတစ်ကားကို ရက်နှစ်ဆယ်၊ နှစ်ဆယ့်ငါးရက်အချိန်ယူပြီး ရိုက်ခဲ့ကြဖူးတယ်။ ဗီဒီယိုတစ်ကား ရိုက်ဖို့ကိုပဲ ဇာတ်ပွဲကြီးတွေငှား၊ ပရိသတ်တွေကို အခမဲ့ပြတယ်။ အဲ့ဒါကိုမှ ဇာတ်ဝင်ခန်းအနေနဲ့ ရိုက်ပေ့ါ။ အဲ့ဒီတုန်းက အခုလို Facebook တို့ ဘာတို့မရှိသေးဘူး။ ရိုက်ကွင်းဓာတ်ပုံတွေကြည့်ပြီးရင်ကို နယ်ကိုယ်စားလှယ်တွေက ရိုက်ကွင်းအထိကိုလာပြီး ဇာတ်ကားထွက်လာရင် ဝယ်ဖို့ စရန်တွေအတင်းပေးကြတယ်။ တချို့ဆိုလည်း ကျွန်တော်တို့ကိုပဲ ရောင်းပါဆိုပြီး ကြိုတင်ငွေတွေ အတင်းပေးနဲ့ လုပ်ကြတဲ့ ခေတ်ပေ့ါ။ အခုကျတော့ ဗီဒီယိုဈေးကွက်က တော်တော်ကြီးကို ယိုယွင်းပျက်စီးသွားပြီလို့ ပြောလို့ရပါတယ်။

**Voice: ဇာတ်ကားတစ်ကားရိုက်ရင် မင်းသား၊ မင်းသမီးကိုပေးရတဲ့ အနုပညာကြေးက တစ်ကားလုံးစာ ကုန်ကျစရိတ်ရဲ့ သုံးပုံနှစ်ပုံလောက်ရှိနေတယ်လို့ ပြောကြတယ်။ အဓိကသရုပ်ဆောင်တွေရဲ့ အနုပညာကြေးကို အတိုင်းအတာတစ်ခုအထိ လျှော့ပေးမယ်ဆိုရင် ဇာတ်ကားအရည်အသွေး ပိုကောင်းအောင်လုပ်ဖို့အတွက် လိုအပ်တဲ့နေရာတွေမှာ သုံးနိုင်မယ်လို့ ထုတ်လုပ်သူအချို့က ပြောကြတဲ့အပေါ်ကိုရော ဘယ်လိုမြင်မိလဲ။**

**MMK:** မင်းသားတွေ တော်တော်များများက ဇာတ်ကားတစ်ကားရိုက်ရင် ဒီနေရာလေးတော့ ဇာတ်ပို့ထဲက ဘယ်သူ့ကို ငှားပေးပါ။ ကျွန်တော်ရတဲ့ အနုပညာကြေးထဲက ဘယ်လောက်ထပ်လျှော့ပေးပါမယ်။ဒီနေရာလေးတော့ သူ့သုံးပေးပါဗျာ။ အဲ့ဒါမျိုးလေးတွေလုပ်ပေးကြပါတယ်။ ဆူပါမင်းသားတွေ တော်တော်များများ လုပ်ပေးကြတာပါ။ ကျွန်တော်တို့ခေတ်တုန်းကလည်း လုပ်ပေးခဲ့ပါတယ်။ မင်းသားတွေက သူ့ဈေးကွက်နဲ့ သူ့တန်းနဲ့သူ ပရိဂျူဆာဆီက အနုပညာကြေးတစ်ခုယူပြီးမှ၊ ပြန်စိုက်ပေးတာလည်းရှိပါတယ်။ အဲ့ဒီလို မယူထားရင် တချို့ပရိဂျူဆာတွေကျတော့ မင်းသားကဈေးလျှော့ပေးပေမယ့် ဇာတ်ပို့ဇာတ်ရံကောင်းကောင်းမသုံးတာမျိုးလည်းရှိတယ်။ မင်းသားတွေဘက်ကလည်း ကိုယ့်လောကကောင်းအောင်တော့ လုပ်ပေးကြတာပါပဲ။

**Voice: အခုနောက်ပိုင်းမှာ သရုပ်ဆောင်တွေကို စာချုပ်ချုပ်ပြီး အလုပ်လုပ်ဖို့ ထုတ်လုပ်သူနဲ့ ဒါရိုက်တာတွေက တောင်းဆိုမှုတွေ ရှိလာတော့မယ့်အပေါ်ကိုရော ဘယ်လိုမြင်မိလဲ။**

**MMK:** နိုင်ငံတကာမှာတော့ စာချုပ်စာတမ်းတွေနဲ့ အလုပ်လုပ်နေကြတာပါပဲ။ ကျွန်တော်တို့ခေတ်တုန်းကလည်း စာချုပ်စာတမ်းမရှိခဲ့ပေမယ့် ကိုယ့်ရဲ့စည်းကမ်း၊ ကိုယ့်ရဲ့ကတိကဝတ်ကို မဖောက်ဖျက်ခဲ့ဘဲ ဒီတိုင်းပဲ လုပ်ခဲ့ကြတာပါပဲ။ အခုချိန်အထိလည်း ဒီတိုင်းလုပ်နေတဲ့သူတွေရှိပါတယ်။ ဒါပေမဲ့ စာချုပ်စာတမ်းတွေ ရှိလာရင်တော့ အလုပ်လုပ်တဲ့နေရာမှာ ပိုပြီးတော့ ခိုင်ခိုင်မာမာဖြစ်မယ်။ ပိုပြီးတော့ စည်းကမ်းရှိလာမယ်လို့ မျှော်လင့်ပါတယ်။

## Recap

❍ ဒါရိုက်တာ သိန်းဟန် ( ဖီးနစ် ) ရိုက်ကူးတဲ့ မာန် လို့အမည်ရတဲ့ မိသားစုဒရာမာ ရုပ်သံဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ထားပါတယ်လို့ သရုပ်ဆောင်ရဲအောင်က The Voice ကို ပြောကြားပါတယ်။

"ဒီဇာတ်လမ်းတွဲက မိသားစု ဇာတ်လေးပါပဲ။ နှစ်ဖက်မိဘတွေက မာန်မာန၊ အတ္တတွေ ပြိုင်ကြတဲ့ ဇာတ်ကလေးပါပဲ။ ဒါက Mini Serie လို့ပြောပါတယ်။ လွှင့်မှာကတော့ MRTV4 ကနေ လွှင့်မှာပါ။ အခုလို မြန်မာ ဇာတ်လမ်းတွဲတွေကို ပရိသတ်တွေ အားပေးလာတာက ကျွန်တော်တို့ အနုပညာသမားတွေအတွက် ကောင်းပါတယ်။ ကျွန်တော်တို့အတွက် အနုပညာပိုင်းဆိုင်ရာမှာ လှုပ်ရှားခွင့်တွေပိုများလာတာပေ့ါ" လို့ ၎င်းက ပြောကြားပါတယ်။

❍ နာမည်ကျော် အမျိုးသား မော်ဒယ်လ်တစ်ယောက်ဖြစ်တဲ့ ပိုင်တံခွန်က ဒီဇင်ဘာလအတွင်းမှာ ဒါရိုက်တာ အရဏ်ဦး ပွင့်သိင်္ဂီဇော် ရိုက်ကူးမယ့် Calendar Boys ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ဖို့ ရှိပါတယ်လို့ The Voice ကို ပြောကြားပါတယ်။

"ဒီဇာတ်ကား က အမျိုးသား မော်ဒယ်လ်တွေရဲ့အကြောင်းကိုရိုက်ပြမှာပါ။ သရုပ်ဆောင်တွေကတော့ ကိုဇေရဲထက်၊ ကိုအောင်လေး ကျွန်တော်နဲ့ လင်းအောင်ခေတ် ပါပါတယ်။ ကျွန်တော့်အတွက် ပထမဆုံး ရုပ်ရှင်ဇာတ်ကားကြီးဖြစ်တာကြောင့် ရင်လည်းခုန်ပါတယ်။ ဇာတ်လမ်းအသေးစိတ်ကတော့ ဇာတ်ညွှန်းရေးနေတုန်း ဖြစ်တဲ့အတွက် မသိရသေးပါဘူး" လို့ ၎င်းကဆိုပါတယ်။

# ရုပ်သံဇာတ်လမ်းတွဲ Chief Kim မှာ ပါဝင်သရုပ်ဆောင်မယ့် ချာတေဟွန်း

ဆိုးလ်၊ အောက်တိုဘာ ၆


soompi.com

နာမည်ကျော် ကိုရီးယားသရုပ်ဆောင် ချာတေဟွန်း က KBS2 ကနေရိုက်ကူးမယ့် ဟာသရုပ်သံ ဇာတ်လမ်းတွဲ Chief Kim မှာ ပါဝင်သရုပ်ဆောင်သွားဖို့ရှိကြောင်း soompi.com မှာ ဖော်ပြထားပါတယ်။

ဒီဇာတ်လမ်းတွဲမှာတော့ ချာတေဟွန်းက အဓိကဇာတ်ကောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပြီး၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ ထုတ်လွှင့်ပြသသွားဖို့ စီစဉ်ထားပါတယ်။

ဒီဇာတ်လမ်းတွဲက ရုံးလုပ်ငန်းခွင်တစ်ခုမှာ အကြီးအကဲဖြစ်သူနဲ့ လက်အောက်ငယ်သား ဝန်ထမ်း တွေရဲ့လုပ်ငန်းခွင်အတွေ့အကြုံတွေ၊ ပေါင်းသင်း ဆက်ဆံရေးတွေကို ဖော်ကျူးရိုက်ကူးမယ့် ဟာသရုပ်သံဇာတ် လမ်း တွဲဖြစ်ပါတယ်။

ချာတေဟွန်းက ၂၀၁၅ နှစ်တုန်းက Producer ရုပ်သံဇာတ်လမ်းတွဲကို နောက်ဆုံး ရိုက်ကူးခဲ့တာပါ။ သူပါ ဝင်သရုပ်ဆောင်မယ့် ရုပ်သံဇာတ်လမ်းတွဲသစ် Chief Kim ကိုတော့ အပတ်စဉ် ဗုဒ္ဓဟူးနေ့နဲ့ ကြာသပတေးနေ့တွေမှာ ထုတ်လွှင့်ပြသသွားမှာ ဖြစ်ပါတယ်။

# လူသားသည် အသက် ၁၂၅ နှစ်ထက်ကျော်လွန်ပြီး မနေနိုင်ဟုဆို

**နယူးယောက်၊ အောက်တိုဘာ ၆**


Getty Ima

လူသား၏ သက်တမ်းကို ၁၂၅ နှစ်အထိသာ ကန့်သတ်ထားခြင်းခံရပြီး ယင်းအသက်ထက်ကျော်လွန်ကာ ရှင်သန်နိုင်ခြင်း မရှိကြောင်း နယူးယောက်၊ ဘရောင့်စ်မြို့ရှိ အဲလ်ဘတ် အိုင်စတိုင်းကောလိပ်မှ ယန်းဗစ်ဆိုသူ ဦးဆောင်သည့် သုတေသနအဖွဲ့တစ်ခုက ဖော်ထုတ်နိုင်ခဲ့ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

လေ့လာစမ်းသပ်ချက်များ အရ ၁၉၉၇ ခုနှစ်တွင် ကွယ်လွန်သွားခဲ့သူ ပြင်သစ်နိုင်ငံမှ ဂျင်နီ ကောမန့်ဆိုသည့် အမျိုးသမီးကြီးသည် အသက် ၁၂၂ နှစ်အထိ နေထိုင်နိုင်ခဲ့ပြီး အသက်အရှည်ဆုံး နေထိုင်နိုင်ခဲ့သူဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

လူသား၏သက်တမ်းကို အများဆုံး ၁၂၅ အထိသာ ကန့်သတ်ထားသဖြင့် ထိုသက်တမ်းထက်ကျော်လွန်ပြီး အသက်ရှင်ခွင့်မရှိကြောင်း သုတေသီများကို ထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ လူ့သက်တမ်းကို အများဆုံး ၁၂၂ နှစ်ဟုသာ သတ်မှတ်နိုင်သေးပြီး အသက်ပိုပြီး ရှင်သန်နိုင်စေရန်အတွက် နှစ်ကာလများစွာ စီစဉ်ကြိုးပမ်းနေကြသော်လည်း အောင်မြင်ခြင်း မရှိခဲ့သေးပေ။

သိပ္ပံပညာရှင်များသည် လူတို့၏သက်တမ်းကို ပိုပြီးတိုးချဲ့နိုင်စေရန် ကြိုးစားအားထုတ်ပြီး အရွယ်မတိုင်မီ သေဆုံးခြင်းနှင့် ကလေးအရွယ်ကတည်းက သေဆုံးမှုများအတွက် အစားထိုးရန် စီစဉ်ကြသော်လည်း သက်တမ်းတိုးမြှင့် နိုင်တိုင်း မည်သည့်အတိုင်းအတာအထိ စွမ်းဆောင်ရည်ရှိကြောင်းမှာ ပြန်လည်ဆန်းစစ်စရာ ကိစ္စများဖြစ်နေခဲ့သည်။

ပညာရှင်များက ၁၉၆၈ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ကမ္ဘာ့သက်ကြီးရွယ်အိုတို့၏ အသက်ရှည်နှုန်းကို လေ့လာ ဆန်းစစ်ပြီးနောက် လူသားတို့သည် ယခင်ကထက် အသက်ပိုရှည်စွာ နေထိုင်ရသည် မှန်သော်လည်း သက်တမ်း ချဲ့ခြင်းကိုမူ မစွမ်းဆောင်နိုင်သေးကြောင်း Reuters တွင်ရေးသားထားသည်။ အသက် ၁၂၂ နှစ်အထိနေထိုင်သွားသည့် ဂျင်နီသည် အသက် ၁၀၀ ပြည့်သည်အထိ စက်ဘီးကို စီးနင်းခဲ့ကြောင်း၊ သူမသည် မကွယ်လွန်မီ ငါးနှစ်အထိ တစ်နေ့လျှင် စီးကရက်နှစ်လိပ်သောက်ကြောင်း၊ သူ့ခင်ပွန်းသည် အသက် ၇၃ နှစ်ကတည်းက ကွယ်လွန် သွားခဲ့သူဖြစ်ကြောင်း ပညာရှင်များကပြောကြားသည်။

ကမ္ဘာပေါ်တွင် ဂျင်နီကဲ့သို့ အသက်ရှည်စွာ နေထိုင်နိုင်သူမှာ နှစ်တစ်သောင်းတွင် တစ်ဦးခန့်သာရှိနိုင်ကြောင်း၊ သူမသည် ကမ္ဘာပေါ်တွင် ၁၂၂ နှစ်နှင့် ၁၆၄ ရက်တိတိ အသက်ရှင်နေထိုင်နိုင်ခဲ့သဖြင့် ကမ္ဘာ့အသက်အရှည်ဆုံး စာရင်းဝင်ခဲ့ကြောင်း သူမထက် အသက်ရှည်စွာ နေထိုင်နိုင်သူ ပေါ်ပေါက်ဦးမည် မထင်ကြောင်း Reuters တွင် ရေးသားထားသည်။ ■

---

# နောက်ထုတ်မည့် iPhone 8 အသစ်အတွက် နည်းပညာ လျှို့ဝှက်ထားမှုများကိုဖွင့်ချ

**ဝါရှင်တန်၊ အောက်တိုဘာ ၆**


TechFirst

iPhone မျိုးဆက်တွင် ဒသမမြောက်ထုတ်လုပ်ခြင်းဖြစ်မည့် iPhone 8 ကို နည်းပညာအသစ်၊ တီထွင်ဆန်းသစ်မှုအသစ်များဖြင့် လုပ်ဆောင်လျက်ရှိပြီး ဖုန်းအသစ်တွင် ပါဝင်မည့် လျှို့ဝှက်ချက်များကို Forbes သတင်းတွင် ဖော်ပြထားသည်။

iPhone 7 နှင့် iPhone 7 Plus တို့တွင် Home ခလုတ်ကိုတွေ့ရသော်လည်း နောက်ထုတ်မည့် iPhone 8 တွင် ယင်းခလုတ်များကိုတွေ့ရတော့မည်မဟုတ်ကြောင်း ယင်းသတင်းကဆိုသည်။

iPhone 8 တွင် မျက်နှာပြင်နှင့်ကျောသည် OLED မျက်နှာပြင်အခုံးနှင့်ထုတ်ရန် စီစဉ်ထားကြောင်း၊ ရှေ့နောက် မျက်နှာပြင်နှစ်ခုလုံးသည် အခုံးအသွင်ဖြင့် ကိုင်ဆောင်ကြရမည်ဖြစ်ပြီး ကျောဘက်တွင်လည်း အခုံးဖြစ်ကာ ခလုတ်အများစုကို ကျောဘက်သို့ ပို့ထားနိုင်စေရန် စီစဉ်ထားသည်။

ဖုန်းတစ်ခုလုံးတွင် အသုံးပြုထားသည့် TouchID ဆိုသည့် စနစ်ကြောင့် ယခင်တွေ့မြင်နေရသည့် ဘေးဘက်နှင့် အောက်ခြေမှ ခလုတ်အားလုံး ပျောက်သွားပြီး တို့ထိလိုက်မှသာ မြင်ကွင်းများပေါ်တွင် ခလုတ်များပေါ်လာစေရန် စီစဉ်ထားသည်။

iPhone 8 တွင် အဓိကအရေးကြီးသည့်အပိုင်းမှာ လက်ဗွေကို အသိအမှတ်ပြုသည့်စနစ်ဖြစ်ပြီး iOS ကွန်ပျူတာ လုပ်ဆောင်ရေးစနစ်များတွင် အသုံးပြုနေသည့်အတိုင်း မိမိလက်ဗွေအစစ်အမှန်ဖြင့်သာ ဖုန်းကို ဖွင့်နိုင်ရန် စီစဉ်ထားသည်။

ယင်းသို့လက်ဗွေစနစ်ကို iPhone 8 တွင်ထည့်သွင်းထားရခြင်းမှာ အွန်လိုင်းကတစ်ဆင့် Apple Pay နှင့် ဘဏ် လုပ်ငန်းငွေကြေးအပေးအယူများကို လုပ်ဆောင်ရာတွင် ပိုမိုလုံခြုံစိတ်ချရစေရန်ဖြစ်သည်။

Apple ကုမ္ပဏီထုတ် iPhone 8 တွင် စိတ်ဝင်စားစရာအကောင်းဆုံး တီထွင်မှုမှာ TouchID အပိုင်းဖြစ်ကြောင်း၊ ယင်းစနစ်ကို ကုမ္ပဏီအနေဖြင့် ၂၀၁၄ ခုနှစ်ကတည်း တီထွင်နေခဲ့ပြီး၊ လက်ဗွေကိုလည်း အထွေအထူး သတ်မှတ် ထားသည့်နေရာတွင် သက်သေခံခိုင်းစရာမလိုဘဲ ကိုင်လိုက်သည့်လက်အပေါ် ပိုင်ရှင်ကို အသိအမှတ်ပြုပြီး ဖုန်းကို ဖွင့်ပေးမည့်စနစ်က နည်းပညာအားလုံးတွင် အမြင့်ဆုံးဖြစ်မည်ထင်ကြောင်း Forbes သတင်းတွင် ရေးသားထားသည်။

TouchID စနစ်ဖြင့် ဖော်ဆောင်ထားသည့် စမတ်ဖုန်းများသည် လာမည့်နှစ်အတွင်း ဈေးကွက်တွင် ရောက်လာနိုင်သော်လည်း Apple နည်းပညာကို ကုမ္ပဏီတိုင်းကစောင့်ကြည့်နေသည့်အဆင့်တွင် ရှိနေကြောင်း AP သတင်းတွင် ဖော်ပြထားသည်။ ■

---

## NEWS IN BRIEF

### တရုတ်သူဌေးနှင့်အကြီးအကဲ ၂၀ အာကာသသို့စေလွှတ်ရန်စီစဉ်

နိုင်ငံတော်က ကျောထောက်နောက်ခံပြုထားသည့် တရုတ်အာကာသနည်းပညာအဖွဲ့က စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ စုစုပေါင်း ၂၀ ဦးကို အာကာသအတွင်း စေလွှတ်ရန် စီစဉ်နေကြောင်း သတင်း ထုတ်ပြန်ချက်ကို Reuters သတင်းတွင် ဖော်ပြထားသည်။

မက္ကဆီကိုနိုင်ငံ၊ ဂွါဒါလာဂျာရာမြို့တွင် ကျင်းပနေသည့် နိုင်ငံတကာ အာကာသယာဉ်မှူးများ ညီလာခံတွင် တရုတ်တို့နှင့်ပြိုင်ဘက် Virgin Galatic and Blue Origin အဖွဲ့က လူပုဂ္ဂိုလ် ၆ ဦးကို အာကာသအတွင်း စေလွှတ်ရန် စီစဉ်ကြောင်း ထုတ်ဖော်ချက်ကို တရုတ်တို့က ယင်းသို့တုံ့ပြန်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံပညာရှင်များက အာကာသခရီးစဉ်ကို လူတိုင်းခရီးသွားလာနိုင်သည့် လုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲနိုင်ရန် စတင်စီစဉ်နေခြင်းဖြစ်ကြောင်း Reuters တွင် ရေးသားထားသည်။ ■

### အင်္ဂါဂြိုဟ်ပေါ်သို့ Boeing ဒုံးပျံဖြင့် ပထမဆုံး ဆင်းသက်မည်ဟုဆို

SpaceX အာကာသခရီးစဉ်ကို ပုဂ္ဂလိကအနေဖြင့် စီစဉ်နေသည့် အီလန် မာ့ခ်စ်က လာမည့် ဆယ်စုနှစ် အတွင်း အင်္ဂါဂြိုဟ်ပေါ်သို့ ပထမဆုံး ခြေချနိုင်မည့်သူများထဲတွင် မိမိတို့သည် ပထမဆုံးဖြစ်ရန် စီစဉ်နေပြီး Boeing ကုမ္ပဏီထုတ် ဒုံးပျံဖြင့်ရောက်ရှိဆင်းသက်မည်ဖြစ်ကြောင်း ပြောကြားချက်ကို AFP သတင်းတွင် ဖော်ပြထားသည်။

လေယာဉ်နှင့် အာကာသယာဉ်များအတွက် အင်ဂျင်နှင့် အခြားတီထွင်ထုတ်လုပ်မှုများကို နှစ်ပေါင်းများစွာ NASA အဖွဲ့အတွက်ပါ လုပ်ဆောင်ပေးခဲ့သော Boeing ကုမ္ပဏီသည် Saturn V ဒုံးပျံဖြင့် လပေါ်သို့လည်း ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။

Boeing ကုမ္ပဏီသည် လက်ရှိတွင် SpaceX အတွက်သာမက NASA အတွက်ပါ အင်္ဂါဂြိုဟ်ခရီးစဉ်အတွက် ဒုံးပျံများကို စီစဉ်ပေးနေကြောင်း AFP တွင် ရေးသားထားသည်။ ■

### ဦးနှောက်ကြီးလေ သမ်းဝေမှုများလေဟုဆို

သက်ရှိမျိုးစိတ်ပေါင်း ၁၉ မျိုးတွင် လူအပါအဝင် မျိုးစိတ်ပေါင်း ၁၀၉ မျိုးသည် သမ်းဝေတတ်ပြီး ဦးနှောက် အလေးချိန်နှင့် အရွယ်အစားအလိုက် ကြီးလေ သမ်းဝေမှုများလေဖြစ်ကြောင်း Scientific American သတင်း တွင်ဖော်ပြထားသည်။

သမ်းဝေချိန်တွင် ပါးစပ်ဟလိုက်ခြင်းသည် ဦးနှောက်ကလိုအပ်နေသည့် လေကို စုပ်ယူလိုက်သည့်သဘောဖြစ်ပြီး လေးလံထိုင်းမှိုင်းနေသည့် ဦးနှောက်ကို မူလအတိုင်းဖြစ်စေရန် ပြန်လည်ပြုပြင်ပေးသည့်သဘောဖြစ်ကြောင်း လေ့လာသုတေသနပြုသူများက ပြောကြားသည်။

သက်ရှိသတ္တဝါများ၏ သမ်းဝေခြင်း အလေ့အထကို နယူးယောက်တက္ကသိုလ်မှ စိတ်ပညာရှင် အန်းဒရူး ဂါးလပ် ဦးဆောင်သည့်အဖွဲ့က လေ့လာသုံးသပ်နေခြင်းဖြစ်ကြောင်း Scientific American တွင်ရေးသားထားသည်။ ■

### လူနာများကို အင်ဆူလင်ဆေးပေးသည့်ပိုက်စနစ်ကို ဟက်ကာများထိန်းချုပ်

ဟက်ကာဆိုသည်မှာ အစိုးရနှင့် ဘဏ်စနစ်များကို ခိုးဖောက်နိုင်သူများဟု ထင်နေကြချိန်တွင် ဆေးရုံတွင်လူနာကို အင်ဆူလင်ဆေး အချိန်နှင့် အတိုင်းအဆဖြင့် ပေးသည့်အလိုအလျောက်စနစ်ကို ဟက်ကာများ ခိုးဖောက်ထိန်းချုပ်နိုင်ကြောင်း Digital Trends သတင်းတွင်ဖော်ပြထားသည်။

အင်ဆူလင်ဆေးများကို အချိန်အတိုင်းအဆနှင့် သွင်းနေရသည့် ဆီးချိုဝေဒနာရှင်ပေါင်း တစ်သိန်းကျော်သည် အလိုအလျောက်စနစ်ကို အသုံးပြုနေလျှင် ဟက်ကာများက ဆေးကို အလွန်အမင်းဖြစ်သွားစေရန် ထိန်းချုပ် လုပ်ဆောင်နိုင်ကြောင်း ယင်းသတင်းကဆိုသည်။

ကြိုးမဲ့ ဝါယာလက်စနစ်ဖြင့် လည်းကောင်း၊ Wi-Fi စနစ်များဖြင့်လည်းကောင်း လူနာကိုထိန်းချုပ်ကာ အလို အလျောက်ဆေးသွင်းပေးသည့်စနစ်ကို သတိထားသင့်ကြောင်း Reuters သတင်းတွင် ရေးသားထားသည်။ ■

### ကမ္ဘာ့စက်ရုပ်ထိပ်သီးညီလာခံ ၂၀၂၀ တွင်ဂျပန်၌ကျင်းပမည်

စက်ရုပ်များ၏အိုလံပစ်ပွဲဟုခေါ်ကြသော ကမ္ဘာ့စက်ရုပ်ထိပ်သီးညီလာခံပွဲကြီးကို လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့နွေရာသီပွဲတွင် ကျင်းပမည်ဖြစ်ကြောင်း AFP သတင်းတွင်ဖော်ပြထားသည်။

ကမ္ဘာ့စက်ရုပ်ညီလာခံတွင် လူသားနှင့် စက်ရုပ်များ၏တီထွင်မှုများကို စိတ်လှုပ်ရှားဖွယ် ပြိုင်ပွဲကြီးတစ်ခု အနေဖြင့်လည်း ထည့်သွင်းထားကြောင်း ယင်းသတင်းကဆိုသည်။

ယင်းညီလာခံကို ဂျပန်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ဆိုင်မှုနှင့် ပြပွဲနှစ်ခုကို ပေါင်းစပ်ကာ စက်ရုပ်များတီထွင်မှု ဖွံ့ဖြိုးတိုးတက်လာစေရန် ကြီးမှူးပြုလုပ်ပေးခြင်းဖြစ်ကြောင်း AFP သတင်းတွင်ရေးသားထားသည်။ ■

# ကုန်သွယ်မှုကျသော်လည်း ယခုနှစ်မြန်မာ့စီးပွားရေး တိုးတက်နှုန်းမြင့်မည်ဟု ကမ္ဘာ့ဘဏ်ဆို

**ရန်ကုန်၊ အောက်တိုဘာ ၆**

ယခုအစိုးရလက်ထက်အတွင်း ကုန်သွယ်မှုကျဆင်းသော်လည်း ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်း မြန်မာ့စီးပွားရေး တိုးတက်မှုနှုန်းသည် ၇ ဒသမ ၈ ရာခိုင်နှုန်းအထိ ရှိမည်ဖြစ်ပြီး အာဆီယံဒေသတွင်း နိုင်ငံများထက် များပြားသည့်ပမာဏဖြစ်ကြောင်း ကမ္ဘာ့ဘဏ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်း မြင့်မားသည်ဟု ဆိုနိုင်သော်လည်း (၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ၁၀ ရာခိုင်နှုန်း) စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်လက်အားကောင်းနေပြီး တစ်နှစ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်းသည် ၈ ဒသမ ၅ ရာခိုင်နှုန်းတွင် ထိန်းထားနိုင်မည်ဖြစ်ကြောင်း ယင်းအစီရင်ခံစာအရ သိရသည်။

သို့သော် စီးပွားရေးတိုးတက်မှုနှုန်းကို နှောင့်ယှက်မည့် အန္တရာယ်အလားအလာများလည်း သိသိသာသာရှိဆဲဖြစ်ပြီး ရေရှည်ကာလအထိ ဆင်းရဲချမ်းသာမရွေး လူတိုင်းအကျိုးခံစားနိုင်မည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆက်လက်ဖြစ်ပေါ်နေစေရန် အခြေခံအဆောက်အဦ လိုအပ်ချက် မြင့်မားနေမှု၊ အာဟာရချို့တဲ့မှုနှင့် အလုံးစုံပါဝင်နိုင်သည့် ငွေရေးကြေးရေးစနစ် ဖော်ဆောင်နိုင်ရေးတို့ကို လုပ်ဆောင်ရန်လိုအပ်ကြောင်း ကမ္ဘာ့ဘဏ်အစီရင်ခံစာတွင် တိုက်တွန်းထားသည်။

"ကမ္ဘာ့ငွေရေးကြေးရေးကဏ္ဍ သိသိသာသာ ကျပ်တည်းသွားတာ၊ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း ထပ်ပြီးနှေးကွေးကျဆင်းသွားတာ သို့မဟုတ် တရုတ်နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုနှုန်းက မျှော်လင့်ထားတာထက် မြန်မြန်ကြီးနှေးကွေးသွားတာ စတာတွေက အရှေ့အာရှဒေသရဲ့ ကြံ့ကြံ့ခံနိုင်စွမ်းရှိမှုကို စမ်းသပ်ပါလိမ့်မယ်" ဟု အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ဘဏ်၏ စီးပွားရေးပညာရှင်အကြီးအကဲ Mr. Sudhir Shetty က ပြောဆိုသည်။

သို့သော် လက်ရှိအစိုးရလက်ထက်အတွင်း မြန်မာ့စီးပွားရေးအခြေအနေတွင် အမေရိကန်ဒေါ်လာဈေး မြင့်တက်ခြင်း၊ အိမ်၊ ခြံ၊ မြေ ဈေးကွက် ရပ်တန့်နေခြင်း၊ သွင်းကုန်အလွန်များပြား၍ ပို့ကုန်နည်းပါးခြင်းကြောင့် ကုန်သွယ်မှုကျဆင်းခြင်းတို့ကို ရင်ဆိုင်နေရကြောင်း စီးပွားရေးပညာရှင်များထံမှ သိရသည်။ ■




ခရီးသည်တင်ယာဉ်ပေါ်တွင် တင်ဆောင်လာသော တရားမဝင်သစ်များကို တွေ့ရစဉ်

# သပိတ်ကျင်း ခရီးသည်တင်ယာဉ်တစ်စီးပေါ်မှ တရားမဝင်သစ်များဖမ်းမိ

**သပိတ်ကျင်း၊ အောက်တိုဘာ ၆**

သပိတ်ကျင်းမြို့နယ် လမ်းလယ်ကျစ်ကျေးရွာအုပ်စု ဖော့တောကျေးရွာလမ်းဆုံ၌ အောက်တိုဘာလ ၆ ရက် နံနက် ၆ နာရီ ၃၀အချိန်က ခရီးသည်တင်ယာဉ်တစ်စီးပေါ်မှ တရားမဝင်သစ်များ ဖမ်းဆီးရမိကြောင်း ဖော့တောကျေးရွာ သစ်တောဌာန တောအုပ် ဦးတင်ဦးက ပြောကြားသည်။

တကောင်း-ရွှေဘို ပြေးဆွဲလျက်ရှိသော ရတနာသီဟမော်တော်ယာဉ်လိုင်းရှိ ခရီးသည်တင်ယာဉ်တစ်စီးသည် တရားမဝင်သစ်များ တင်ဆောင်မောင်းနှင်လာကြောင်း သတင်းရသဖြင့် စစ်ဆေးရာ အဆိုပါယာဉ်ပေါ်တွင် ၁၈ ပေ အရှည်ရှိ ပျဉ်းကတိုးသစ်ခွဲသားဆိုဒ်စုံ ၉၂ ချောင်း သိမ်းဆည်းရမိခဲ့သည်ဟု ၎င်းကဆိုသည်။

ကားသမားတွေထွက်ဆိုချက်အရ သစ်ပိုင်ရှင်က ထီးချိုင့်မြို့နယ်ကလို့ သိရတယ်။ ဖမ်းဆီးရမိတဲ့ဟာကိုတော့ သစ်တော ဥပဒေပုဒ်မ ၄၂/ခ နဲ့ တရားစွဲဆိုထားပါတယ်" ဟု ၎င်းကရှင်းပြသည်။

ကျေးရွာလမ်းဆုံ လဝကရုံးရှေ့တွင် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ဖော့တောကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလှိုင်က ပြောဆိုသည်။ ■

# ကမ္ဘောဇဘဏ်၏ နိုင်ငံတကာကိုယ်စားလှယ်ရုံး စင်ကာပူတွင် စဖွင့်

**ရန်ကုန်၊ အောက်တိုဘာ ၆**

ကမ္ဘောဇဘဏ်၏ ဒုတိယမြောက် နိုင်ငံတကာကိုယ်စားလှယ်ရုံးကို စင်ကာပူနိုင်ငံတွင် စတင်ဖွင့်လှစ်လိုက်ကြောင်း ကမ္ဘောဇဘဏ်ထံမှ သိရသည်။

စင်ကာပူနိုင်ငံရှိ နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးခွဲသည် မြန်မာနှင့်စင်ကာပူနှစ်နိုင်ငံဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအတွက် သတင်းအချက်အလက်ဌာနအဖြစ် ဆောင်ရွက်မည့်အပြင် ဈေးကွက်သုတေသန လုပ်ငန်းများနှင့် ပုဂ္ဂလိကဝန်ဆောင်မှုများကိုလုပ်ဆောင်မည်ဖြစ်ကြောင်း အဆိုပါဘဏ်ထံမှ သိရသည်။

ကမ္ဘောဇဘဏ်သည် စင်ကာပူနိုင်ငံအပြင် ထိုင်းနိုင်ငံတွင်လည်း ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ထားပြီးဖြစ်ကာ နောက်တတိယမြောက် နိုင်ငံတကာကိုယ်စားလှယ်ရုံးကိုလည်း မလေးရှားနိုင်ငံတွင် ဖွင့်လှစ်ခွင့်ရရှိထားသည်။ ■

# မုတ်သုံဆုတ်သော်လည်း ထူးခြားဖြစ်စဉ်ကြောင့် အလယ်ပိုင်းဒေသအချို့မိုးကြီး

**ရန်ကုန်၊ အောက်တိုဘာ ၆**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းမှ ဆုတ်ခွာသွားပြီဖြစ်သော်လည်း ထူးခြားရာသီဥတုဖြစ်စဉ်ကြောင့် အလယ်ပိုင်းဒေသအချို့တွင် ယခုရက်ပိုင်းအတွင်း မိုးကြီးနေရခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက ပြောကြားသည်။

"အလယ်ပိုင်းဒေသတွေမှာ ငါးရက်လောက် ဆက်တိုက်မိုးများနေတယ်။ ဒါက နည်းနည်းလေးတော့ ထူးခြားတယ်" ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံပေါ်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ယင်းတိမ်တိုက်များမှာ အရှေ့ဘက်မှ ရွေ့လျားလာသည့် လေပွေလှိုင်းများနှင့်အတူပါလာသည့် မုန်တိုင်းအကြွင်းအကျန် တိမ်တိုက်များဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံတစ်ဝန်း နေ့အပူချိန်များ မြင့်တက်နေခြင်းကြောင့် လေထုပြောင်းလဲမှုဖြစ်စဉ်အရ မွန်းလွဲနှင့်ညနေပိုင်းတို့တွင် မြန်မာနိုင်ငံမြောက်ပိုင်းမှ တိမ်တိုက်များ အောက်ပိုင်းဒေသအထိ ထိုးဆင်းလာသည့်အတွက် ဒေသအချို့ မိုးများနေရခြင်းဖြစ်ကြောင်း ဒေါက်တာကျော်မိုးဦးက ရှင်းပြပြောဆိုသည်။

ယင်းတိမ်တိုက်များအရှိန်ကြောင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးကြီးနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ခန့်မှန်းချက်ထုတ်ပြန်သည်။

အောက်တိုဘာလ ၆ ရက်နေ့ တိုင်းထွာချက်များအရ မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့ပြီး မှတ်သားဖွယ်မိုးရေချိန်များမှာ မြင်းခြံမြို့တွင် ၂ ဒသမ ၆ လက်မ၊ မော်လိုက်မြို့နှင့် ထားဝယ်မြို့တို့တွင် ၁ဒသမ ၆၁ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၃ လက်မ၊ ကလေးမြို့တွင် ၁ ဒသမ ၀၆ လက်မနှင့် စစ်ကိုင်းမြို့တွင် သုည ဒသမ ၉၄ လက်မစီရှိကြောင်း အဆိုပါဌာနထံမှ သိရသည်။ ■

# ငြိမ်းချမ်းရေးစတစ်ကာများ Viber ဖြန့်

**ရန်ကုန်၊ အောက်တိုဘာ ၆**

လူမှုကွန်ရက်ဆက်သွယ်ရေး Application တစ်ခုဖြစ်သည့် Viber က 'ငြိမ်းချမ်းသော မြန်မာပြည်' စတစ်ကာများကို အခမဲ့ ဖြန့်ဝေခဲ့ကြောင်း Viber ထံမှ သိရသည်။

အဆိုပါစတစ်ကာတွင် စတစ်ကာ ၁၇ ခုပါဝင်ပြီး မြန်မာနိုင်ငံတွင် လက်ရှိလုပ်ဆောင်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံအားပေးနိုင်ရန် ရည်ရွယ်ကြောင်း Viber က ကြေညာထားသည်။

'ငြိမ်းချမ်းသော မြန်မာပြည်' စတစ်ကာများကို www.viber.com/stickers/peacefulmyanmar တွင် ဝင်ရောက်၍ ဒေါင်းလုဒ်ပြုလုပ်နိုင်သည့်အပြင် Viber ၏ Sticker Market တွင်လည်း ဝင်ရောက်ရယူနိုင်ကြောင်း Viber ထံမှ သိရသည်။ ■

# ရွှေ့ပြောင်းဒုက္ခသည်ပေါင်း ၁၁,၀၀၀ နီးပါးကို အီတလီကမ်းခြေစောင့်တပ် ကယ်

**ရောမ၊ အောက်တိုဘာ ၆**

အင်္ဂါနေ့က လစ်ဗျားကမ်းလွန်တွင် ရွှေ့ပြောင်းဒုက္ခသည် ၄၆၅၀ ကျော်ကို ကယ်ဆယ်ခဲ့ပြီး အလောင်း ၂၈ လောင်းကို တွေ့ရှိခဲ့ကြောင်းနှင့် လွန်ခဲ့သော ၄၈ နာရီအတွင်း ကယ်ဆယ်ခဲ့သူအရေအတွက် ၁၁,၀၀၀ နီးပါးရှိကြောင်း အီတလီကမ်းခြေစောင့်တပ်ဖွဲ့က ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်ဟု Reuters သတင်းတွင် ဖော်ပြထားသည်။

အလွန်အကျွံတင်ဆောင်လာသော ငါးဖမ်းစက်လှေတစ်စင်းပေါ်တွင် လူပေါင်း ၂၀ ကျော်ခန့် အသက်ရှူကျပ်၍ သေဆုံးခဲ့ရသည်ဟု သိရှိရပြီး တနင်္လာနှင့်အင်္ဂါ နှစ်ရက်အတွင်း သေဆုံးသူ ၅၀ ခန့်ရှိခဲ့သည်ဟုဆိုသည်။

တနင်္လာနေ့က ကယ်ဆယ်ခဲ့သော အမျိုးသမီးသုံးဦးမှာ စစ္စလီကျွန်းသို့ ဒုက္ခသည် ၁၀၀၀ ခန့်ပို့ဆောင်သော ကမ်းခြေစောင့်သင်္ဘောပေါ်တွင် မီးဖွားခဲ့ရာ မိခင်ရော ကလေးများပါ ကျန်းမာရေးအခြေအနေကောင်းသည်ဟု ဆိုသည်။

အဆိုပါဒုက္ခသည်များကို လူ ၁၀၀၀ ကျော်တင်ဆောင်လာသော သစ်သားလှေတစ်စင်းနှင့် ရော်ဘာလှေ ၂၇ စင်း အပါအဝင် စုစုပေါင်းလှေ ၃၃ စင်းပေါ်မှ ကယ်ဆယ်ခဲ့ရခြင်းဖြစ်ပြီး ဗုဒ္ဓဟူးနေ့တွင် ကယ်ဆယ်မှုများ ဆက်လုပ်နေသော်လည်း ယခင်နှစ်ရက်လောက် အရေအတွက်မများတော့ဟု ကမ်းခြေစောင့်တပ်က ပြောကြားသည်။

လစ်ဗျားသည် အီတလီ လမ်ပီဒူဆာကျွန်းနှင့် မိုင် ၁၈၀ ခန့်သာ ကွာဝေးသောကြောင့် ဥရောပသို့ ဝင်ရာလမ်းခရီးတွင် အဓိကစခန်းထောက်အဖြစ် လူကုန်ကူးသူများက အသုံးချလျက်ရှိသည်။

ယခုရက်ပိုင်း စုပြုံရောက်ရှိလာမှုသည် ပင်လယ်ပြင်ရာသီဥတု ကောင်းမွန်နေသောကြောင့်ဖြစ်သည်ဟု ကမ်းခြေစောင့်တပ် ပြောရေးဆိုခွင့်ရှိသူကဆိုသည်။

ယခုရက်ပိုင်း ဝင်ရောက်လာမှု အပါအဝင် ယခုနှစ်အတွင်း အီတလီသို့ ရောက်ရှိလာသော ဒုက္ခသည်အရေအတွက် ၁၄၂,၀၀၀ ခန့်ရှိပြီး လမ်းခရီးတွင် သေဆုံးသူ ၃၁၀၀ ခန့်ရှိခဲ့သည်။ ၂၀၁၅ ခုနှစ်အတွင်း အီတလီသို့ ဒုက္ခသည် ၁၅၄,၀၀၀ ခန့် ဝင်ရောက်လာခဲ့ပြီး သေဆုံးသူ ၂၈၉၂ ဦး ရှိခဲ့သည်။

ဒုက္ခသည်အများစုမှာ အာဖရိကတိုက်ရှိ နိုင်ဂျီးရီးယား၊ အီရီထရီးယား၊ ဂီနီ၊ ဂမ်ဘီယာ၊ ဆူဒန်၊ အိုင်ဗရီကို့စ်နှင့် ဆိုမာလီယာနိုင်ငံများမှ ဖြစ်ကြသည်။

ရွှေ့ပြောင်းအခြေချသူများသည် အီးယူဇုန်အတွင်း ဝင်ရာတွင် ပထမဆုံးရောက်ရှိသောနိုင်ငံတွင် နေထိုင်ရမည်ဟု အီးယူဥပဒေအရ သတ်မှတ်ထားရာ အီတလီသည် အရေအတွက်ကြီးထွားလာသော ဒုက္ခသည်များကို ကိုင်တွယ်ရန် ခက်ခက်ခဲခဲ ရုန်းကန်နေရသည်။

ရွှေ့ပြောင်းဒုက္ခသည် ပြဿနာကြီးထွားလာမှုကြောင့် အီးယူဇုန်ရှေ့တန်းစည်း နိုင်ငံများအပေါ် ဖိအားကျရောက်မှုသက်သာစေရန်အတွက် အခြားအီးယူအဖွဲ့ဝင်နိုင်ငံများတွင် ၂ နှစ်အတွင်း ဒုက္ခသည် ၄၀,၀၀၀ ခွဲဝေလက်ခံရန် ဥရောပကော်မရှင်က စီစဉ်ထားသော်လည်း အများစုက လက်ခံရန် မလိုလားမှုကြောင့် ရာဂဏန်းအနည်းငယ်မျှသာ လွှဲပြောင်းပေးရသေးသည်။ ■




အများစုမှာ အာဖရိကတိုက်ရှိ နိုင်ဂျီးရီးယား၊ အီရီထရီးယား၊ ဂီနီ၊ ဂမ်ဘီယာ၊ ဆူဒန်၊ အိုင်ဗရီကို့စ်နှင့် ဆိုမာလီယာနိုင်ငံများမှ ဖြစ်ကြသည်

---

**ကျောဖုံး - ပေါ်တူဂီဝန်ကြီးချုပ်ဟောင်း အန်တိုနီယိုဂူတာရက်စ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဖြစ်မည်မှအဆက်**

ဂူတာရက်စ်သည် "အသိဉာဏ်ပညာနှင့် ပြည့်စုံသူ ကမ္ဘာကြီး၏ကံကြမ္မာကို နားလည်သူ၊ ပူပန်သူ"ဖြစ်သည်ဟု မှတ်ချက်ပေးခဲ့သည်။

ပထမဆုံး အမျိုးသမီးအတွင်းရေးမှူးချုပ်တစ်ဦး သို့မဟုတ် အရှေ့ဥရောပကို ကိုယ်စားပြုသူတစ်ဦး ရွေးကောက်နိုင်ရန် မျှော်လင့်ခဲ့သူများအတွက်မူ စိတ်ပျက်စရာဖြစ်ခဲ့ရသည်။

သို့သော်လည်း ရွေးချယ်မှုလုပ်ငန်းစဉ်မှာ အငြင်းပွားဖွယ်မရှိလောက်အောင် ကောင်းမွန်ခဲ့သည်ဟု ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဆမန်သာပါဝါကလည်း သုံးသပ်ထားသည်။

"နောက်ဆုံးမှာတော့ နယ်ပယ်စုံမှာ အတွေ့အကြုံ၊ အမြင်နဲ့ စွယ်စုံရတဲ့သူတစ်ဦး ကျွန်တို့ရလာတာပါ။ ရွေးချယ်ရေးလုပ်ငန်းစဉ်တစ်လျှောက် သဘောကျစရာကောင်းတဲ့ သူကိုတွေ့တော့ လူတွေက ဝိုင်းထောက်ခံခဲ့တာပါ"ဟု ပါဝါက သုံးသပ်ခဲ့ပြီး ယခုတစ်ကြိမ်ရွေးချယ်မှုတွင် ကျယ်ကျယ်ပြန့်ပြန့် စိစစ်ခဲ့သည်ဟု ပြောကြားခဲ့သည်။

ဗြိတိန်၏ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် မက်သရူးရိုင်ခရော့ဖ်ကလည်း ဂူတာရက်စ်သည် ကုလသမဂ္ဂ၏ ခေါင်းဆောင်မှုအဆင့်ကို မြှင့်ပေးနိုင်မည့်သူဖြစ်ကြောင်း၊ ကမ္ဘာကြီးတွင် သဘောကွဲလွဲမှုများစွာ ရှိနေချိန်၌ အမှားအမှန်ကို ခွဲခြားနိုင်သော ခေါင်းဆောင်မှုကို ဆောင်ကျဉ်းလာနိုင်သူဖြစ်ကြောင်း မှတ်ချက်ပေးခဲ့သည်။

## ရွေးချယ်မှုလုပ်ငန်းစဉ်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကို အဆင့်နှစ်ဆင့်ပါ ရွေးကောက်ပွဲဖြင့် ရွေးချယ်ခြင်းဖြစ်သည်။

ပထမဆုံးအဆင့်မှာ အဖွဲ့ဝင် ၁၅ နိုင်ငံပါ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထောက်ခံခြင်းဖြစ်ပြီး ဒုတိယအဆင့်မှာ အဖွဲ့ဝင် ၁၉၃ နိုင်ငံပါ အထွေထွေညီလာခံက အတည်ပြုခြင်းဖြစ်သည်။

ဝင်ပြိုင်သူ ၁၃ ဦးရှိခဲ့ပြီး ကိုယ်စားလှယ်တစ်ဦးတည်းအပေါ်တွင် အားလုံးက သဘောတူညီလာနိုင်စေရေးအတွက် အကြိမ် မဲပေးမှု ခြောက်ကြိမ်တိတိ လုပ်ဆောင်ခဲ့ပြီး နောက်ဆုံးတွင်မှ ကောင်စီက အားလုံးလက်ခံနိုင်မည့်သူကို ရွေးချယ်ခြင်းဖြစ်သည်။

အဖွဲ့ဝင် ၁၅ နိုင်ငံပါ လုံခြုံရေးကောင်စီတွင် အကြိမ်မဲပေးမှုအဖြစ် ကိုယ်စားလှယ်တစ်ဦးချင်းစီကို ထောက်ခံ (encourage)၊ မထောက်ခံ (discourage)၊ သဘောထားမပေး (no opinion) ဟူ၍ သုံးမျိုးအနက်မှ တစ်မျိုးကိုရွေးပြီး မဲပေးရခြင်းဖြစ်သည်။

နောက်ဆုံး ဆန်ခါတင်ကိုယ်စားလှယ် ၁၀ ဦးအပေါ် သဘောထားအမြင်လျှို့ဝှက်မဲပေးခဲ့ရာတွင် ဂူတာရက်စ်ကို ထောက်ခံမဲ ၁၃ မဲ၊ သဘောထားမပေး ၂ မဲ ဖြင့် ကန့်ကွက်သူမရှိ မဲအများဆုံး ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းကြောင့် အောက်တိုဘာလ ၆ ရက်နေ့တွင် ဂူတာရက်စ်ကို ကောင်စီက ထောက်ခံသူအဖြစ် တရားဝင်အတည်ပြုရန်သာ လိုအပ်တော့ပြီး ယင်းသို့ထောက်ခံပြီးပါက ပထမအဆင့်ပြီးဆုံးမည်ဖြစ်သည်။

ဒုတိယအဆင့်အဖြစ် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အများစုထောက်ခံမှုရ၊ မရ ဆုံးဖြတ်ရဦးမည်ဖြစ်သော်လည်း အဓိကအာဏာရှိသည့် လုံခြုံရေးကောင်စီ၏ ထောက်ခံမှုရထားပြီး ဖြစ်သောကြောင့် ဂူတာရက်စ် အထွေထွေအတွင်းရေးမှူးချုပ် ဖြစ်လာရန် သေချာသွားခြင်းဖြစ်သည်။

## အမျိုးသမီးအလှည့်မဟုတ်ခဲ့

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နေရာကို အမျိုးသမီးတစ်ဦးမျှ ရယူခဲ့ဖူးခြင်း မရှိသေးပေ။ ယခုနှစ်တွင် အတွင်းရေးမှူးချုပ်နေရာ ဝင်ပြိုင်သည့်အမျိုးသမီး ၇ ဦးအထိ ရှိခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

ယင်းတို့ထဲတွင် ယူနက်စကိုမှ ဘူလ်ဂေးရီးယားသူ အီရီနာ ဘိုကိုဗာ၊ နယူးဇီလန် ဝန်ကြီးချုပ်ဟောင်း၊ လက်ရှိ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) အကြီးအကဲ ဟယ်လင်ကလာ့ခ် စသောပုဂ္ဂိုလ်များပါဝင်ခဲ့သည်။

အကြိမ်မဲခွဲမှုတွင် အမြင့်ဆုံးအဖြစ် အီရီနာဘိုကိုဗာကသာ စတုတ္ထနေရာတွင် ရပ်တည်ခဲ့သည်။



ကုလသမဂ္ဂအထွေထွေညီလာခံ ဥက္ကဋ္ဌဟောင်း ဆားဘီးယားနိုင်ငံသား ဗူဂျီရီမစ်မှာ ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး ဆလိုဗက်ကီးယားမှာ မီလိုဆက်ဗ်လက်ဂျ်ဆက်က တတိယနေရာတွင် ရပ်တည်ခဲ့သည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် လက်ရှိအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ဒုတိယသက်တမ်း ကုန်ဆုံးမည်ဖြစ်ရာ ၂၀၁၇ မှစပြီး ဂူတာရက်စ်က တာဝန်ယူရမည်ဖြစ်သည်။

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှာ ဘာအာဏာတွေရှိသလဲ

အမြဲတမ်းအဖွဲ့ဝင် ၅ နိုင်ငံ၊ အမြဲတမ်းမဟုတ်သည့် အဖွဲ့ဝင် ၁၀ နိုင်ငံ၊ စုစုပေါင်း ၁၅ နိုင်ငံပါသည့် လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂတွင် အာဏာအရှိဆုံးအဖွဲ့ဖြစ်ပြီး ယင်းအထဲတွင်မှ ဗီတိုအာဏာသုံးခွင့်ရှိသော အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံ (အမေရိကန်၊ ရုရှား၊ တရုတ်၊ ဗြိတိန်၊ ပြင်သစ်)က အာဏာအရှိဆုံးဖြစ်သည်။

သို့ဖြစ်ရာ အတွင်းရေးမှူးချုပ်သည် အာဏာအရှိဆုံးပုဂ္ဂိုလ်ဟု မဆိုနိုင်ပေ။ သို့သော်လည်း ကုလသမဂ္ဂအဖွဲ့၏နံပါတ်တစ် သံတမန်ဖြစ်သလို အုပ်ချုပ်ရေးအရာရှိချုပ်လည်းဖြစ်သည်။

ယင်းအပြင် အာဏာအပြည့်အဝမရှိသော်လည်း တာဝန်အကြီးဆုံးရာထူးဖြစ်ပြီး ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အပြိုင်တောင်းဆိုမှုများ၊ မတူညီသော ရပ်တည်ချက်များကို ညှိနှိုင်းပေးရသူဖြစ်သလို အကြီးဆုံးဗျူရိုကရေစီယန္တရားကို ကွပ်ကဲရသူလည်းဖြစ်သည်။

အဓိကအားဖြင့် နိုင်ငံတကာပဋိပက္ခများ ဖြစ်မလာစေရန်၊ ဖြစ်လာသည်များကို ကျေအေးပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရသူဖြစ်သည်။ ■

# နျူကလီယားရေငုပ်သင်္ဘော စီမံကိန်းသစ် ဗြိတိန်ကာကွယ်ရေးဝန်ကြီး စတင်

**လန်ဒန်၊ အောက်တိုဘာ ၆**

အလုပ်ကိုင်ထောင်ချီဖန်တီးပေးမည့် စတာလင်ပေါင် ဘီလီယံချီ ကုန်ကျမည့် ဗြိတိန် ကာကွယ်ရေးစီမံကိန်းသစ်၏ တစ်စိတ်တစ်ဒေသအဖြစ် တော်ဝင်ရေတပ်အတွက် ရေငုပ်သင်္ဘောသစ်လေးစင်း ဆောက်လုပ်မှုကို အောက်တိုဘာလ ၅ ရက်နေ့က စတင်ခဲ့ကြောင်း Reuters သတင်းက ဖော်ပြသည်။

အင်္ဂလန်ကျွန်းမြောက်ပိုင်းရှိ ဘာရိုးအင်ဖားနက်စ်မြို့တွင် ပြုလုပ်သည့် သင်္ဘောတည်ဆောက်ရေး သံမဏိဖြတ်တောက်မှုဖွင့်ပွဲသို့ ကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖယ်လွန်တက်ရောက်ခဲ့သည်။

ဗြိတိန်၏ နျူကလီးယားအကာအကွယ်ကို မွမ်းမံအဆင့်မြှင့်မှုအဖြစ် မျိုးဆက်သစ် Successor မော်ဒယ်လ် ရေငုပ်သင်္ဘောများ တည်ဆောက်မှု စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

Successor မော်ဒယ်လ် ရေငုပ်သင်္ဘောများသည် လက်ရှိသုံးစွဲနေသော Vanguard မော်ဒယ်လ်များ နေရာအစားဝင်မည်ဖြစ်ပြီး ထရိုင်းဒန့် နျူကလီးယားဒုံးကျည်များကို တင်ဆောင်နိုင်မည်ဖြစ်သည်။

ဗြိတိန်၏ခေတ်နောက်ကျနေသော နျူကလီးယားလက်နက်စနစ်ကို အဆင့်မြှင့်ရန် လွှတ်တော်အမတ်များက ယခုနှစ်အစောပိုင်းတွင် ထောက်ခံအတည်ပြုခဲ့ပြီးနောက် အဆိုပါလုပ်ငန်းစဉ် စတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂမှ နုတ်ထွက်ရန် ဇွန်လအတွင်းက လူထုဆန္ဒခံယူပွဲဖြင့် ဆုံးဖြတ်ခဲ့ပြီးနောက် ဗြိတိန်၏ကမ္ဘာ့သြဇာအဆင့်အတန်းကို ဆက်ထိန်းထားနိုင်ရန်အတွက် ကာကွယ်ရေးအဆင့်မြှင့်မှုများ လုပ်ဆောင်ရန် စီစဉ်လာခဲ့ခြင်းဖြစ်သည်။

Sucessor မော်ဒယ်လ်ရေငုပ်သင်္ဘောစီမံကိန်းကြောင့် အလုပ်အကိုင်သစ် ၂၆၀၀ ဖန်တီးပေးနိုင်ခဲ့ပြီးဖြစ်သလို ၂၀၂၀ ပြည့်နှစ်များတွင် အလုပ်အကိုင် ၅၀၀၀ ကျော် ဆက်လက်ဖန်တီးပေးသွားနိုင်မည်ဖြစ်သည်။



ကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖယ်လွန် ဆောက်လုပ်ဆဲဖြစ်သော HMS Anson ရေငုပ်သင်္ဘောကို သွားရောက်ကြည့်ရှုခဲ့စဉ်

ပထမဆုံးမျိုးဆက်သစ် ရေငုပ်သင်္ဘောမှာ ၂၀၃၀ ပြည့်နှစ်များ အစောပိုင်းကာလတွင်မှ စတင်အသုံးပြုနိုင်မည်ဖြစ်သည်။ ■

# ကော်ဖီထဲ အဆိပ်ခတ် လူသတ်မှုတွင် အင်ဒိုနီးရှားမိန်းကလေး ထောင်ဒဏ် ၂၀ နှစ် ချမှတ်ခံရဖွယ်ရှိ



ဝမ်ဆိုကို ရုံးထုတ်လာစဉ်

**ဂျကာတာ၊ အောက်တိုဘာ ၆**

ကော်ဖီတွင် ဆိုင်ယာနိုက်အဆိပ်ခတ်၍ သူငယ်ချင်းကို သတ်သည်ဟု စွပ်စွဲခံရသော မိန်းကလေးကို ထောင်ဒဏ် ၂၀ နှစ်ချမှတ်ရန် အင်ဒိုနီးရှား အမှုလိုက်အရာရှိများက ဗုဒ္ဓဟူးနေ့တွင် တောင်းဆိုလိုက်သည်ဟု Reuters သတင်းတွင်ဖော်ပြထားသည်။

ဇန်နဝါရီလအတွင်းက ဂျကာတာ ကော်ဖီဆိုင်တွင် ကော်ဖီသောက်ပြီးနောက် လဲကျကာ သေဆုံးခဲ့သူ ကောလိပ်ကျောင်းနေဖက် ဆာလီဟင်းကို ကြိုတင်ကြံစည်လုပ်ကြံသတ်ဖြတ်ခဲ့သည်ဟူသော စွဲချက်ကို တရားခံဂျက်ဆီကာကူမာလာဝမ်ဆို (သြစတြေးလျတွင် အမြဲနေထိုင်ခွင့် ပီအာရ် ရရှိထားသူ) က ငြင်းဆန်ခဲ့သည်။

ဝမ်ဆိုအား ထောင်ဒဏ် ၂၀ နှစ်ချမှတ်ရန် တောင်းဆိုသူ အမှုလိုက်အရာရှိ မယ်လာနီဝူဝမ်က "အသက် ၂၇ နှစ်အရွယ်ဒီဇိုင်နာဘွဲ့ရထားသူ တရားခံ ဝမ်ဆိုသည် အချစ်ဆုံးသူငယ်ချင်း ဆာလီဟင်းကို သတ်ရန် ကြိုတင်အကွက်ချကြံစည်ခဲ့သောကြောင့် ရက်စက်သော လုပ်ရပ်ဖြစ်ပြီး လုပ်ကြံခံရသူ ဆာလီဟင်းသည် ဆိုင်ယာနိုက်ကြောင့် မသေဆုံးမီ ပြင်းပျသောဝေဒနာကို ခံစားသွားရသည်" ဟု ခုံရုံးတွင် စွဲချက်တင်ခဲ့သည်။

ဆိုင်ယာနိုက်ကော်ဖီအမှုသည် အင်ဒိုနီးရှားနိုင်ငံတွင် အထူးစိတ်ဝင်စားကြသော ဟိုးလေးတကျော်အမှု ဖြစ်သောကြောင့် ရုပ်သံလိုင်းအချို့က တရားရုံးစစ်ဆေးမှုကို ရုံးခန်းအတွင်းမှ တိုက်ရိုက်ထုတ်လွှင့်ခဲ့ကြသည်။

အမှုလိုက်အရာရှိများ ကိုးနာရီနီးပါး လျှောက်လဲခဲ့ကြသော မာရသွန် တရားစစ်ဆေးမှုကို နားထောင်ရန်အတွက် တရားရုံးသို့ သတင်းထောက်များနှင့် ပရိတ်သတ်များ ရာချီ၍ လာရောက်ခဲ့ကြသည်။

မူးယစ်ဆေးစွဲနေသော ချစ်သူကို အဆက်ဖြတ်ရန် ဆာလီဟင်းက တိုက်တွန်းခဲ့ပြီးနောက် ဝမ်ဆိုက သူမကို သတ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု အမှုလိုက်များက စွဲချက်တင်သည်။

တရားခံဝမ်ဆိုသည် ဆာလီဟင်းကို ဈေးဝယ်ကုန်တိုက်တစ်ခုရှိ ကော်ဖီဆိုင်သို့ ဖိတ်ခေါ်ကာ ဆိုင်ယာနိုက်ထည့်ထားသော ဗီယက်နမ်ကော်ဖီအေးကို တိုက်ခဲ့ခြင်းဖြစ်သည်။

ဆာလီဟင်းသည် ကော်ဖီသောက်ပြီးနောက် လဲကျကာ တုန်ရီမေ့ပိုက်လာခဲ့ပြီးနောက် ဆေးရုံရောက်ပြီး မကြာမီပင် သေဆုံးသွားခဲ့သည်။

ဝမ်ဆိုသည် ကော်ဖီထဲသို့ဆိုင်ယာနိုက်ထည့်နေစဉ် စီစီတီဗီကင်မရာတွင် မပေါ်စေရန် စားပွဲပေါ်တွင် အိတ်များကို တင်ထားခဲ့သည်ဟု ရဲများက ပြောကြားသည်။

ဝမ်ဆိုကမူ ထိုနေ့က စားပွဲပေါ်တွင် အိတ်များတင်ထားခြင်းကဲ့သို့သော ဖြစ်ရပ်အသေးစိတ်ကို မမှတ်မိတော့ကြောင်းနှင့် သူမ၏သူငယ်ချင်းသည် ကော်ဖီသောက်ပြီးနောက် အရသာမကောင်းဟု ပြောဆိုအပြီးတွင် အရာရာသည် လျင်မြန်စွာ ဖြစ်ပျက်သွားခဲ့သည်ဟု တရားရုံးသို့ ထွက်ဆိုခဲ့သည်။

ဝမ်ဆို၏ရှေ့နေများက သူမအပေါ် စွဲဆိုထားသောအမှုသည် အားနည်းချက်များရှိကြောင်းနှင့် အပြစ်ရှိသည်ဟု သက်သေပြနိုင်သော ခိုင်လုံသည့် အထောက်အထားများ မရှိကြောင်း လျှောက်လဲခဲ့ကြသည်။

အမှုကို ဇွန်လတွင် စတင်စစ်ဆေးခဲ့ပြီးနောက် တရားခံဘက်မှ ခေါ်ယူသော မှုခင်းဆေးပညာရှင် သုံးဦးကလည်း ဆာလီဟင်းသေဆုံးမှုသည် ဆိုင်ယာနိုက်ကြောင့်ဟု သက်သေပြနိုင်သော အထောက်အထား မရှိဟု ထွက်ဆိုထားကြသည်။

ဝမ်ဆိုသည် မနှစ်ကအထိ ဆစ်ဒနီတွင်နေထိုင်ခဲ့ပြီး ဆာလီဟင်းနှင့်အတူ ဒီဇိုင်းကောလိပ်၌ တက်ရောက်သင်ကြားခဲ့သည်။

ယခုအမှုတွင် အပြစ်ရှိကြောင်း ထင်ရှားပါက ဝမ်ဆိုအား သေဒဏ်ချမှတ်ခြင်းမပြုဟု အာမခံချက်ရရှိပြီးနောက် သြစတြေးလျ အာဏာပိုင်များက အမှုစစ်ဆေးမှုကို ကူညီရန် သဘောတူခဲ့ကြသည်ဟု ဆိုသည်။ အမှုအပေါ် စီရင်ချက်ချမှုကို နောက်တစ်ကြိမ် ရုံးချိန်းတွင် ပြုလုပ်မည်ဖြစ်သည်။ ■

## CARTOON



ပြိုင်ဆိုင်မှုပြင်းထန်လာတဲ့ အမေရိကန်သမ္မတ စကားစစ်ထိုးပွဲ



ဓာတ်ပုံ – ကျော်စိုးမိုး

မိတ္ထီလာ တောင်ကန်၏ ရေတိုင်းအမှတ်အဖြစ် ဒေသခံများယူဆသည့် ရေလယ်ဘုရားရင်ပြင်နှင့် နဂါးရုပ်များ ရေမြုပ်နေသည်ကိုတွေ့ရစဉ်။

# မိတ္ထီလာကန် ရေလျှံ၍ အိမ်တစ်ရာခန့်ရေဝင်

**မိတ္ထီလာ၊ အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိခြင်းကြောင့် မိတ္ထီလာကန်မှာ ရေပြည့်အမှတ်ကို တစ်ပေခန့် ကျော်လွန်ပြီး အိမ်ခြေတစ်ရာခန့် ရေဝင်နေသည့်အတွက် လိုအပ်ပါက အရေးပေါ်ကူညီကယ်ဆယ်ရေး ဆောင်ရွက်ရန် အသင့်ရှိနေကြောင်း မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးကျော်ဆန်းက ပြောကြားသည်။

"လောလောဆယ်တော့ သွားရတာတွေ မရှိသေးပါဘူး။ ကွက်ငယ်ရွာဘက်မှာ အိမ်ခြေတစ်ရာလောက် ရေဝင်တယ်လို့ ပြောလို့ အရန်မီးသတ် တပ်ဖွဲ့ဝင်တွေ အဆင်သင့်လုပ်ထားပါတယ်" ဟု ၎င်းက ဆိုသည်။

မိတ္ထီလာကန်၏ ရေပြည့်အမှတ်သည် ၇၆၆ ဒသမ ၁ပေ ရှိရာတွင် စက်တင်ဘာလ ၅ ရက်နေ့က ၇၆၆ ဒသမ ၂ ပေအထိ ရောက်ရှိနေကြောင်း မိတ္ထီလာမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

အဆိုပါကန်တွင် ရေပြည့်ပါက တောင်ဘက် သရက်ကန်ရွာနားရှိ ရေလွှဲက အလိုအလျောက်ရေလွှဲပေးပြီး ယင်းမှ တစ်ဆင့် ကန်တောင်ကန်ကို ဆင်းကြောင်း၊ ကန်တောင်ကန်မှတစ်ဆင့် ကွက်ငယ်၊ ဒဟတ်တန်းရွာများသို့ရောက်ရှိကြောင်း မိတ္ထီလာ ရေကျော်ခုနစ်ပေါက် ရေလွှဲတံခါးတာဝန်ကျ ဝန်ထမ်းက ရှင်းပြပြောဆိုသည်။

"တက်ရေဆိုတာ မှတ်တိုင်မှာ တစ်လက်မဆိုပေမယ့် အနိမ့်ပိုင်းတွေမှာတော့ အများကြီးတက်တယ်လို့ ထင်ရတယ်။ ရေကလည်း ထွက်ပေါက်မရှိလို့ ခဏပါ" ဟု ၎င်းကဆိုသည်။

လက်ရှိတွင် မိတ္ထီလာမြို့ပေါ်ရှိ နန်းတော်ကုန်း၊ ပေါက်ချောင်း၊ သာယာကုန်း၊ ချမ်းအေးသာယာ အောင်ဇေယျာ၊ ဈေးအရှေ့ပြင် ရပ်ကွက်များ၏ အနိမ့်ပိုင်းရှိ ခြံဝင်းများနှင့် လမ်းများပေါ်တွင် ရေပြည့်ရေလျှံဖြစ်နေပြီး မိတ္ထီလာကန် အောက်ပိုင်းနှင့် ရေပြည့်အမှတ် ၉၁၅ ဒသမ ၃ ပေအထက်ကို တစ်ပေကျော်နေသည့် မုန်တိုင်ဆည်မှ မိတ္ထီလာကန်သို့ ရေလွှတ်ပေးရာ လမ်းကြောင်း တစ်လျှောက်ရှိ ကျေးရွာများတွင်လည်း ရေဝင်ရောက်မှုများရှိနေကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

"မိတ္ထီလာ တောင်ကန်ထဲက ရေလယ်ဘုရားကိုသွားတဲ့ တံတားပေါ်ကို ရေကျော်သွားလို့ ဘုရားဖူးတွေ သွားခွင့်ပိတ်ထားတယ်။ အလားတူ မြောက်ကန် တောင်ကန် ခြားထားတဲ့တာဘောင်က ရေကျော်နေတော့ အဲဒီပေါ်ကိုလည်း ဖြတ်သန်းခွင့် ပိတ်ထားတယ်" ဟု မိတ္ထီလာမြောက်ကန် အနောက်ဘက်ပိုင်းရှိ နန်းတော်ကုန်းရပ်ကွက်မှ ဦးနေထွန်းလင်းက ဆိုသည်။ ■

# အပူပိုင်းဒေသရှိ မိခင်နှင့် ကလေးများကို ငွေကြေးထောက်ပံ့မည်

**ပခုက္ကူ၊ အောက်တိုဘာ ၆**

အပူပိုင်းဒေသရှိမိခင်နှင့်ကလေးများကို ငွေကြေးထောက်ပံ့ရေးစီမံကိန်းကို ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း စီမံကိန်းဆိုင်ရာ တာဝန်ရှိသူများထံမှ သိရသည်။

အဆိုပါစီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲကို အောက်တိုဘာလ ၅ ရက်နေ့က ပခုက္ကူမြို့ပြည်သာယာခန်းမတွင် ကျင်းပခဲ့ပြီး စီမံကိန်းကို အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံရေးရန်ပုံငွေ(LIFT) မှထောက်ပံ့ပြီး Save the Children က အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်နှင့် မလှိုင်မြို့နယ်တို့တွင် စီမံကိန်းကာလအတွင်း မိခင်နှင့် နို့တိုက်မိခင် ၂၂၉၄၀ ဦးကို တစ်လလျှင် တစ်ဦးကျပ်တစ်သောင်းနှုန်းဖြင့်ထောက်ပံ့မည်ဖြစ်ကြောင်း၊ ငွေကြေးထောက်ပံ့မှုအပြင် မိခင်များနှင့် ရပ်ရွာလူထုများ၏ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညိုက ပြောကြားသည်။ ■

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

# အသေးစားချေးငွေ (SME) ထုတ်ပေးရာတွင် ပြည်တွင်း အသေးစား လုပ်ငန်းရှင်များ စိတ်ဝင်စားမှုနည်းပါး

**တောင်ငူ၊ အောက်တိုဘာ ၆**

အသေးစားနှင့်အလတ်စား စက်မှုလက်မှု လုပ်ငန်းရှင်များကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးနေသော အသေးစား ချေးငွေ SME စနစ်တွင် အမှန်တကယ် လုပ်ကိုင်သူများထံ ချမပေးဘဲ လက်သိပ်ထိုး ချေးငွေ ချပေးမှုကြောင့် အသေးစားလုပ်ငန်းရှင်များ စိတ်ဝင်စားမှုနည်းပါးနေကြောင်း အသေးစားနှင့်အလတ်စား လုပ်ငန်းရှင်အချို့ထံမှ သိရှိရသည်။

"ဂျပန်က JICA လို အဖွဲ့အစည်းကနေပြီး SME လုပ်ငန်းအတွက် ၃၀ ဘီလီယံ ထုတ်ချေးဖို့ပေးထားတယ်လို့ သိရတယ်၊ အစိုးရက ၄ ရာခိုင်နှုန်းယူပြီး ပုဂ္ဂလိက ဘဏ်တွေကို ၄ ဒသမ ၅ရာခိုင်နှုန်း စားဆိုပြီး ချေးဖို့စီစဉ်တယ်၊ အတိုးနှုန်းသက်သာတယ်လို့ ယူဆနိုင်ပေမယ့် အစိုးရ သတ်မှတ်ထားသလို နီးစပ်ရာဘဏ်ကို လျှောက်တဲ့အခါ ဘဏ်တွေဘက်က ညွှန်ကြားချက်မရှိသေးဘူးလို့ အကြောင်းပြန်တော့ တကယ်လုပ်ငန်း လုပ်ကိုင်နေတဲ့ အသေးစားလုပ်ငန်းရှင်သမားတွေရဖို့ မရှိတော့သလို ဖြစ်နေတယ်"ဟု ပြည်မြို့ အသေးစား၊ အလတ်စားစက်မှုလက်မှု လုပ်ငန်းရှင် တစ်ဦးက ပြောကြားသည်။

ပြည်တွင်းရှိ ငွေကြေးအခက်အခဲရှိသော လုပ်ငန်းရှင်များကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးရန်အတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ SME လုပ်ငန်းများကို ယခင် အစိုးရလက်ထက်ကျပ်ငွေ ၅ ဘီလီယံခန့်ထုတ်ချေးပေးခဲ့ကြောင်း၊ ယင်းငွေများကို လုပ်ငန်းရှင် ၁၁ ဦးခန့်ကိုသာ တစ်ဦးလျှင် ကျပ်သိန်းပေါင်း ၄၅၀၀ စီခန့်ချပေးခဲ့ခြင်းကြောင့် ပြည်တွင်းရှိ လုပ်ငန်းရှင်ငယ်များအတွက် အခွင့်အလမ်း နည်းပါးနေကြောင်း အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်အချို့ထံမှ စုံစမ်းသိရှိရသည်။

"ဒီနှစ်မှာ SME လုပ်ငန်းရှင်တွေ ချေးငွေလျှောက်လွှာတင်ခွင့်က စက်တင်ဘာ ၁၄ ရက် နောက်ဆုံး သတ်မှတ်ထားလို့ ကျွန်တော်ကိုယ်တိုင် SMIDB (အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးမှုဘဏ်) ဘဏ်က တာဝန်ရှိသူကိုဆက်သွယ်မေးမြန်းတော့ သူတို့ဘဏ်မှာ လူပြည့်နေပြီလို့ပြောတယ်။ တခြားဘဏ်တွေကို မေးပြန်တော့လည်း ညွှန်ကြားချက် မရှိထားသလိုလုပ်တယ်"ဟု ပြည်စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးညီညီအောင် က ပြောကြားသည်။

အသေးစားနှင့်အလတ်စား စက်မှုလက်မှု လုပ်ငန်းများအတွက် ငွေချေးယူရန် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ အမှန်တကယ်လုပ်ကိုင်သော လုပ်ငန်းရှင်ငယ်များအတွက် လက်လှမ်းမမီနိုင်ကြောင်း၊ လုပ်ငန်းရှင် ၁၁ ဦးကို တစ်ဦးလျှင် ကျပ်သိန်းပေါင်း ၄၅၀၀ ခန့် ထုတ်ချေးပေးခဲ့ခြင်းမှာ ပွင့်လင်းမြင်သာမှု မရှိခဲ့ကြောင်း ပြည်တွင်းလုပ်ငန်းရှင်အချို့က ပြောကြားသည်။

"အသေးစား စက်မှုလုပ်ငန်း ချေးငွေနဲ့ပတ်သက်ရင် လုပ်ငန်းရှင် ဘက်က သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေကို မသိကြတာ များတယ်၊ ချေးငွေထုတ်ယူချင်တယ် ပြောနေပေမယ့် ကိုယ့်လုပ်ငန်းက သတ်မှတ်ချက် မီတယ်မမီဘူး မသိသူတွေက SME ချေးငွေ မရပါဘူးလို့ပြောနေကြတာများပါတယ်"ဟု အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများကို ထုတ်ချေးပေးသည့် လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နေသော မြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်း ဗဟိုအလုပ်မှုဆောင် ကော်မတီဝင် တစ်ဦးက သုံးသပ်သည်။ ■

## နယ်ကျော်၍ ကျွဲ သယ်ဆောင်သူများကို ဖမ်းဆီး

**တောင်တွင်းကြီး၊ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် အောက်တိုဘာ ၅ ရက် ည ၇ နာရီခွဲက ခွင့်ပြုချက်မဲ့ ကျွဲသယ်ဆောင်လာသူများကို ဖမ်းဆီးရမိခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ဆတ်သွားနယ်မြေရဲစခန်းထံမှ သိရသည်။

ဆတ်သွားကျေးရွာ၊ တောင်တွင်းကြီး -အောင်လံ ကားလမ်း မိုင်တိုင်အမှတ် ၂၆၉ / ၇ နှင့် ၂၇၀ / ၀ အကြားတွင် တောင်တွင်းကြီးဘက်မှ အောင်လံဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်မှ ကျွဲခြောက်ကောင်သယ်ဆောင်လာသည်ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ဒုရဲအုပ်ချစ်စိုးမင်း က ပြောကြားသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ တိုင်းဒေသကြီးကျော်လွန် သယ်ဆောင်ခွင့် အထောက်အထား မပါရှိဘဲ သယ်ဆောင်လာသူ ယာဉ်မောင်းမြင့်ဇော်ဦးနှင့် ကျွဲပိုင်ရှင် ကိုဝင်းကြိုင်တို့ကို တောင်တွင်းကြီးမြို့နယ် ဆတ်သွား နယ်မြေရဲစခန်းက(ပ) ၁၆၈/၂၀၁၆ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု အက်ဥပဒေပုဒ်မ ၅ အရ အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ စခန်းထံမှ သိရသည်။ ■

# တပ်မတော်ထိုးစစ်ရပ်ရန် မြစ်ကြီးနား၌ ဆန္ဒထုတ်ဖော်

မြစ်ကြီးနား၊ အောက်တိုဘာ ၆

ကချင်ပြည်နယ်အတွင်း တပ်မတော်က ထိုးစစ်ဆင်မှု ရပ်တန့်ရေးနှင့် အမျိုးသမီးများကို အဓမ္မကျင့်သတ်ဖြတ်မှုများ ရှိနေသည်ဟုဆိုကာ ဒေသခံများ အောက်တိုဘာ ၆ ရက်နေ့က မြစ်ကြီးနား မြို့တွင်း လှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါ ဆန္ဒပြထုတ်ဖော်မှုသည် လူမျိုးရေးခွဲခြားမှုနှင့် တစ်စုံတစ်ယောက်ကို ဆန္ဒပြခြင်းမဟုတ်ဘဲ တပ်မတော်က ကချင်ဒေသတွင် ထိုးစစ်ဆင်မှုကိုသာ ရပ်တန့်စေလိုကြောင်း ဦးဆောင်သူ ဦးဇာဂျီးက ပြောဆိုသည်။

“ပြည်တွင်းစစ်ကို သက်ဆိုးရှည်တဲ့ ထိုးစစ်ဆင်မှုကို အလိုမရှိဘူး။ ဒါကိုရပ်တန့်ပေးစေချင်လို့။ ပြီးတော့ စစ်ရှောင်တွေကို မိမိနေရပ်ပြန်နေစေလိုတယ်” ဟု ၎င်းက ဆိုသည်။

ကချင်ပြည်နယ်အတွင်း တပ်မတော်နှင့် ကေအိုင်အေတို့အကြား တိုက်ပွဲဖြစ်ပွားနေမှုကြောင့် ယခုနှစ်တွင် စားဝတ်နေရေးအတွက် တောင်ယာခုတ်ရန် ခက်ခဲလာပြီး အိမ်တွင်းစီးပွားရေး အခြေအနေ အဆင်မပြေမှုမှာ ပိုမိုခက်ခဲလာကြောင်း ဆန္ဒထုတ်ဖော်ရာတွင် ပါဝင်သူ ဦးနော်ထွယ်က ပြောကြားသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲကို ကချင်ပြည်နယ်အတွင်းမှ ဒေသခံများ၊ နိုင်ငံရေးပါတီအချို့ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူငယ်ကွန်ရက်များပါဝင်ခဲ့သည်။

၎င်းတို့သည် ကချင်ဒေသတွင် တပ်မတော်က ထိုးစစ်ဆင်မှု ချက်ချင်းရပ်၊ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရေး၊ စစ်ရှောင်များ နေရပ်ပြန်ရေး အစရှိသည့် အချက်ခြောက်ချက်ဖြင့် ကြွေးကြော် ဆန္ဒပြခဲ့ကြသည်။

အောက်တိုဘာလ ၃ ရက်နေ့က ကချင် မနောကွင်းတွင် ထိုးစစ်ဆင်မှုများနှင့် ပတ်သက်၍ ဆန္ဒပြတောင်းဆိုမှုသည် ငြိမ်းချမ်းရေးကို ထောက်ခံရာမရောက်ဘဲ ကေအိုင်အေကိုသာ ထောက်ခံရာရောက်ကြောင်း ကချင်ပြည်နယ် အထူးဒေသ (၁) ထာဝရငြိမ်းချမ်းရေးအဖွဲ့က ကြေညာချက်ထုတ်ပြန် ထားသည်။

ကချင်ပြည်နယ်အတွင်း လက်ရှိ ဖားကန့်မြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ မိုးကောင်းမြို့နယ်နှင့် လိုင်ဇာမြို့နယ် အနီးတစ်ဝိုက်တို့တွင် တပ်မတော်နှင့် ကေအိုင်အေတို့အကြား တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားနေကြောင်း အဆိုပါ ဆန္ဒပြ ဆုတောင်းပွဲ တက်ရောက်သူများထံမှ သိရသည်။ ■

The VOICE Daily

CARTOON





ဓာတ်ပုံ – ဓေယျာကို

တောင်ငူတွင် ပွင့်လင်းရာသီအစ ကုန်အဝင်အထွက် ပိုမိုမြင့်တက်လာခဲ့သည်။

# တောင်ငူကုန်စည်အဝင်အထွက်ပြန်လည်မြင့်တက်

တောင်ငူ၊ အောက်တိုဘာ ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကုန်စည်ပို့ဆောင်ရေး ကားဂိတ်များတွင် အရောင်းအဝယ် မရှိသလောက် နည်းပါးခဲ့ရာမှ အောက်တိုဘာလ ပထမအတွင်း ကုန်စည်အဝင်အထွက် ပြန်လည်မြင့်တက်ခဲ့ကြောင်း တောင်ငူမြို့ကုန်စည်ပို့ဆောင်ရေးဂိတ် တာဝန်ခံများထံမှ သိရှိရသည်။

“မိုးရာသီလေးလလုံး အဝင်ကုန်က ရှိသင့်သလောက် ရှိပေမယ့် အထွက်ကုန်က မရှိသလောက်ပဲ၊ သီတင်းကျွတ်နီးလာတော့ ကုန်အဝင်အထွက်က သိသိသာသာ တက်လာတယ်၊ ကုန်စည် တစ်ပိဿာ ပို့ခကတော့ ဈေးမပြောင်းဘူး” ဟု ကိုဖိုးဇော်ကားဂိတ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တောင်ငူဒေသတွင်း ပဲနှမ်းပေါ်ချိန်များ၌ ရန်ကုန်နှင့်မန္တလေးမြို့များသို့ ကုန်စည် တင်ပို့မှုအားကောင်းလေ့ရှိပြီး မိုးတွင်းကာလများတွင် အဝင်ကုန် များပြားလေ့ရှိသည့်အတွက် ကုန်စည်ပို့ဆောင်ခမြင့်တက်ပြီး ပွင့်လင်း ရာသီချိန် ကုန်စည်အဝင်အထွက် မြင့်တက်ချိန် ကုန်စည်တစ်ပိဿာတင်ပို့ခဈေးနှုန်း ကျဆင်းလေ့ရှိကြောင်း၊ မိုးကာလတွင် အချို့ကားဂိတ်ငယ်များတွင် သုံးရက်မှ တစ်စီးသာ ကုန်အဝင်အထွက်ရှိကြောင်း တောင်ငူမြို့ခံ ကုန်စည်ပို့ဆောင်ရေး ဂိတ်ပိုင်ရှင်ကြီးများက ပြောကြားသည်။

“ခုချိန်မှာတော့ ကုန်စည်အဝင်ကော အထွက်ကော ကောင်းလာတယ်၊ ကားသမားက ကုန်လည်းရွေးသလို ပို့ရမယ့် မြို့လည်း ရွေးနေကြတယ်၊ ကုန်စည်ပို့ခလည်း တက်လာဖို့ မျှော်လင့်ရပေမယ့် မိုးတွင်းထက်စာရင် ကုန်ရှာရလွယ်တော့ ကားပိုင်ရှင်ကော၊ မောင်းသူပါ အဆင်ပြေတယ်” ဟု ရန်ကုန်-မန္တလေးမြို့ကြီးများသို့ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်နေသူ ယာဉ်ပိုင်ရှင် ဦးထူးထူးနိုင်က ပြောကြားသည်။

တောင်ငူမြို့၏ အဓိကထွက်ကုန်ဖြစ်သော ဆန်နှင့် မတ်ပဲအပြင် မိုးနှမ်းများလည်း ပြန်လည် ထွက်ရှိလာသောကြောင့် အထွက်ကုန် ပို့ဆောင်မှုများ ပြန်လည်မြင့်တက်လာသည့်အပြင် ပွင့်လင်းရာသီချိန် အိမ်ဆောက်ပစ္စည်းများ ဖြစ်ကြသည့် သံချောင်း၊ ဘိလပ်မြေနှင့် သွပ်ကဲ့သို့သော ကုန်စည်များ တင်ပို့မှု မြင့်တက်ကြောင်း တောင်ငူ - မန္တလေး ကုန်စည် ပို့ဆောင်ရေး လုပ်ငန်းများထံမှ သိရှိရသည်။

တောင်ငူမြို့ ကုန်တင်ကုန်ချ ကားကြီးဂိတ်ပေါင်း ၁၀ ခုခန့်ရှိပြီး ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် ကုန်စည် တင်ပို့မှုနည်းပါးသည့်အတွက် ကုန်စည်အဝင်အထွက် ပိဿာချိန် ၄၀၀၀ အောက်သို့ ကျဆင်းလေ့ရှိသော်လည်း အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် တစ်ရက်လျှင် ကုန်စည် ပိဿာချိန် တစ်သိန်းကျော် ရှိတတ်ကြောင်း ကားကြီးဂိတ်လုပ်ငန်းရှင်များထံမှ သိရသည်။ ■

# တောင်ကြီးတွင် အငှားအိမ်ရာလျှောက်ထားသူ နှစ်ထောင်ကျော်

တောင်ကြီး၊ အောက်တိုဘာ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် အငှားအိမ်ရာလျှောက်ထားသူမှာ လက်ရှိအချိန်တွင် လျှောက်ထားသူဦးရေ နှစ်ထောင်ကျော်ရှိကြောင်း ရှမ်းပြည်နယ် မြို့ပြအိမ်ရာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်က ပြောကြားသည်။

ယင်းသို့အငှားအိမ်ရာ လျှောက်ထားသူဦးရေမှာ များပြားနေသည့်အတွက် အမှန်တကယ်လိုအပ်သူများကိုသာ ရွေးချယ်၍ အိမ်ခန်းချထားပေးမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

အဆိုပါ လျှောက်လွှာများကို စက်တင်ဘာ ၉ ရက်နေ့မှ အောက်တိုဘာ ၂၆ ရက်နေ့အထိ လက်ခံမည်ဖြစ်ပြီး ကြီးကြပ်ရေး ကော်မတီ ဖွဲ့စည်း၍ ပင်စင်ရရှိပြီးနေထိုင်ရန် နေအိမ်မရှိသူများ၊ ပင်စင်ယူချိန်အထိ နေထိုင်ရန် အတည်တကျမရှိသူများ၊ မိသားစုလူဦးရေများ၍ ဝင်ငွေနည်းပါးသူများ နှင့် အမှန်တကယ်လိုအပ်သူများကိုသာ စိစစ်ရွေးချယ်ငှားရမ်းမည်ဖြစ်ကြောင်း ဦးထွန်းအောင်ကျော်ကဆိုသည်။

“မဲနှိုက်ရွေးမယ်ထင်ပြီး မိသားစုတစ်စုထဲကနေပဲ အကွဲကွဲ အပြားပြား နှစ်ယောက် သုံးယောက်လောက်က ဖောင်လာတင်တာတွေရှိတယ်” ဟု ၎င်းက ဆိုသည်။

တောင်ကြီး-ဟိုပုံး ပြည်ထောင်စုလမ်းမကြီးဘေးတွင် တည်ဆောက်ထားသည့် အငှားအိမ်ရာများသည် တစ်ခန်းလျှင် ၇၅၀ စတုရန်းပေရှိ အိပ်ခန်းသုံးခန်းပါ အခန်းပေါင်း ၆၀ နှင့် တစ်ခန်း ၆၅၀ စတုရန်းပေရှိ အိပ်ခန်း နှစ်ခန်းပါ အခန်းပေါင်း ၆၀၊ တိုက်ခြောက်လုံး စုစုပေါင်း အခန်းပေါင်း ၁၂၀ ကို ငါးနှစ်စီမံကိန်းဖြင့် ငှားရမ်းခြင်းဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာစီမံကိန်းဦးစီးဌာနထံမှ သိရသည်။

လက်ရှိတောင်ကြီးမြို့တွင် မိသားစုတစ်စု အိမ်ငှားရမ်းနေထိုင်ပါက တစ်လလျှင် ကျပ်လေးသောင်းခန့်ကုန်ကျပြီး ရေကိုဝယ်သုံးရကြောင်း အငှားအိမ်ရာလျှောက်ထားသူ ဦးဝင်းနိုင်က ပြောဆိုသည်။ ■

# မြဝတီမြို့တွင် ထိုင်းနိုင်ငံဘက်မှ ဝင်ရောက်လာသော ဘင်္ဂါလီ ငါးဦးကို ဖမ်းမိ

**မြဝတီ၊ အောက်တိုဘာ ၆**

ကရင်ပြည်နယ် ထိုင်း-မြန်မာ နယ်စပ် မြဝတီမြို့ အမှတ် (၅) ရပ်ကွက် သရက်ပင်ဂိတ်တွင် အောက်တိုဘာလ ၄ ရက် ည ၉ နာရီက ထိုင်းနိုင်ငံဘက်မှ တရားမဝင် ဝင်ရောက်လာသော ဘင်္ဂါလီ ငါးဦးကိုဖမ်းမိခဲ့ကြောင်း မြဝတီမြို့မ ရဲစခန်းထံမှ သိရှိရသည်။

အဆိုပါ ငါးဦးမှာ ထိုင်းနိုင်ငံမှ တစ်ဆင့် သောင်ရင်းမြစ်ကို စက်လှေဖြင့် ဖြတ်ကာ မြန်မာနိုင်ငံ မြဝတီမြို့ဘက်သို့ ရောက်ရှိလာကြောင်း သတင်းရရှိသဖြင့် ရဲတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့များက သွားရောက် စစ်ဆေးခဲ့ကြောင်း၊ ယာဉ်မောင်း အမျိုးသားတစ်ဦး မောင်းလာသော Toyota Voxy အမျိုးအစား အဖြူရောင်ယာဉ်ဖြင့် အမျိုးသားတစ်ဦးနှင့်အတူ ဘင်္ဂါလီငါးဦးကို တင်ဆောင်နေသည်ကို တွေ့ရှိရကြောင်း ယင်းရဲစခန်းထံမှ သိရှိရသည်။

အဆိုပါခြောက်ဦးမှာ အသက် ၄၄ နှစ်အရွယ် ဗမာအမျိုးသားတစ်ဦးနှင့် အသက် ၁၉ နှစ်မှ ၃၄ နှစ် ဘင်္ဂါလီ ၅ ဦးမှာ တစ်ဖက်ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်ခဲ့ပြီး တရားမဝင်ပြန် လည်ဝင်ရောက်လာ သူများဖြစ်ကြောင်းကိုစစ်ဆေး သိရှိရကြောင်း၊ ယင်းနောက် ၎င်းတို့ကို ယာဉ်မောင်းက မြဝတီမြို့မှ တစ်ဆင့် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်းကို စုံစမ်းသိရှိရကြောင်း မြဝတီမြို့မရဲစခန်းထံမှ သိရှိရသည်။

တရားမဝင် ဝင်ရောက်လာသော ဘင်္ဂါလီငါးဦးအပါအဝင် ခြောက်ဦးကို ၁၉၄၇ ခုနှစ် လူဝင်မှု ကြီးကြပ်ရေး လတ်တလော ပြဋ္ဌာန်းချက်များဥပဒေပုဒ်မ ၁၃ (၁) ဖြင့် အမှုဖွင့်ထားပြီး လာရောက်ကြိုဆိုကာ မော်လမြိုင်သို့ ပို့ဆောင်မည့် အသက် ၃၃ နှစ်အရွယ် ယာဉ်မောင်းကို လူဝင်မှု ကြီးကြပ်ရေး လတ်တလော ပြဋ္ဌာန်းချက်များဥပဒေ ပုဒ်မ ၁၃ (၅)ဖြင့် အမှုဖွင့်ထားကြောင်း မြဝတီမြို့မရဲစခန်း၏ ထုတ်ပြန်ချက်အရ သိရသည်။

"တရားမဝင် ဝင်ရောက်လာတာတွေကို ပိုပြီးတားဆီးမယ်၊ ပြည်သူနဲ့ ပူးပေါင်းပြီး ဖော်ထုတ်ဖမ်းဆီးသွားပါမယ်" ဟု မြဝတီမြို့မ ရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ကိုကိုနိုင်က ပြောကြားသည်။ ■

# တရုတ်နိုင်ငံသို့ တရားမဝင်နွားများ တင်ပို့သည်ဟု တရားစွဲခံထားရသူ လေးဦး တရားသေ လွတ်မြောက်

**ကျိုင်းတုံ၊ အောက်တိုဘာ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တရားရုံး၌ တရုတ်နိုင်ငံသို့ တရားမဝင် နွားများတင်ပို့သည်ဟုဆိုကာ တစ်လကျော်ကြာ တရားစွဲဆိုထားရသူ လေးဦး အောက်တိုဘာလ၃ရက်နေ့က တရားသေလွတ်မြောက်ခဲ့ကြောင်း ကျိုင်းတုံမြို့နယ်တရားရုံးထံမှ စုံစမ်းသိရှိရသည်။

ကျိုင်းတုံမြို့နယ် တရားရုံးတွင် စက်တင်ဘာလ၁ရက်နေ့၌ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပုဒ်မ-၅ဖြင့် တရားစွဲခံရသူ လေးဦး၏ ထွက်ဆိုချက်၊ သက်သေများ၏ ထွက်ဆိုချက် အပါအဝင် သယ်ဆောင်လာသော နွားများက တရုတ်နိုင်ငံသို့ တရားမဝင် တင်ပို့ရန်မဟုတ်ဘဲ စားကျက်ပြောင်းရွှေ့ရန် သယ်ဆောင်လာသည်ဟု ခိုင်လုံသောကြောင့် တရားသေလွတ်မြောက်ခွင့် ရရှိခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းမြို့နယ် တရားသူကြီး ဒေါ်မာမာစိုးက ပြောကြားသည်။

"ရွာကနေ တခြားရွာကို စားကျက်ပြောင်းရွှေ့ဖို့အတွက် နွားတွေကို မောင်းလာတာပါ။ တရုတ်ဘက်သွားပို့ဖို့ မဟုတ်ပါဘူး၊ ဦးလေးနှစ်ယောက်နဲ့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ကတော့ ထောင်ထဲမှာ တစ်လနဲ့ သုံးရက် နေလိုက်ရတယ်" ဟု တရားစွဲခံရသူ ကျိုင်းကာရွာနေ အသက် ၃၀ ကျော် အမျိုးသားက ပြောဆိုသည်။

ကျိုင်းတုံမြို့နယ် နောင်ကုန်ကျေးရွာအုပ်စု ပါလင်ရွာ အနီးတွင် တရုတ်နိုင်ငံသို့ တရား မဝင်တင်ပို့ရန် နွားများ သယ်ဆောင်လာ ကြောင်း သတင်းရရှိသဖြင့် စက်တင်ဘာ လ၁ရက်နေ့ ညပိုင်းက ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ စောင့်ဆိုင်းနေစဉ် အမျိုး သားလေးဦးနှင့်အတူ နွား ၁၇ ကောင်ကို ဖမ်းမိခဲ့ကြောင်း ကျိုင်းတုံမြို့မ ရဲစခန်းမှူး ဒုရဲမှူး ဝင်းသန်းက ပြောကြားသည်။ ■

# လမ်းခင်းကျောက် တရားမဝင် ထုတ်လုပ်မှုများကို မွန်ပြည်နယ်အစိုးရ ပိတ်သိမ်းပေးရန် လိုအပ်ဟုဆို

**မော်လမြိုင်၊ အောက်တိုဘာ ၆**

မွန်ပြည်နယ် ဘီးလင်းမြို့တွင် လမ်းခင်းကျောက် တရားမဝင်ထုတ်လုပ်နေမှုများ တွေ့ရှိရသဖြင့် ပြည်နယ်အစိုးရက ပိတ်သိမ်းရန် လိုအပ်ကြောင်း ပေါင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမင်းအောင် ပြောကြားသည်။

သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက တင်ပြလာပါက လိုင်စင်ရယူရေး အသိပေးခြင်းနှင့် ဖျက်သိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်က လမ်းခင်းကျောက် တူးဖော်သည့် သတ္တုတူးဖော်ခွင့်လိုင်စင် ၈၈ ခုကိုပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက အောက်မြန်မာပြည် မြေနှင့် အခွန်နည်း ဥပဒေ ၁၀၇ (ခ)၊ မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၁၉၇၊ ၁၉၈ အရ ထုတ်ပေးခဲ့ကြောင်း မွန်ပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းက ပြောကြားသည်။

ယင်းကျောက်ထုတ်လုပ်ရေး ကုမ္ပဏီ ၈၈ ခုသည် ကျိုက်ထိုမြို့နယ်တွင် ၄၄ ခု၊ သထုံမြို့နယ်တွင် ငါးခု၊ ပေါင်မြို့နယ်တွင် ၂၂ ခု၊ ကျိုက်မရောမြို့နယ်တွင် လေးခု၊ ရေးမြို့နယ်တွင် ၁၃ ခုတို့ဖြစ်ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင် လမ်းခင်းကျောက်တူးဖော်ခွင့် လိုင်စင်အသစ် လျှောက်ထားခဲ့သည့် လုပ်ငန်းရှင် ၄၀ ဦး ရှိနေပြီး လမ်းခင်းကျောက်ထုတ်လုပ်ရန် လျှောက်ထားခဲ့သော မြို့နယ်များတွင် ကျိုက်မရောမြို့နယ်မှ ရှစ်ခု၊ ရေးမြို့နယ်တွင် လေးခု၊ ကျိုက်ထိုမြို့နယ်တွင် ၂၆ ခု၊ သထုံမြို့နယ်တွင် လေးခု၊ ပေါင်မြို့နယ်တွင် တစ်ခုတို့ ပါဝင်ကြောင်း ၎င်းက ရှင်းပြသည်။

ခတ်သတ္တုတူးဖော်ခွင့်လိုင်စင်၏ သက်တမ်းသည် အောက်မြန်မာပြည် မြေနှင့်အခွန် နည်းဥပဒေ ၁၀၇ (ဃ) အရ နှစ်စဉ် ဇွန် ၃၀ ရက်တွင် သက်တမ်းကုန်ဆုံးပြီး လိုင်စင်လျှောက်ထားရာတွင် ခွင့်မပြုရန် ကန့်သက်ချက်များစွာရှိကြောင်း၊ ယင်းကန့်သက်ချက်များတွင် ဒေသခံပြည်သူများ၏ သဘောထားရယူခြင်း၊ လမ်းမကြီး၊ မီးရထားလမ်း၊ ရေသိုလှောင်ကန်၊ တူးမြောင်းစသည်တို့မှ ပေ ၆၀၀ အတွင်း တူးဖော်ထုတ်လုပ်ခြင်း မပြုရဆိုသည့် အချက်လည်း ပါရှိကြောင်း ၎င်းက ပြောဆိုသည်။ ■



ကျိုင်းတုံမြို့ MPT Brand Shop တွင် မိုဘိုင်းလ်ဖုန်းမှတ်ပုံတင်သူများကိုတွေ့ရပုံ

# ကျိုင်းတုံတွင် MPT ဆင်းမ်ကတ် ရှစ်ထောင်ကျော် မှတ်ပုံတင်

**ကျိုင်းတုံ၊ အောက်တိုဘာ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့တွင် မြန်မာ့ဆက်သွယ်ရေး MPT မိုဘိုင်းလ် ဖုန်းဆင်းမ်ကတ်များ မှတ်ပုံတင်ရန် ကြေညာခဲ့သော ဩဂုတ်လကုန်ပိုင်းမှ အောက်တိုဘာလ ၆ ရက်နေ့အထိ မှတ်ပုံတင်သူ ရှစ်ထောင်ကျော် ရှိကြောင်း ကျိုင်းတုံမြို့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းထံမှ စုံစမ်း သိရှိရသည်။

မြန်မာ့ဆက်သွယ်ရေး (MPT) အပါအဝင် ပြည်ပဆက်သွယ်ရေးကုမ္ပဏီများဖြစ်သည့် Telenorနှင့် Ooredoo မိုဘိုင်းလ်ဖုန်းဆင်းမ်ကတ်များကိုဩဂုတ်လနောက်ဆုံးပတ်မှ စတင်ကာ မှတ်ပုံတင်ရန် ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း ကျိုင်းတုံမြို့ မြန်မာ့ဆက်သွယ်ရေး Brand Shop တာဝန်ခံ ဦးသိန်းဝင်းက ပြောကြားသည်။

"ဒီမှာက အွန်လိုင်းကနေ မှတ်ပုံတင်လို့ မရသေးတဲ့အတွက် လူကိုယ်တိုင်လာပြီး မှတ်ပုံတင်ကြတယ်၊ ပထမဆုံးပေါ်တဲ့ ၁၅သိန်းတန်ဖုန်းတွေ အပါအဝင် အခြားMPTဖုန်းတွေကိုလာမှတ်ပုံတင်တာ တစ်နေ့ ၁၀၀ ကျော်ရှိတယ်"ဟု ၎င်းက ပြောဆိုသည်။

တိုင်းရင်းသား မျိုးနွယ်စုပေါင်းများစွာ နေထိုင်သော ကျိုင်းတုံမြို့နယ်တွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းပိုင် GSM နှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်ပိုင် CDMA မိုဘိုင်းလ်ဖုန်း အသုံးပြုသူများ ပြားပြီး ပြည်ပဆက်သွယ်ရေး ကုမ္ပဏီများဖြစ်သည့် Telenorနှင့် Ooredoo မိုဘိုင်းလ်ဖုန်း အသုံးပြုသူနည်းပါးကြောင်း ယင်းဒေသခံများထံမှ သိရသည်။

"ဖုန်းအသုံးပြုသူအားလုံး မှတ်ပုံတင်ရမယ် ပြောလို့ပြီးခဲ့တဲ့ တစ်ပတ်က ၁၈သိန်းနဲ့ဝယ်ထားတဲ့ဖုန်း၊ ငါးသိန်းတန်ဖုန်းကိုဆက်သွယ်ရေးမှာသွားပြီး မှတ်ပုံတင်တာ လူတွေများလို့ချက်ချင်းမရ ဖောင်ဖြည့်ထားခဲ့ရတယ်၊ တယ်လီနောနဲ့ အူရီဒူးဖုန်းတွေကတော့ လိုရမယ်ရ ဝယ်ထားပေမယ့် ဘယ်မှာ မှတ်ပုံတင်ရမှန်း မသိသေးဘူး" ဟု အမှတ်(၁)ရပ်ကွက်တွင် နေသူ ကိုစိုင်းထွန်းကပြောကြားသည်။

ပြည်သူများ လက်ရှိ သုံးစွဲနေသော မှတ်ပုံမတင်ရသေးသည့် မိုဘိုင်းလ်ဖုန်း ဆင်းမ်ကတ်များကို ၂၀၁၇ခုနှစ် မတ်လကုန် နောက်ဆုံးထားကာ မှတ်ပုံတင်ဆောင်ရွက်ကြရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနက ကြေညာထားသည်။ ■

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

## မှုခင်းသတင်းတိုများ

■ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ၂၃ ရပ်ကွက်၊ ကျိုင်းတုံလမ်းတွင် အောက်တိုဘာလ ၅ ရက် နံနက် ၂ နာရီခွဲက ငါးနှစ်ကောင် ဆီစက်ဝင်းရှိ လေးထပ်အဆောက်အအုံဝရန်တာပေါ်မှ အသက် ၂၄ နှစ်အရွယ် အလုပ်သမား အမျိုးသားတစ်ဦး ပြုတ်ကျသေဆုံးခဲ့သည်။

■ ဒဂုံအရှေ့မြို့နယ်၊ (၇) ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်းနှင့် ဟိုင်စင်ဒူးဝါးလမ်းဆုံတွင် အောက်တိုဘာလ ၅ ရက် နံနက် ၁ နာရီကအသက် ၂၄ နှစ်အရွယ် အမျိုးသားတစ်ဦးကိုယင်းရပ်ကွက်တွင် နေထိုင်သောအသက် ၃၀ အရွယ် ကိုထက်ထက်အောင် (ခ) ထက်ထက်ကဓားဖြင့် ထိုးခဲ့သောကြောင့် ဓားထိုးခံရသူမှာဘယ်ပေါင်ထိုးသွင်းဒဏ်ရာတစ်ချက်နှင့် လက်နှစ်ဖက်တွင် ပြတ်ရှဒဏ်ရာများရရှိခဲ့သည်။

■ ကျောက်တန်းမြို့နယ်၊ အေးရှားဝေါလ်လမ်းဆုံတွင် အောက်တိုဘာလ ၅ ရက် နံနက် ၈ နာရီခွဲက ၁၈ ဘီးတွဲယာဉ် တစ်စီးနှင့် Honda Fit ယာဉ်တစ်စီးတို့ မျက်နှာချင်းဆိုင် ဝင်တိုက်မိခဲ့ပြီး ယာဉ်နှစ်စီးပျက်စီးခဲ့သည်။

■ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ ရပ်ကွက်၊ ယသဝတီလမ်းတွင် အောက်တိုဘာလ ၅ ရက် မွန်းလွဲ ၃ နာရီကလောင်းကစားပြုလုပ်နေကြောင်း သတင်းရှိထားသည့် နေအိမ်ကိုဝင်စစ်ဆေးခဲ့ရာအသက် ၄၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးထံမှ နှစ်လုံးထီဂဏန်းများရေးထားသည့် ဘောက်ချာစာအုပ်များနှင့်အတူငွေကျပ် နှစ်သောင်းကျော်ကို သိမ်းဆည်းရမိခဲ့သည်။

■ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၄၁ တိုးချဲ့ရပ်ကွက်၊ တော်ဝင်အိမ်ရာရှိ တိုက်အမှတ်(၃)၊ ဒုတိယထပ် တိုက်ခန်းတစ်ခုကိုမူးယစ်သတင်းအရရဲတပ်ဖွဲ့က ဝင်ရောက်စစ်ဆေးခဲ့ရာအသက် ၂၆ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့်အတူ ရေစိုပျက်စီးနေသည့် WY စာတန်းပါ စိတ်ကြွဆေးပြား ၁၀ ပြား၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

■ ဗိုလ်တထောင်မြို့နယ်၊ စန္ဒကူးလမ်းနှင့် ကုန်သည်လမ်းဆုံထောင့်တွင် အောက်တိုဘာလ ၅ ရက် မွန်းလွဲ ၃ နာရီခွဲကဗိုလ်တထောင်ဘက်မှ ပုဇွန်တောင်ဘက်သို့ မောင်းလာသည့် ထရပ်ယာဉ် တစ်စီးမှာအရှိန်မထိန်းနိုင် ဖြစ်ပြီးလိုက်ထရပ်ယာဉ်တစ်စီးကိုဝင်တိုက်မိခဲ့သောကြောင့် ယာဉ်နှစ်စီးပျက်စီးခဲ့ပြီးလိုက်ထရပ်ယာဉ်ပေါ်ပါ သံဃာနှစ်ပါးထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

■ ရန်ကင်းမြို့နယ်၊ သစ္စာလမ်းရှိသံလမ်းမှတ်တိုင်အနီးတွင် အောက်တိုဘာလ ၅ ရက် ညနေ ၄ နာရီကတောင်ဥက္ကလာပ မှ ရန်ကင်းဘက်သို့ မောင်းလာသည့် Nissan AD Van ယာဉ်တစ်စီးမှာအရှိန်မထိန်းနိုင်ဖြစ်ပြီး လမ်းဘေးရပ်ထားသည့် Toyota Corolla အငှားယာဉ် တစ်စီးကို ဝင်တိုက်မိခဲ့ပြီး ယာဉ်တိုက်ခံရသည့် အရှိန်ဖြင့် အငှားယာဉ်မှ ယာဉ်ရှေ့ရှိ Toyota Fielder ယာဉ်တစ်စီးကို ထပ်မံဝင်တိုက်မိခဲ့သောကြောင့် ယာဉ်သုံးစီးပျက်စီးခဲ့သည်။

## ရွှေပြည်သာတံတားအနီးရှိ သဲကွင်းတွင် လူသတ်မှုဖြစ်

**ရန်ကုန်၊ အောက်တိုဘာ ၆**

အင်းစိန်မြို့နယ်၊ တညင်းကုန်း ရပ်ကွက်၊ ရွှေပြည်သာတံတားအနီးရှိ သဲကွင်းတွင် အောက်တိုဘာလ ၅ ရက် ညနေ ၆ နာရီခွဲကအသက် ၂၈ နှစ်အရွယ် အမျိုးသားတစ်ဦးဓားဖြင့် ထိုးသတ်ခံရကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

ဓားထိုးအသတ်ခံရသူမှာရောဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့တွင် နေထိုင်သူမောင်ဖြိုးကြွယ်ဖြစ်ပြီးကုန်တင်ကုန်ချရုံးတွင် TV ထိုင်ကြည့်နေစဉ် ယင်းနေ့ညနေကခြင်းခတ်ရာမှ စကားများ ရန်ဖြစ်ခဲ့သောအသက် ၂၀ အရွယ် ဟန်ဇော်ထွန်း (ခ) ဘဲဥက ဓားဖြင့် ၎င်း၏ ဘယ်ဘက်နံကြားကို ထိုးသွင်းသတ်ခဲ့ကြောင်း အင်းစိန်မြို့မရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

"လူသတ်မှုကျူးလွန်သူနဲ့ လူသတ်ခံရသူနှစ်ယောက်စလုံးကကုန်တင်ကားကယာဉ်နောက်လိုက်တွေပါ၊ သဲကွင်းမှာကုန်လာချချိန် ကားရပ်နားရင်း ခြင်းခတ်ရာက စကားများရန်ဖြစ်ပြီးလူသတ်မှုကျူးလွန်ခဲ့တာ၊ ပြစ်မှုကျူးလွန်သူကိုဖမ်းမိထားတယ်" ဟု ၎င်းကဆက်လက် ပြောကြားသည်။

ဖမ်းမိထားသည့် ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်တွင် နေထိုင်သော ဟန်ဇော်ထွန်း (ခ) ဘဲဥကို အင်းစိန်မြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်းရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။ ■

## မင်္ဂလာဒုံ ရိုးမဘောလုံးကွင်းတွင် ကိုးတန်းကျောင်းသား အချင်းချင်း ဓားထိုးမှုဖြစ်

**ရန်ကုန်၊ အောက်တိုဘာ ၆**

မင်္ဂလာဒုံမြို့နယ်၊ ဈေးရပ်ကွက်၊ ရိုးမဘောလုံးကွင်းတွင် အောက်တိုဘာလ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက လူမှုကွန်ရက် Beetalk တွင် ဆဲဆိုမှုနှင့်ပတ်သက်၍ ကိုးတန်းကျောင်းသားနှစ်ဦး ချိန်းဆိုကာ ရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်ပွားခဲ့ကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

ဓားထိုးခံရသူမှာ မင်္ဂလာဒုံမြို့နယ်၊ အ.ထ.က(၂)အောင်ဆန်းသူရိယလှသောင်းကျောင်းမှ န၀မတန်းတွင် ပညာသင်ကြားနေသူဖြစ်ပြီး Beetalk တွင် အပြန်အလှန်ဆဲဆိုရန်ဖြစ်ထားသော အ.ထ.က (၅) မှ ကိုးတန်းကျောင်းသားတစ်ဦးနှင့် ရိုးမဘောလုံးကွင်းတွင် ရန်ဖြစ်ရန် ချိန်းဆိုခဲ့ကြောင်း မင်္ဂလာဒုံမြို့နယ် ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ယင်းနောက် ၎င်းတို့နှစ်ဦး တွေ့ဆုံရန်ဖြစ်စဉ် အ.ထ.က(၅)မှ ကိုးတန်းကျောင်းသားနှင့် အဖော်လိုက်ပါလာသည့် ကိုးတန်းကျောင်းသားတစ်ဦးက ခြောက်လက်မခန့်ရှိသောဓားဖြင့် ၎င်း၏ကျောကုန်းကိုထိုးသွင်းခဲ့ကြောင်း အမှုဖွင့် တိုင်ကြားချက်များအရ ၎င်းကပြောကြားသည်။

"ကျောကုန်းမှာ ဓားတန်းလန်းနဲ့ ကျောင်းသားတစ်ယောက် လဲကျနေတယ်၊ သတင်းရလို့ သွားစစ်ဆေးခဲ့တယ်၊ ဓားထိုးမှုကျူးလွန်သူက အ.ထ.က(၅) က ကိုးတန်းကျောင်းသားလို့ သိရပြီး ကျောင်းအုပ်ထံ သတင်းပေးပို့ထားတယ်၊ ကျောင်းသားတွေဖြစ်နေလို့ ပြေလည်မှုရအောင် နှစ်ဖက်မိဘတွေ တိုင်ပင်ညှိနှိုင်းနေတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

ဓားထိုးခံရသည့် ကိုးတန်းကျောင်းသားကို အင်းစိန်မြို့နယ်ဆေးရုံသို့ တင်ပို့ကုသခဲ့ပြီး လတ်တလောတွင် အသက်အန္တရာယ် စိုးရိမ်ရမှုမရှိတော့ကြောင်း မင်္ဂလာဒုံမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။ ■

## ၁၀နှစ် မိန်းကလေးကို အဓမ္မ အကြိမ်ကြိမ် ပြုကျင့်သည်ဟုဆိုကာ ကျောင်းထိုင်ဆရာတော်ကို အမှုဖွင့်

**ကလေး ၊ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ၊ ကလေးဝမြို့ ကြို့ကုန်းကျေးရွာတွင် အသက် ၁၀နှစ် မိန်းကလေးကို အဓမ္မအကြိမ်ကြိမ် ကျူးလွန်ခဲ့သည်ဟုဆိုကာ အသက် ၇၀ အရွယ် နန်းပွတ်ကြို့ကုန်းရွာဦးကျောင်းမှ ကျောင်းထိုင်ဆရာတော်ကို အောက်တိုဘာလ ၄ ရက်နေ့က အမှုဖွင့်ထားကြောင်း ကလေးဝမြို့မ ရဲစခန်းထံမှ စုံစမ်း သိရှိရသည်။

အဆိုပါ ကျောင်းထိုင်ဆရာတော် ဦးသောပိတက ယခုနှစ်စမှ သြဂုတ်လအထိ ၁၀ နှစ်အရွယ်မိန်းကလေးကိုအကြိမ်ကြိမ် အဓမ္မပြုကျင့်ခဲ့ကြောင်း၊ ယင်းဆရာတော် အဓမ္မပြုကျင့်သည်ကို အဓမ္မပြုကျင့်ခံရသူ၏ ညီမဝမ်းကွဲက ၎င်း၏ မိဘများထံ တိုင်ကြားရာမှာ သိရှိခဲ့ကြောင်း၊ အဓမ္မပြုကျင့်ရာတွင် ညီမဝမ်းကွဲတော်သူကို မုန့်ဖိုးပေးကာ လူသွားလူလာ စောင့်ကြည့်ခိုင်းခဲ့ကြောင်း အဓမ္မပြုကျင့်ခံရသော ကလေး၏ မိဘများကို အမှုဖွင့်လုစ်နိုင်ရန် ကူညီနေသော အထက်ချင်းတွင်း လူငယ်ကွန်ရက်မှဦးကျော်သက်ဝင်းက ပြောကြား သည်။

"ရွာကဝေးတာရော ကျောင်းထိုင်ဆရာတော်ဆိုတော့ သာသနာညှိုးနွမ်းမယ်။ ဘာညာနဲ့ ရွာက ဝိုင်းပြောတာရောနဲ့ ကလေးမိဘတွေက အမှုမဖွင့်ဘဲ ထားလို့ အမှုဖွင့်ရတာ နောက်ကျနေတာ၊ ကျောင်းထိုင် ဘုန်းကြီးကကျောင်းပိတ်ထားပြီး တိမ်းရှောင်နေတယ်" ဟု၎င်းက ရှင်းပြသည်။

ကျောင်းထိုင်ဆရာတော်ကို ရာဇသတ်ကြီးပုဒ်မ ၃၇၆ ၊ ရာဇသတ်ကြီး ပုဒ် ၂၉၅ ဖြင့် အမှုဖွင့်ထားကြောင်း ကလေးဝမြို့မ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ ■

The VOICE Daily

CARTOON



**မျက်နှာဖုံး - ကန်ထရိုက်စနစ်ဖြင့် အထက်တန်းပြဆရာ မှ အဆက်**

ယင်းသို့ခန့်ထားရန် ပညာရေးဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားခဲ့ပြီး ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ကျောင်းသားများနှင့်ဆရာအချို့က ကန့်ကွက်ကြောင်း အဆိုပါကျောင်းသားများထံမှ သိရှိရသည်။

ထို့ကြောင့် ဆရာခန့်ထားရေးမူဘောင်ရေးဆွဲပြီး၊ မပြီး၊ ပြီးလျှင် အသိပေးချပြရန်၊ ကန်ထရိုက်စနစ် ဆိုသော အသုံးအနှုန်းကိုကန့်ကွက်ကြောင်းနှင့်နေ့စားလပေးဆဲ့ခန့်ဆရာများ ထပ်မံမခန့်ထားရေး အချက်သုံးချက်ကို ပညာရေး တက္ကသိုလ်နှစ်ခုမှ ကျောင်းသားများက အောက်တိုဘာလ ၅ ရက်တွင် သမ္မတရုံး သို့စာပို့ခဲ့ကြောင်း ကျောင်းသားများကဆိုသည်။

"အခြေခံဆရာ၊ ဆရာမများ ခန့်ထားရေး မူဘောင်ဆိုတာရှိလား၊ ရှိရင်ချပြပါ၊ လက်ရှိခန့်နေတာကရော အဲ့ဒီမူဘောင်တွေအတိုင်းလား၊ ဒါဆို ကန့်ကွက်ပါတယ်၊ မူကြမ်းအဆင့်ဆို ချပြဆွေးနွေးပေးပါ။ မရှိသေးရင် ပညာရှင်တွေဖိတ်ခေါ်ဆွေးနွေးပါ။ ကန်ထရိုက်ဆိုတဲ့ စကားရဲ့သဘော သဘာ၀ဟာ ပညာရေးမှာသုံးဖို့မသင့်ကြောင်းနဲ့ ဝန်ကြီးအနေနဲ့ စကားအသုံးအနှုန်းဆင်ခြင်ဖို့ပါ" ဟု ကိုနောင်ထက်အောင်ကပြောကြားသည်။

ကန့်ကွက်လှုပ်ရှားမှုအနေနှင့် လူမှုကွန်ရက်စာမျက်နှာတွင် 'We just want professional teachers!, We don't want unprofessional jobless!, Stop Contract Teachers' ဟူသောစာများရေးသားထားသည့် ဖဲကြိုးစိမ်းလှုပ်ရှားမှုကိုပြုလုပ်နေပြီး ဖေ့စ်ဘွတ်ခ် Blue Mark ရရှိထားသူ၊ အဖွဲ့အစည်းများ၏ ပို့စ်များအောက်တွင်လည်း လိုက်လံဖြန့်ဝေခဲ့ကြောင်း အဆိုပါကျောင်းသားများထံမှ သိရှိရသည်။

အောက်တိုဘာလ ၃ ရက်ကပြုလုပ်သည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပညာရေးဝန်ကြီးက "တစ်နိုင်ငံလုံးမှာရှိတဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ အထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ပေးခဲ့တဲ့ ၃၁၉ ကျောင်းအတွက် အောက်တိုဘာမှာ တစ်ကျောင်းကို ခုနစ်ဦးနှုန်းနဲ့ ခန့်ထားပေးဖို့အတွက် လိုအပ်တဲ့ ဆရာ၊ ဆရာမ ၂၂၃၃ ဦးကိုတော့ ဘွဲ့ရထားသူတွေကို ကန်ထရိုက်စနစ်နဲ့ အထက်တန်းပြဆရာအဖြစ်နဲ့ ဖြည့်ဆည်းပေးဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်" ဟုပြောကြားခဲ့သည်။

ကန်ထရိုက်စနစ်ဖြင့် ငှားရမ်းခန့်ထားမည်ဆိုခြင်းနှင့်ပတ်သက်၍ စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးစိတ်ပညာဌာန ပါမောက္ခ၊ ဌာနမှူး (အငြိမ်းစား) ဒေါက်တာနုနုဝင်းက ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်ပါ၊ မပါ၊ သက်ဆိုင်ရာကျောင်း၏ ကျောင်းအုပ်ကြီးများ၊ အကြီးအကဲဆရာများ၊ မိဘများရှေ့တွင် စာသင်နည်း၊ အတန်းထိန်းနည်းများကို သေသေချာချာစစ်ဆေးပြီး ခန့်ထားပါက ကောင်းမွန်မည်ဖြစ်ကြောင်း လူမှုကွန်ရက်စာမျက်နှာတွင်ရေးသားထားသည်။

"ဒါမှ နိုင်ငံတကာစံချိန်၊ စံညွှန်းမီတဲ့ ကန်ထရိုက်စာချုပ်နဲ့ခန့်အပ်နည်းဖြစ်ပါတယ်။ ကန်ထရိုက်စနစ်ကို ဒီလိုနိုင်ငံတကာစံချိန်၊ စံညွှန်းတွေ မမီဘဲနဲ့ မြန်မာ့နည်း၊ မြန်မာ့ဟန်လုပ်ပစ်ပြီး လက်သင့်ရာစားတော်ခေါ်ကြရင်တော့ မြန်မာ့ပညာရေး ဆက်ပြီးဂွမ်းဦးမှာပါပဲ။ အားလုံး သတိရှိကြပါစေ" ဟုဒေါက်တာနုနုဝင်းက လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားမျှဝေထားသည်။

ပညာရေးတက္ကသိုလ်များမှ ကျောင်းသားများနှင့် ဆရာအချို့ ကန့်ကွက်နေမှုအပေါ် မည်သို့တုံ့ပြန်မည်နှင့် ခန့်ထားမည့်စနစ်၊ ရွေးချယ်မည့်မူဝါဒများကို သိရှိရန် ပညာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာခိုင်မြဲထံ အောက်တိုဘာလ ၆ရက်၊ နံနက် ၁၀ နာရီခွဲခန့်က ဖုန်းဖြင့် ဆက်သွယ်မေးမြန်းရာ လတ်တလော အစည်းအဝေးခန်းတွင်းရောက်ရှိနေသောကြောင့် နောက်မှပြန်လည်ဆက်သွယ်ရန် ဖြေကြားသည်။

ကန်ထရိုက်စနစ် ခန့်ထားမည်ဆိုခြင်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး က၀မြို့နယ် သက္ကလအထက်တန်းကျောင်း အင်္ဂလိပ်စာပြဆရာ ဦးအောင်ကျော်သူက အထက်တန်းဘာသာရပ်များ အမှန်တကယ်သင်ကြားနိုင်သူများကိုသာ မှန်ကန်သော ရွေးချယ်မှုနှင့် ခန့်ထားခြင်း၊ ဆရာလိုင်စင်ကဲ့သို့ ဘာသာရပ်ဆိုင်ရာစစ်ဆေးခြင်းများ ထိရောက်စွာ စစ်ဆေးခန့်ထားခြင်း၊ ဘောဂဗေဒဘာသာရပ်အတွက် စီးပွားရေး ဘွဲ့ရသင်ကြားနိုင်သူများကို ဦးစားပေးရွေးချယ်ခန့်ထားခြင်းဖြစ်သင့်ကြောင်း The Voice သို့မှတ်ချက်ပြုပြောကြားသည်။

"အဓိကက ကန်ထရိုက်စနစ်နဲ့ ငှားမယ်ဆိုတော့ ခန့်ထားမယ့်စနစ်၊ ရွေးချယ်တဲ့စနစ်မှန်ကန်ဖို့ လိုအပ်တယ်လို့မြင်ပါတယ်" ဟု ဦးအောင်ကျော်သူက မှတ်ချက်ပြုပြောကြားသည်။

ထို့ပြင် ပညာရှင်များကို ဖိတ်ခေါ်သည့်အနေနှင့် လက်ရှိအထက်တန်းပြလစာနှုန်းထားဖြင့်သာ အမှန်တကယ်စိစစ်ရွေးချယ်ပါက ထိုက်တန်သည့်လစာအရ တတ်ကျွမ်းသူများ ပညာရေးလောကအတွင်း ဝင်ရောက်လာပြီး ပညာရေးကောင်းမွန်စေရန် စီစဉ်ပေးခြင်း စသည့်မှန်ကန်သော ရွေးချယ်ခန့်ထားမှုဖြစ်ပါက လက်ခံကြိုဆိုရမည်သာဖြစ်ကြောင်း ဦးအောင်ကျော်သူကဆိုသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ယခုပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိမည့် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ၃၈ ကျောင်းအတွက် အထက်တန်းပြဆရာဖြည့်တင်းနိုင်မှုမရှိပါက အထက်တန်းပြ ခုနစ်ဦးစီကို မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ သို့မဟုတ် ဇီဝဗေဒဘာသာတွဲနှင့် ကိုက်ညီသူများကို ဒေသန္တရစာချုပ်ဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၃၀ ရက် အထိ နေ့စားခန့်ထားရန် လျာထားကြောင်း အခြေခံပညာ ဦးစီးဌာန မန္တလေး တိုင်းဒေသကြီးပညာရေးမှူးရုံးအမည်နှင့် စက်တင်ဘာလ ၂၇ ရက် ရက်စွဲပါ စာတစ်စောင် လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့နှံ့နေသည်။

အဆိုပါစာတွင် ခန့်ထားရာ၌လိုက်နာရမည့် အချက်များအနေနှင့် ကျန်းမာသန်စွမ်းသူဖြစ်ရန်၊ ဘွဲ့ရရှိသည့် အထူးပြုဘာသာရပ်နှင့် သင်ကြားမည့် ဘာသာရပ်ကိုက်ညီမှုရှိသူဖြစ်ရန်၊ သတ်မှတ်ရက်အထိ တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရန်၊ ဌာန၏ ဝန်ထမ်းစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရန်၊ ကျောင်းတွင်လိုအပ်သည့် ဘာသာရပ်များကိုသာ ခန့်ထားပေးရန်၊ အထက်တန်းပြ ဦးရေ ခုနစ်ဦးမပြည့်သေးပါက လိုအပ်သောဘာသာရပ်များအတွက် ထပ်မံလျာထားရန်အချက်များ ဖော်ပြပါရှိသည်။ ■

**မျက်နှာဖုံး - လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်လေးဦး မှ အဆက်**

ကျေအေးရန် ကြားဝင်ညှိနှိုင်းဖြေရှင်းခဲ့သည့်အတွက် လူမှုကွန်ရက်စာမျက်နှာတွင် ဝေဖန်ပြစ်တင်မှုများစွာ ခံခဲ့ရပြီး စက်တင်ဘာလ ၂၂ ရက်က ပြုလုပ်သော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင်လည်း နိုင်ငံသားများ၏ အခွင့်အရေးကို အကာအကွယ်မပေးနိုင်သည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင်အချို့ကိုထိရောက်စွာအရေးယူရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို တင်သွင်းခဲ့သည်။

စက်တင်ဘာ ၂၆ ရက်နေ့တွင် ယင်းအဆိုကို ဆွေးနွေးရာ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးတင်သစ်က ကော်မရှင်အဖွဲ့ဝင်များအနေနှင့် အစိုးရ၏အရေးယူမှုကို ထိုင်စောင့်နေရန်မသင့်ဘဲ မိမိကိုယ်တိုင် အမှားဝန်ခံ၍ ရာထူးမှနုတ်ထွက်ပေးရန်လိုကြောင်း ပြောကြားသည်။

ကော်မရှင်သည် သုံးနှစ်အတွင်း တိုင်စာ ၇၀၀၀ ကျော် ရရှိခဲ့ပြီး ၁၆ မှုသာ စစ်ဆေးနိုင်သောကြောင့် လက်ရှိတာဝန်ယူသူများကို တာဝန်မှ ရပ်စဲ၍ အသစ်ပြန်လည်ဖွဲ့စည်းရန်လိုကြောင်း ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်က ထောက်ပြခဲ့သည်။

ယင်းအပြင်ဇူလိုင် ၂၈ ရက်နေ့က ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်လည်း အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာကိုဆွေးနွေးကြရာတွင် လွှတ်တော်ကိုယ်စားလှယ်များက ကော်မရှင်ကိုပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ကြောင်း အထောက်အထားများဖြင့် ပြောဆိုခဲ့ကြပြီးဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ ပုဒ်မ ၆၂ တွင် ပေးအပ်ထားသော တာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်ခြင်း၊ သဘောထားမှတ်ချက်ပေးခြင်းနှင့် ထင်မြင်ချက်ပေးခြင်းတို့အတွက် ကော်မရှင်ကိုဖြစ်စေ၊ ကော်မရှင်အဖွဲ့ဝင်ကိုဖြစ်စေ၊ ကော်မရှင်က တာဝန်ပေးအပ်ခြင်းခံရသူကိုဖြစ်စေ ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရဟု ပြဋ္ဌာန်းထားသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို သမ္မတဟောင်း ဦးသိန်းစိန် လက်ထက် ၂၀၁၁ ခုနှစ်တွင် အဖွဲ့ဝင် ၁၁ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ■

**မျက်နှာဖုံး - စံချိန်တင် ရွှေဈေးပြန်ကျ၊ ဆက်ကျမည် မှ အဆက်**

ကျနိုင်ခြေရှိပါတယ်" ဟု တိတ်စိန် ရွှေဆိုင်ပိုင်ရှင် ကိုဇော်အောင်က ဆိုသည်။

အောက်တိုဘာလ ၅ရက်နေ့ ပြင်ပငွေကြေးဈေးကွက်အတွင်း အမေရိကန်တစ်ဒေါ်လာလျှင် ၁၂၈၀ကျပ်မှအောက်တိုဘာလ ၆ရက်နေ့တွင်မူ အမေရိကန် တစ်ဒေါ်လာလျှင် ၁၂၇၀ကျပ်ခန့်အထိ ကျဆင်းသွားကြောင်း ပြင်ပငွေကြေး ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးမှာ အောက်တိုဘာလ ၂ရက်နေ့က ကမ္ဘာ့ရွှေတစ် အောင်စလျှင် ၁၃၁၅ ဒေါ်လာမှ အောက်တိုဘာလ ၆ရက်နေ့အတွင်း ကမ္ဘာ့ရွှေတစ် အောင်စလျှင် ၁၂၆၅ ဒေါ်လာအထိကျ ဆင်းသွားခြင်းဖြစ်ပြီး လေးရက်အတွင်း အမေရိကန် ဒေါ်လာ ၅၀ ဝန်းကျင်ကျဆင်းသွားခြင်းဖြစ်ကြောင်း ရွှေဈေးကွက်လေ့လာ စောင့်ကြည့်သူများထံမှ သိရှိရသည်။ ■

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂



# ဘောလုံးပွဲစဉ်ပေါင်း ၄၄ ပွဲကို လောင်းကစားခဲ့ခြင်းအတွက် ဘာတန်ကို စစ်ဆေး

**ဂလပ်စကို၊ အောက်တိုဘာ ၆**

စကော့တလန်ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ရိန်းဂျားအသင်းကွင်းလယ်ကစားသမား ဟောင်း ဂျိုယေးဘာတန်ကို ဘောလုံးပွဲစဉ်ပေါင်း ၄၄ ပွဲကို လောင်းကစားခဲ့ခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း Sportmail က ဖော်ပြထားသည်။

အသက် ၃၄ နှစ်အရွယ်ရှိနေပြီဖြစ်သည့် ဂျိုယေးဘာတန်သည် လွန်ခဲ့သည့် ဇူလိုင်လ ၁ ရက်နေ့မှနေ၍ စက်တင်ဘာလ ၁၅ ရက်အတွင်း ဘောလုံးပွဲစဉ်ပေါင်း ၄၄ ပွဲကို ၎င်းအနေနှင့် လောင်းကစားခဲ့မိကြောင်း ဖြောင့်ချက်ပေးဝန်ခံထားပြီလည်းဖြစ်ကာ ၎င်းလောင်းကစားခဲ့သည့် ပွဲစဉ်များတွင် ရိန်းဂျားအသင်း၏ပွဲစဉ်များ ပါဝင်ခြင်းမရှိခဲ့ဟုလည်း ဘာတန်က ရှင်းပြထားသည်။

ဘာတန်သည် ၎င်း၏ကစားသမားဘဝဖြတ်သန်းမှုအတွင်း မန်စီးတီး၊ နယူးကာဆယ်၊ ကျူပီအာ၊ မာဆေး၊ ဘန်လေနှင့် ရိန်းဂျားတို့တွင် ပါဝင်ကစားခဲ့ကာ ဘောလုံးပွဲများ လောင်းကစားခဲ့ကြောင်း ထုတ်ဖော်ဝန်ခံလိုက်အပြီးတွင် ရိန်းဂျားအသင်းတာဝန်ရှိသူများက ၎င်းကို အသင်းမှနေ၍ထုတ်ပယ်ပစ်လိုက်ပြီဖြစ်သည်။

ဘာတန်သည် ရိန်းဂျားအသင်း၏ ပွဲစဉ်များကို လောင်းကစားခဲ့ခြင်း မရှိသော်လည်း စကော့တလန်ကလပ်အသင်း တစ်သင်းဖြစ်သည့် ဆဲလ်တစ်၏ ပွဲစဉ်ကိုမူ လောင်းကြေးထပ်ခဲ့ဖူးကာ ၎င်းလောင်းကစားခဲ့သည့် ဆဲလ်တစ်အသင်း၏ပွဲစဉ်မှာ ဘာစီလိုနာက ဆဲလ်တစ်ကို ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သည့် ချန်ပီယံလိဂ် အုပ်စုပွဲစဉ်ဖြစ်ကြောင်း ဘာတန်က ဖွင့်ဟပြောကြားထားသည်။

စကော့တလန် ဘောလုံးအဖွဲ့ချုပ်သည် ၎င်းတို့၏လက်အောက်ရှိ အမှတ်ပေးဘောလုံးပြိုင်ပွဲများတွင် ပါဝင်ကစားနေသည့် ကစားသမားများကို မည်သို့သော ဘောလုံးပွဲစဉ်မျိုးကိုမျှ လောင်းကစားခြင်းမပြုရဟု တားမြစ်မိန့်ထုတ်ပြန်ထားပြီး ပြစ်မှုကျူးလွန်ခဲ့သည့် ဘာတန်ကို ဒဏ်ကြေးငွေတပ်ရိုက်ခြင်းဖြင့်သာ စကော့တလန် ဘောလုံးအဖွဲ့ချုပ်က အရေးယူဖွယ်ရှိကြောင်း သုံးသပ်ချက်များလည်း ထွက်ပေါ်နေသည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ) သည် ယမန်နှစ်ဘောလုံးရာသီ၌ မန်စီးတီးနောက်ခံလူ ဒီမီချယ်လစ်ကို သီတင်းပတ်သုံးပတ်အတွင်း ဘောလုံးပွဲစဉ်ပေါင်း ၂၉ ပွဲကို လောင်းကစားခဲ့သည့်အတွက် ဒဏ်ကြေးငွေပေါင် ၂၂,၀၀၀ တပ်ရိုက်အရေးယူခဲ့ဖူးသည်။ ■






# သတင်းထောက် မက်ဇ်ဟာမာမွတ်ကို တရားစွဲဆိုရန် အဲရစ်ခ်ဆန် စီစဉ်

**လန်ဒန်၊ အောက်တိုဘာ ၆**

အင်္ဂလန်လက်ရွေးစင်အသင်း နည်းပြဟောင်းတစ်ဦးဖြစ်သည့် အဲရစ်ခ်ဆန်သည် သတင်းထောက် မက်ဇ်ဟာမာမွတ်ကို ဥပဒေကြောင်းအရ တရားစွဲရန် ၎င်း၏ အကျိုးဆောင်ရှေ့နေများကို ညွှန်ကြားချက်ပေးလိုက်ပြီဖြစ်ပြီး မာမွတ်ကို အလုပ်ခန့်ထားသည့် News Corp သတင်းဌာနကိုလည်း ၎င်းတို့အနေနှင့် တစ်ပေါင်းတစည်းတည်း အမှုစွဲဆိုသွားမည်ဖြစ်ကြောင်း အဲရစ်ခ်ဆန်၏ရှေ့နေများက ပြောကြားထားသည်ဟု Daily Mail က ဖော်ပြသည်။

မာမွတ်သည် လွန်ခဲ့သည့် ၂၀၀၆ ခုနှစ်၌ ရှိတ်ခ်စော်ဘွားတစ်ဦးအသွင်ဟန်ဆောင်၍ အဲရစ်ခ်ဆန်ကို မေးခွန်းများ မေးမြန်းသွားခဲ့ခြင်းဖြစ်ကာ အဲရစ်ခ်ဆန်က အလွတ်သဘောဖြေကြားလိုက်သည်များကို သတင်းဌာနတစ်ခုထံသို့ မာမွတ်က ဖွင့်ချရောင်းစားလိုက်သည့်အတွက် အဆုံးသတ်တွင် အဲရစ်ခ်ဆန်မှ အင်္ဂလန်လက်ရွေးစင်အသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံလိုက်ရသည်အထိ ဖြစ်သွားခဲ့သည်။

မာမွတ်သည် အဲရစ်ခ်ဆန်နှင့် ၎င်းတို့တွေ့ဆုံမည့်ဟိုတယ်တွင် လျှို့ဝှက်ကင်မရာများ တပ်ဆင်ထားခဲ့ပြီး မာမွတ်ကိုသာမန် အာရပ် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဟု အမှန်တကယ် မှတ်ထင်မိခဲ့သည့်အတွက် ပုဂ္ဂိုလ်ရေးမေးခွန်းအချို့ကို ဖြေကြားလိုက်မိသည်မှာ ၎င်းအတွက် ကံကြမ္မာဆိုးများကို လက်ယပ်ဖိတ်ခေါ်သကဲ့သို့ ဖြစ်သွားခဲ့ခြင်းဖြစ်သည်ဟု အဲရစ်ခ်ဆန်က ပြောကြားထားသည်။

အဲရစ်ခ်ဆန်သည် မာမွတ်နှင့်တွေ့ဆုံခဲ့ရာတွင် အင်္ဂလန်အသင်းကို ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဖြစ်ရန် စွမ်းဆောင်ပေးနိုင်ခဲ့မည်ဆိုပါက ပြိုင်ပွဲပြီးဆုံးသည်နှင့် ရာထူးမှနုတ်ထွက်တော့မည်ဖြစ်ကြောင်း၊ အက်စတွန်ဗီလာအသင်းကိုဝယ်ယူရန် ကမ်းလှမ်းထားသူများအနက်တွင် ၎င်းလည်း တစ်ဦးအပါအဝင်ဖြစ်ကြောင်း အစရှိသည်တို့ကို ဖွင့်ဟပြောကြားခဲ့ခြင်းဖြစ်ပြီး မာမွတ်ဖွင့်ချခဲ့သည့်သတင်းများတွင်ပါဝင်သော အချို့အချက်အလက်များမှာ လုပ်ကြံ လီဆယ်ထားသည်များဖြစ်ကြောင်းလည်း အဲရစ်ခ်ဆန်က ရှင်းပြထားသေးသည်။

သတင်းထောက်မာမွတ်သည် လက်ရှိတွင် တေးသံရှင် တူလီဆာ၏တရားစွဲဆိုမှုကို ရင်ဆိုင်ဖြေရှင်းနေရလျက်ရှိပြီး တူလီဆာက မာမွတ်ကို ဟန်ဆောင်လိမ်ညာမှုဖြင့် အမှုဖွင့်ထားခြင်းဖြစ်သည်။

မာမွတ်သည် တူလီဆာထံသို့ ရုပ်ရှင်ထုတ်လုပ်ရေး လုပ်ငန်းစုတစ်ခု၏ပိုင်ရှင်အဖြစ် ဟန်ဆောင်သွားရောက်ကာ တူလီဆာအနေနှင့် မူးယစ်ဆေးသုံးစွဲမှုများ ရှိနေသည်ဟု သတင်းရေးသားခဲ့ခြင်းဖြစ်သည်။ ■

# လက်ရှိချန်ပီယံ မူဂူရူဇာကို အနိုင်ယူ၍ တရုတ်အိုးပင်း ကွာတားဖိုင်နယ်အဆင့်သို့ ကေဗီတိုဗာ တက်လှမ်း

**ရှန်ဟိုင်း၊ အောက်တိုဘာ ၆**

ချက်တင်းနစ်မယ် ကေဗီတိုဗာသည် တရုတ်နိုင်ငံတွင်ကျင်းပနေသည့် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ပြိုင်ပွဲလက်ရှိချန်ပီယံ စပိန်တင်းနစ်မယ် မူဂူရူဇာကို ကျော်ဖြတ်အနိုင်ယူ၍ ကွာတားဖိုင်နယ်အဆင့်သို့ ဆက်လက်တက်လှမ်းရောက်ရှိသွားခဲ့ပြီဖြစ်ကြောင်း DPA က ဖော်ပြထားသည်။

ကေဗီတိုဗာသည် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ပြိုင်ပွဲလက်ရှိချန်ပီယံ မူဂူရူဇာကို ပွဲချိန် ၁ နာရီနှင့် ၁၃ မိနစ်ကြာ ယှဉ်ပြိုင်ကစားခဲ့ပြီးသည့်နောက်၌ ၆-၁၊ ၆-၄ ဖြင့် ပွဲလတ်နှစ်ပွဲပြတ် အနိုင်ရသွားခဲ့ခြင်းဖြစ်ကာ ကွာတားဖိုင်နယ်အဆင့်၌ ကေဗီတိုဗာ ဆက်လက်ရင်ဆိုင်ရမည့်ပြိုင်ဘက်မှာ အမေရိကန်တင်းနစ်မယ် မာဒီဆန်ကီးစ်ဖြစ်သည်။

တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပြိုင်ပွဲ၏နိုင်ခြေအဆင့်ရှစ် သတ်မှတ်ပေးခြင်းခံထားရသည့် မာဒီဆန်ကီးစ်သည် ပြိုင်ပွဲတတိယအဆင့်တွင် ရုရှားတင်းနစ်မယ် ကုဇ်ညက်ဆိုဗာကို ၇-၆၊ ၆-၂ ဖြင့် ပွဲလတ်နှစ်ပွဲပြတ် အနိုင်ယူ ကျော်ဖြတ်လာခဲ့ခြင်းဖြစ်ပြီး တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ကမောက်ကမရလဒ်အဖြစ် မှတ်တမ်းဝင်သွားခဲ့သည့်ပွဲစဉ်မှာ ပြိုင်ပွဲ၏နိုင်ခြေအဆင့် ၁၆ သာ သတ်မှတ်ပေးခြင်းခံထားရသည့် ယူကရိန်းတင်းနစ်မယ် ဆဗီတိုလီနာက ကမ္ဘာ့အဆင့်တစ်နေရာတွင် ရပ်တည်နေသည့် ဂျာမနီတင်းနစ်မယ် အန်ဂျလစ်ခါဘာကို ၆-၃၊ ၇-၅ ဖြင့် ပွဲလတ်နှစ်ပွဲပြတ် အနိုင်ယူသွားခဲ့သည့်ပွဲစဉ်ဖြစ်သည်။

တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နိုင်ခြေအဆင့် ၁၄ သာ သတ်မှတ်ပေးခြင်းခံထားရသည့် ကေဗီတိုဗာသည် လွန်ခဲ့သည့်သီတင်းပတ်၌ကျင်းပခဲ့သော ဝူဟန်းအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ထားကာ လက်ရှိကျင်းပနေသည့် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဆက်လက်အနိုင်ရဖိုလ်စွဲခဲ့မည်ဆိုပါက ကေဗီတိုဗာမှာ စင်ကာပူနိုင်ငံတွင် ကျင်းပမည့် ရာသီသိမ်း WTA Finals တင်းနစ်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ခွင့်ရနိုင်ရန် အခွင့်အရေးတစ်ရပ် ရှိနေသည်။



စင်ကာပူနိုင်ငံတွင် ကျင်းပမည့် WTA Finals ရာသီသိမ်းတင်းနစ်ပြိုင်ပွဲကို နောက်ဆုံးအကြိမ် ထုတ်ပြန်မည့် ကမ္ဘာ့အဆင့်ရပ်တည်မှုတွင် အဆင့်တစ်မှနေ၍ အဆင့်ရှစ်အတွင်း ဝင်ရောက်ရပ်တည်နိုင်သည့် တင်းနစ်မယ်ရှစ်ဦး ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိလိမ့်မည်ဖြစ်သည်။

ကေဗီတိုဗာသည် လက်ရှိတွင် ကမ္ဘာ့အဆင့် ၁၁ နေရာ၌ ရပ်တည်လျက်ရှိသည်။ ■

# THE 6th THFISA WORLD SPORT FOR ALL GAMES ၂၀၁၆ တွင် မြန်မာ့ခြင်းလုံးအဖွဲ့သရုပ်ပြမည်

**ရန်ကုန်၊ အောက်တိုဘာ ၆**

လေးနှစ်တစ်ကြိမ်ကျင်းပပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၁၀ ခန့် တက်ရောက်မည့် THE 6th THFISA WORLD SPORT FOR ALL GAMES 2016 တွင် မြန်မာ့ရိုးရာခြင်းလုံးခတ်အဖွဲ့ သွားရောက်သရုပ်ပြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ထံမှသိရသည်။

အောက်တိုဘာ ၆ ရက်မှ ၁၂ ထိ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် ကျင်းပမည့် အဆိုပါပြိုင်ပွဲတွင် မြန်မာခြင်းလုံးခတ် ကစားသမားများဖြစ်သော ဇော်လင်းမောင်၊ မျိုးမင်းပိုင်၊ မင်းဆက်ပိုင်၊ နိုင်အောင်၊ ကောင်းမြတ်သီဟ၊ ရဝေအောင်တို့နှင့်အတူ တာဝန်ရှိသူများသည် အင်ဒိုနီးရှားနိုင်ငံသို့ အောက်တိုဘာလ ၆ ရက် မွန်းတည့် ၁၂ နာရီက ထွက်ခွာခဲ့ကြောင်း အားကစားနှင့်ကာယပညာဦးစီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါပြိုင်ပွဲသို့သွားရောက်သရုပ်ပြခြင်းဖြင့် မြန်မာရိုးရာ ခြင်းလုံးခတ်ကစားခြင်းကို ကမ္ဘာ့နိုင်ငံများရှေ့တွင် ပြနိုင်သည့် အခွင့်အရေးရရှိသည့်အပြင် ခြင်းလုံးအားကစား ကမ္ဘာသို့ပြန့်ပွားရေးအတွက် အထောက်အကူရရှိစေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် အားကစားနှင့်ကာယပညာဦးစီးဌာနထံမှသိရသည်။

မြန်မာခြင်းလုံးခတ်ကစားသမားများသည် အဆိုပါပွဲတွင် ခြင်းခတ်ကစားနည်း ၁၇ မျိုးကို အသေးစိတ် သရုပ်ပြကစားမည်ဖြစ်သည်။ ■

# စီရော်နယ်ဒိုကို ကြံ့ခိုင်မှုမပြည့်ဝဘဲ ထည့်သုံးသည့်အတွက် ဒဏ်ဖြစ်ခြင်းဟု ကာပယ်လို ထောက်ပြ

**မက်ဒရစ်၊ အောက်တိုဘာ ၆**

ရီးရဲလ်မက်ဒရစ် နည်းပြဟောင်းတစ်ဦးဖြစ်သည့် ကာပယ်လိုသည် လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ်အနေနှင့် ရလဒ်ကောင်းများရရှိရန် ရုန်းကန်နေရသည်မှာ စီရော်နယ်ဒိုကို ကြံ့ခိုင်မှုမပြည့်ဝဘဲ ထည့်သွင်းအသုံးပြုခြင်း၏အကျိုးဆက်ကို ခံစားနေရခြင်းဖြစ်ကြောင်း ထောက်ပြပြောဆိုသွားခဲ့သည်ဟု AS က ဖော်ပြထားသည်။

ကာပယ်လိုသည် နည်းပြဇီဒန်းက စီရော်နယ်ဒိုကို ကစားနေကျမဟုတ်သည့်နေရာများကို ကစားခိုင်နေခြင်းမှာလည်း ရီးရဲလ်မက်ဒရစ်၏စွမ်းဆောင်ရည်ကို လျော့ကျစေကြောင်း ဝေဖန်ထားပြီး စီရော်နယ်ဒိုမှာ လက်ရှိတွင် ကြံ့ခိုင်မှုမပြည့်ဝဘဲနှင့် ကစားပေးနေရသည့်အတွက် အကောင်းဆုံးပုံစံကို မပြသနိုင်သည့်အပြင် ယုံကြည်ချက်ပျောက်ဆုံးသကဲ့သို့လည်းဖြစ်နေကြောင်း ကာပယ်လိုက သုံးသပ်ထားသေးသည်။

စီရော်နယ်ဒိုသည် လက်ရှိဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်အတွက် လာလီဂါပွဲစဉ်လေးပွဲ ပွဲထွက်ခွင့်ရရှိရာ၌ သွင်းဂိုးတစ်ဂိုးသာ ရယူပေးနိုင်ခဲ့ပြီး လားစ်ပါးလ်မားစ်နှင့် ရီးရဲလ်မက်ဒရစ်တို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့် လာလီဂါပွဲစဉ်တွင် နည်းဗျူဟာလိုအပ်ချက်အရ ပွဲကစားချိန်ဒုတိယပိုင်းတွင် ၎င်းကို လူစားလဲလှယ်ခဲ့သည့်အတွက် နည်းပြဇီဒန်းကို စီရော်နယ်ဒိုက မကျေမနပ်ဖြစ်ခဲ့သေးသည်။

စီရော်နယ်နယ်ဒိုသည် ပေါ်တူဂီကပြင်သစ်ကို အချိန်ပိုသွင်းဂိုးနှင့်အတူ တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ယူရို ၂၀၁၆ ဗိုလ်လုပွဲတွင် ပြင်သစ်ကွင်းလယ်လူ ပါယက်နှင့် ဘောလုံးယှဉ်လုရာ၌ ဒူးဒဏ်ရာရရှိခဲ့သည့်အတွက် ကာလအတန်ကြာ အနားယူခဲ့ရပြီး စီရော်နယ်ဒိုကစားနေသည့်ပုံစံမှာ ကြံ့ခိုင်မှုမပြည့်ဝသေးသည့်အတွက် ဒဏ်ရာပြန်ရမည်ကို စိုးရိမ်နေသည်နှင့်ဆင်တူကြောင်း ကာပယ်လိုက ပြောကြားထားသည်။

ရီးရဲလ်မက်ဒရစ်သည် ပြိုင်ပွဲအရပ်ရပ်တွင် နောက်ဆုံးလေးပွဲဆက်တိုက် သရေရလဒ်များဖြင့် ကြုံဆုံရင်ဆိုင်ခဲ့ရပြီး စီရော်နယ်ဒို ကြံ့ခိုင်မှုပြည့်ဝစွာဖြင့် လုပ်အားနှုန်းမြင့်တက်လာချိန်သို့ရောက်မှသာလျှင် ရီးရဲလ်မက်ဒရစ်၏ရလဒ်များမှာ ပုံမှန်အနေအထားသို့ တိုးတက်ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း ကာပယ်လိုက သုံးသပ်ယူဆထားသည်။

ရီးရဲလ်မက်ဒရစ်သည် လက်ရှိတွင် ရမှတ်တူ ဂိုးကွာချက်ဖြင့် အက်သလက်တီကို၏နောက် အမှတ်ပေးဇယား၏ ဒုတိယနေရာသို့ ရောက်ရှိသွားခဲ့ပြီဖြစ်သည်။ ■



# ဘိုနုချီကို စာချုပ်သစ်ချုပ်ဆိုရန် ဂျူဗင်တပ် ဆွေးနွေး

**တူရင်၊ အောက်တိုဘာ ၆**

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် အသင်းနောက်ခံကစားသမား ဘိုနုချီကို စာချုပ်သစ်လက်မှတ်ရေးထိုးရန် တရားဝင်ညှိနှိုင်းဆွေးနွေးနေပြီဖြစ်ကာ ဂျူဗင်တပ်အသင်းဘက်က ကမ်းလှမ်းထားသည့် စာချုပ်သစ်ကို လက်ခံလိုက်မည်ဆိုပါက ဘိုနုချီ၏တစ်ပတ်လုပ်ခလစာအကျိုးခံစားခွင့်မှာ ပေါင်တစ်သိန်းအထိမြင့်တက်သွားတော့မည်ဖြစ်ကြောင်း Tutto Sport က ဖော်ပြထားသည်။

ဂျူဗင်တပ်သည် မန်စီးတီးနှင့် ချယ်လ်ဆီးတို့က ဘိုနုချီကိုခေါ်ယူရန် ကမ်းလှမ်းဆက်သွယ်နေသည်ကို ကာကွယ်ရန်အတွက် စာချုပ်သစ်ကမ်းလှမ်းမှုကို ဆောင်ရွက်လိုက်ခြင်းဖြစ်ပြီး ဘိုနုချီကမူ ၎င်းအနေနှင့် အင်္ဂလန်သို့ ပြောင်းရွှေ့ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်ဆိုခြင်းမှာ မိသားစုအခြေအနေနှင့် တိုက်ရိုက်ဆက်စပ်နေသည်ဟု ဖွင့်ဟအသိပေးထားသည်။

မန်စီးတီးနှင့် ချယ်လ်ဆီးတို့သည် ပိတ်သိမ်းပြီးစီးသွားခဲ့ပြီဖြစ်သည့် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်အတွင်း၌ ဘိုနုချီကိုခေါ်ယူရန်အတွက် အပြိုင်အဆိုင်ကမ်းလှမ်းဆက်သွယ်ခဲ့ကြပြီး ဘိုနုချီကို ရရှိမည်ဆိုပါက ၎င်းတို့အနေနှင့် ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၆၀ အထိ အသုံးပြုရန် အဆင်သင့်ရှိကြောင်းလည်း ချယ်လ်ဆီးနည်းပြကွန်တီက အသိပေးထားသည်။

ဂျူဗင်တပ်သည် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်အတွင်း ဘိုနုချီကို အသင်း၌ ဆက်လက်ထိန်းသိမ်းထားနိုင်လိုက်သည်မှာ အသက် ၂ နှစ်အရွယ်ရှိ ဘိုနုချီ၏သားငယ်ဖြစ်သူ မက်တီယို၏ကျန်းမာရေးအခြေအနေကြောင့်ဖြစ်ပြီး ဇူလိုင်လအတွင်း ၎င်း၏သားငယ်ဖြစ်သူ အရေးပေါ်ခွဲစိတ်ကုသမှုခံယူရန်ဖြစ်လာခဲ့သည့်အတွက် အပြောင်းအရွှေ့ကိစ္စရပ်များကို ၎င်းအနေနှင့် ခေါင်းထဲသို့ မထည့်နိုင်ခဲ့ကြောင်း ဘိုနုချီက ပြောကြားထားသည်။

အသက် ၂၉ နှစ်အရွယ်ရှိ ဘိုနုချီသည် သားငယ်ဖြစ်သူ မက်တီယို၏ကျန်းမာရေးအခြေအနေအပေါ်တွင်မူတည်၍ ၎င်း၏အနာဂတ်ကို ဆုံးဖြတ်သွားဖွယ်ရှိနေပြီး သားငယ်ဖြစ်သူအတွက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးဝန်ဆောင်မှုများ အင်္ဂလန်တွင် ရရှိနိုင်မည်ဆိုပါက အသင်းပြောင်းရွှေ့ရေးကို ဘိုနုချီက ဦးတည်လာဖွယ်ရှိနေသည်။

ဂျူဗင်တပ်နှင့် ဘိုနုချီအကြားရှိလက်ရှိစာချုပ်သည် လာမည့် ၂၀၂၀ ပြည့်နှစ်သို့ရောက်မှသာ သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ဂျူဗင်တပ်က အချက်အလက်များပြင်ဆင်၍ ဘိုနုချီကို လုပ်ခလစာတိုးမြှင့်ပေးအပ်ကာ သက်တမ်းထပ်မံတိုးထားလိုခြင်းဖြစ်သည်။ ■





British Embassy Yangon

# အာဆင်နယ်အသင်းပွဲစဉ်ကို တက်ရောက်ကြည့်ရှုရန် လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့်ကို ဂျွန်ဘာကိုး ဖိတ်ကြား

**နေပြည်တော်၊ အောက်တိုဘာ ၆**

ဗြိတိန်အောက်လွှတ်တော်ဥက္ကဋ္ဌ ဂျွန်ဘာကိုးသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်ကို လာရောက်တွေ့ဆုံခဲ့ရာတွင် ဗြိတိန်သို့လာရောက်၍ အာဆင်နယ်အသင်းယှဉ်ပြိုင်ကစားသည့်ပွဲစဉ်တစ်ပွဲကို ၎င်းနှင့်အတူကြည့်ရှုရန် ထည့်သွင်းဖိတ်ကြားခဲ့ကြောင်း ပြည်သူ့လွှတ်တော်ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ပြောကြားခဲ့သည်ဟု မြန်မာနိုင်ငံအခြေစိုက် ဗြိတိန်သံရုံးက သတင်းထုတ်ပြန်ထားသည်။

ဗြိတိန်အောက်လွှတ်တော်ဥက္ကဋ္ဌ ဂျွန်ဘာကိုးနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့သည် အာဆင်နယ်အသင်းကို သဘောကျ နှစ်ခြိုက်အားပေးသည့် ပရိသတ်များဖြစ်ကြကာ အာဆင်နယ်အသင်းအမှတ်တရပစ္စည်းများအနက်တွင် တစ်ခုအပါအဝင်ဖြစ်သည့် ထီးတစ်လက်ကိုလည်း ဂျွန်ဘာကိုးက ဦးဝင်းမြင့်ကို လက်ဆောင်အဖြစ် ပေးအပ်သွားခဲ့သည်။ ■

# တိုင်းနှင့်ပြည်နယ်တံခွန်စိုက် ဂေါက်သီး ရိုက်ပြိုင်ပွဲ နှစ်ရက်ကျင်းပမည်

**ရန်ကုန်၊ အောက်တိုဘာ ၆**

တိုင်းဒေသကြီးနှင့်ပြည်နယ်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး မြန်မာဂေါက်ကလပ်ရှိရာ ၉ မိုင် ဂေါက်ကွင်းတွင် နှစ်ရက်တာကျင်းပမည်ဖြစ်ကြောင်း အားကစားနှင့်ကာယပညာဦးစီးဌာနထံမှ သိရသည်။

အဆိုပါပြိုင်ပွဲတွင် တစ်ဦးချင်းကျော့မဲ့နှင့် အသင်းလိုက်အကျော့မဲ့ပြိုင်ပွဲနှစ်မျိုးကို ပြည်နယ်နှင့်တိုင်းအသင်းများက ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဖွင့်ပွဲကို အောက်တိုဘာလ ၆ ရက် နံနက် ၇ နာရီက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲရက်တွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ပြိုင်ပွဲဝင်ပြည်နယ်နှင့်တိုင်းအသင်းများကို တစ်သင်းလျှင် ကျပ်သုံးသိန်းစီ ဂုဏ်ပြုခဲ့ကြောင်း အဆိုပါအဖွဲ့ချုပ်ထံမှသိရသည်။

ယင်းပြိုင်ပွဲ၏ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာလ ၇ ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။ ■

# ကမ္ဘာ့ဖလားခြေစစ်ပွဲများတွင် တောင်ကိုရီးယား၊ ဆီးရီးယားနှင့် ဂျပန်တို့ အနိုင်ရ

**တိုကျို၊ အောက်တိုဘာ ၆**

၂၀၁၈ ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲများတွင် တောင်ကိုရီးယား၊ ဆီးရီးယားနှင့် ဂျပန်တို့ နိုင်ပွဲများ ကိုယ်စီရရှိသွားခဲ့ပြီး တောင်ကိုရီးယားကို ရှုံးနိမ့်သွားခဲ့သည့် ကာတာနှင့် ဆီးရီးယားကို အရေးနိမ့်သွားခဲ့သည့် တရုတ်တို့မှာ ခြေစစ်ပွဲအောင်မြင်ရေးအတွက် ခက်ခက်ခဲခဲ ရုန်းကန်ရတော့မည်ဖြစ်ကြောင်း AFP က ဖော်ပြထားသည်။

တောင်ကိုရီးယားသည် အိမ်ကွင်းပရိသတ် ရှေ့မှောက်တွင် အဓိကအမာခံပွဲထွက်ကစားသမားအစုံအလင်အသုံးပြု၍ ၂၀၂၂ ကမ္ဘာ့ဖလားအိမ်ရှင်နိုင်ငံ ကာတာကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရသွားခဲ့ခြင်းဖြစ်ပြီး တောင်ကိုရီးယား၏အနိုင်ဂိုးများကို တိုက်စစ်မှူးများဖြစ်ကြသည့် ကီဆောင်ယောင်း(၁၁ မိနစ်)၊ ဂျီဒေါင်ဝန်(၅၆ မိနစ်)နှင့် ဆွန်ဟောင်မင်း(၅၈ မိနစ်)တို့က သွင်းယူပေးသွားခဲ့ကြခြင်းဖြစ်သည်။

တရုတ်သည် အိမ်ကွင်းပရိသတ်ရှေ့မှောက်တွင် ဆီးရီးယားကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့ခြင်းဖြစ်ပြီး ဆီးရီး ယားအတွက် အဖိုးတန်အနိုင်ဂိုးကို ပွဲကစားချိန် ၅၄ မိနစ်တွင် အယ်လ်ဝတ်စ်က သွင်းယူပေးသွားခဲ့ခြင်းဖြစ်သည်။

ဂျပန်သည် အာရှဖလားချန်ပီယံဟောင်း အီရတ်ကို အိမ်ကွင်းပွဲစဉ်အဖြစ် လက်ခံကစားခဲ့ရကာ ယင်းပွဲစဉ်တွင် ဟာရာဂူချိ(၂၅ မိနစ်)၊ ယာမာဂူချိ(၉၀ မိနစ်)တို့၏ သွင်းဂိုးများနှင့်အတူ ဂျပန်ကအီရတ်ကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့ခြင်းဖြစ်သည်။ ■

# ဇွဲကပင်ယူနိုက်တက်အသင်း နည်းစနစ်ဒါရိုက်တာတစ်ဦး ခေါ်ယူမည်

**ရန်ကုန်၊ အောက်တိုဘာ ၆**

ဇွဲကပင်ယူနိုက်တက်အသင်း အနေနှင့် လာမည့်နှစ် ဘောလုံးရာသီအတွက် နည်းစနစ်ဒါရိုက်တာတစ်ဦးကို ခေါ်ယူမည်ဖြစ်ပြီး ပြည်တွင်းကစားသမားများ ခေါ်ယူနိုင်ရေးအတွက်လည်း ခြေစွမ်းပိုင်း စမ်းသပ်နေကြောင်း ယင်းအသင်းထံမှ သိရသည်။

ဇွဲကပင်ယူနိုက်တက်အသင်းသည် ယခင်ရှိနှင့်ပြီးသော နည်းစနစ်ဒါရိုက်တာ ဦးဆန်းဝင်းနှင့် လမ်းခွဲလိုက်ပြီဖြစ်သောကြောင့် နည်းစနစ်ဒါရိုက်တာတစ်ဦး ပြန်လည်ခန့်ထားနိုင်ရန် စီစဉ်နေခြင်းဖြစ်သည်။

"ကျွန်တော်တို့အသင်းအတွက် နည်းစနစ်ဒါရိုက်တာ တစ်ယောက် ခေါ်မှာပါ။ အခုလောလောဆယ်မှာတော့ ညှိနှိုင်းမှုတွေ လုပ်နေပါတယ်။ အခုအချိန်တော့ ဘယ်သူဖြစ်မယ်ဆိုတာကို မပြောနိုင်သေးပါဘူး"ဟု ဇွဲကပင်ယူနိုက်တက်အသင်းနည်းပြ ဦးအောင်မင်းဦးက ပြောကြားသည်။

ဇွဲကပင်ယူနိုက်တက်အသင်းသည် ၂၀၁၆ ခုနှစ် ဘောလုံးရာသီပြီးဆုံးချိန်၌ အသင်း၏ အဓိကကစားသမားဖြစ်သော အောင်မိုး၊ ကိုကိုဟိန်း အစရှိသည့် ကစားသမားများကို စာချုပ်သက်တမ်း မတိုးတော့ဘဲ အသင်းမှထွက်ခွာခွင့်ပေးခဲ့ပြီး ကစားသမားသစ်များ ခေါ်ယူရန်အတွက် ဇေယျာရွှေမြေနှင့် မနောမြေအသင်းတိုမှ ကစားသမားများကို ခြေစွမ်းစမ်းသပ်မှုများ ပြုလုပ်နေသည်။

"ပြည်တွင်းကစားသမားဖြည့်တင်းဖို့အတွက်ကတော့ ဇေယျာရွှေမြေနဲ့ မနောမြေတို့က ကစားသမားတွေကိုစမ်းသပ်နေတယ်။ သူတို့ထဲက အသင်းနဲ့ အံ့ဝင်တဲ့ ကစားသမားတွေကိုခေါ်မယ်။ ပြည်ပကစားသမားတွေလည်း ခေါ်ယူအားဖြည့်ဦးမှာပါ"ဟု ဦးအောင်မင်းဦးက ဆက်လက်ပြောကြားသည်။

ဇွဲကပင်ယူနိုက်တက်အသင်းသည် ၂၀၁၆ ခုနှစ် ဘောလုံးရာသီတွင် ပုံစံကောင်းတစ်ခုရရှိခဲ့သော်လည်း အဆင့်ရှစ်နေရာတွင်သာ ရပ်တည်နိုင်ခဲ့သည်။ ■

# AFC 'A' လိုင်စင်မရှိသော်လည်း ရန်ကုန်ယူနိုက်တက်အသင်းကို ဦးမျိုးမင်း ထွန်း နည်းစနစ်ပိုင်း တာဝန်ယူမည်

**ရန်ကုန်၊ အောက်တိုဘာ ၆**

ရန်ကုန်ယူနိုက်တက်အသင်း အနေနှင့် လက်ရှိနည်းပြချုပ်ဖြစ်သူ ဦးမျိုးမင်းထွန်းထံတွင် AFC 'A' လိုင်စင်မရှိသေးသော်လည်း အသင်း၏နည်းစနစ်ပိုင်း အားလုံးကို ၎င်းကသာ တာဝန်ယူမည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

အာရှဘောလုံးအဖွဲ့ချုပ် (AFC) ၏သတ်မှတ်ချက်အရ လာမည့်နှစ်ဘောလုံးရာသီမှစ၍ AFC 'A' လိုင်စင်ရှိသော နည်းပြများသာ အသင်း၏ နည်းပြချုပ်အဖြစ် စာရင်းတင်သွင်းခွင့်ရမည်ဖြစ်သည်။

ထို့ကြောင့် ရန်ကုန်ယူနိုက်တက်အသင်းအနေနှင့် AFC 'A' လိုင်စင်ရှိသော နည်းပြတစ်ဦးကို နည်းပြချုပ်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံတွင် စာရင်းသွင်းရမည်ဖြစ်သည်။

"ကျွန်တော်တို့အသင်းမှာ AFC 'A' လိုင်စင်ရှိတဲ့နည်းပြတွေရှိပါတယ်။ သူတို့ထဲက ဘယ်သူကို နည်းပြချုပ်အဖြစ် စာရင်းတင် မယ်ဆိုတာ တိုင်ပင်နေပါတယ်။ ဒါပေမဲ့လည်း ဦးမျိုးမင်းထွန်းကပဲ အသင်းကို အဓိက တာဝန်ယူခိုင်းမှာပါ"ဟု ရန်ကုန်ယူနိုက်တက်အသင်း အမှုဆောင်အရာရှိချုပ် ဦးမင်းဆွေဦးက ပြောကြားသည်။

ဦးမျိုးမင်းထွန်းသည် AFC 'B' လိုင်စင်သင်တန်းကို ၂၀၁၆ ခုနှစ် အစောပိုင်းကမှ အောင်မြင်ခဲ့သူဖြစ်သောကြောင့် ယခုလအတွင်း ဖွင့်လှစ်မည့် AFC 'A' လိုင်စင်နည်းပြသင်တန်းကို တက်ရောက်ခွင့်ရမည်မဟုတ်ဘဲ နည်းပြချုပ်အဖြစ်လည်း စာရင်းတင်သွင်းခွင့် ရမည်မဟုတ်ပေ။

ရန်ကုန်ယူနိုက်တက်အသင်းအနေနှင့် ၎င်းတို့၏အိမ်ကွင်းဖြစ်သော Y.U.S.C ကွင်း၏မြက်ခင်းတု မြက်ခင်းပြင်ကို ပြန်လည်ပြုပြင်မည်ဖြစ်သောကြောင့် ၂၀၁၇ ခုနှစ် မြန်မာနေရှင်နယ်လိဂ် ပထမအကျော့ပြိုင်ပွဲများကို သုဝဏ္ဏကွင်း (သို့မဟုတ်) အောင်ဆန်းကွင်းတို့၌ လက်ခံကစားရမည်မှာ သေချာခဲ့ပြီဖြစ်သည်။ ■

## ယနေ့ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

**၈-၁၀-၂၀၁၆(စနေနေ့)**

| | |
|---|---|
| နံနက် ၁း၁၅ နာရီ | ဂရိ - ဆိုက်ပရပ်စ် |
| နံနက် ၁း၁၅ နာရီ | ပြင်သစ် - ဘူဂေးရီးယား |
| နံနက် ၁း၁၅ နာရီ | လတ်ဗီးယား - ဖာရိုးကျွန်းစုများ |
| နံနက် ၁း၁၅ နာရီ | ပေါ်တူဂီ - အန်ဒိုရာ |
| နံနက် ၁း၁၅ နာရီ | နယ်သာလန် - ဘီလာရုစ် |
| နံနက် ၁း၁၅ နာရီ | လူဇင်ဘတ် - ဆွီဒင် |
| နံနက် ၁း၁၅ နာရီ | ဟန်ဂေရီ - ဆွစ်ဇာလန် |
| နံနက် ၁း၁၅ နာရီ | ဘယ်လ်ဂျီယံ - ဘော့စနီးယား |
| နံနက် ၁း၁၅ နာရီ | အက်စ်တိုးနီးယား - ဂျီဘရော်လ်တာ |





# ဆန်းဒါးလန်းသို့ ပြောင်းရွှေ့ပြီးသည့်နောက်တွင်မှသာ နေရာမှန်တွင် ကစားရခြင်းဟု မက်နိုင်းယား ဖွင့်ဟ

**ဆန်းဒါးလန်း၊ အောက်တိုဘာ ၆**

ဆန်းဒါးလန်းအသင်းကွင်းလယ်ကစားသမား မက်နိုင်းယားသည် ၎င်းအနေနှင့် ဆန်းဒါးလန်းထံသို့ ပြောင်းရွှေ့လာခဲ့ပြီးသည့်နောက်တွင်မှသာ နေရာမှန်တွင် ကစားခွင့်ရလာခြင်းဖြစ်သည်ဟု ထုတ်ဖော်ပြောကြားလိုက်ပြီး မန်ယူထံတွင် ကစားသမားဘဝဖြတ်သန်းခဲ့စဉ်ကာလအတွင်း ၎င်းမကျွမ်းကျင်သည့်နေရာတွင်သာ နည်းပြများက အသုံးပြုခဲ့ကြောင်း မက်နိုင်းယားက အသိပေးသွားခဲ့သည်ဟု Sky Sports က ဖော်ပြသည်။

မက်နိုင်းယားသည် မန်ယူထံတွင် ကစားသမားဘဝဖြတ်သန်းခဲ့စဉ်၌ ၎င်းကို နည်းပြဗန်ဟားလ်နှင့် နည်းပြမော်ရင်ညိုတို့က ဗဟိုခံစစ်နေရာတွင် အသုံးပြုခဲ့ပြီး အမှန်တကယ် ၎င်းအားသန်သည့်နေရာမှာ ကွင်းလယ်တိုက်စစ်ဖြစ်ကြောင်း မက်နိုင်းယားက ရှင်းပြထားသည်။

အသက် ၂၁ နှစ်အရွယ်ရှိ မန်ယူလူငယ်အကယ်ဒမီထွက်ကစားသမား မက်နိုင်းယားသည် မန်ယူထံတွင် ကစားသမားဘဝ ငါးနှစ်ကြာဖြတ်သန်းခဲ့ကာ အဆိုပါ ငါးနှစ်တာကာလအတွင်း မန်ယူအတွက် မက်နိုင်းယား ပွဲထွက်ခွင့်ရရှိခဲ့သည့် ပွဲစဉ်အရေအတွက်မှာ ၂၇ ပွဲသာ ရှိခဲ့သည်။

ဆန်းဒါးလန်းနည်းပြ ဒေးဗစ်မိုယက်စ်သည် မက်နိုင်းယားကို ဒေါ်နယ်လပ်ပ်နှင့်တွဲဖက်၍ နှစ်ဦးပေါင်း ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၅ ဒသမ ၅ သန်း ပေးချေခေါ်ယူခဲ့ခြင်းဖြစ်ကာ နည်းပြမော်ရင်ညိုက ၎င်းကိုအငှားချရန်သာ ဆန္ဒရှိခဲ့သော်လည်း ပြောင်းရွှေ့သည့်အသင်းထံတွင် ပုံမှန်ပွဲထွက်ကစားသမားအဖြစ် နေရာမရမည်ကို စိုးရိမ်သည့်အတွက် အပြီးသတ်ပြောင်းရွှေ့ရန်သာ ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း မက်နိုင်းယားက အသိပေးထားသည်။

သတင်းထောက်များနှင့်တွေ့ဆုံခဲ့ရာတွင် မက်နိုင်းယားက "အငှားအပြောင်းအရွှေ့တွေမှာ နောက်ဆက်တွဲအကျိုးဆက်တွေ အများကြီးရှိပါတယ်။ အငှားခေါ်ယူတဲ့အသင်းက ဒီကစားသမားဟာ သူတို့အပိုင်မဟုတ်တဲ့အတွက် လိုအပ်ချိန်ရောက်မှပဲ အသုံးပြုလေ့ရှိတာ ဓမ္မတာပါပဲ။ အပြီးသတ်ပြောင်းရွှေ့မှုကတော့ ကိုယ့်အတွက် အမာခံပွဲထွက်ကစားသမားအဖြစ် နေရာရနိုင်ဖို့ အာမခံချက်ပိုရှိတဲ့အတွက် ဒီလမ်းကို ကျွန်တော်ရွေးလိုက်တာပါ။ မန်ယူမှာတုန်းက ကျွန်တော် မပိုင်နိုင်တဲ့ဗဟိုခံစစ်မှာချည်း ပွဲထွက်ခဲ့ရလို့ ကျွန်တော့်ကို ခံစစ်မှူးလို့ ပရိသတ်တွေက ထင်မှတ်နေကြပါပြီ။ တကယ်က ကျွန်တော်ဟာ ကွင်းလယ်ကစားသမားပါ။ ကွင်းလယ်မှာတောင်မှ ရိုးရိုးကွင်းလယ်ကစားသမားအဖြစ် ကစားသူမဟုတ်ပါဘူး။ ကွင်းလယ်တိုက်စစ်ကစားသမားပါ" ဟု ပြောကြားသွားခဲ့သည်။ ■

# သုံးယောက်တွဲ လိင်ဆက်ဆံမှုဗီဒီယိုဖိုင် ပေါက်ကြား၊ လူနာနှင့် အန်ရစ်ချ်တို့ တောင်းပန်

**ဗလင်စီယာ၊ အောက်တိုဘာ ၆**

စပိန်လာလီဂါကလပ် အိုင်ဘားအသင်း ကစားသမားနှစ်ဦးဖြစ်သည့် အန်တိုနီယို လူနာနှင့် ဆာဂျီ အန်ရစ်ချ်တို့သည် ၎င်းတို့နှစ်ဦးပါဝင်သည့် သုံးယောက်တွဲ လိင်ဆက်ဆံမှု ဗီဒီယိုဖိုင် အင်တာနက်လူမှုကွန်ရက်စာမျက်နှာများထက်တွင် ပေါက်ကြားပေါ်ထွက်လာခဲ့ခြင်းအတွက် အရှက်ရနေကြရပြီဖြစ်ကာ ယင်းအမှားအတွက် အသင်းတာဝန်ရှိသူများ၊ အသင်းဖော်များနှင့် အသင်းပရိသတ်များကို တောင်းပန်ပါကြောင်း လူနာနှင့် အန်ရစ်ချ်တို့က ပြောကြားထားကြပြီလည်းဖြစ်သည်ဟု Marca က ဖော်ပြထားသည်။

အက်စတွန်ဗီလာအသင်းကစားသမားဟောင်းတစ်ဦးဖြစ်သည့် လူနာသည် ယမန်နှစ်ဘောလုံးရာသီ၌ အိုင်ဘားထံသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး ယင်းဗီဒီယိုဖိုင် ထွက်ပေါ်လာခဲ့ခြင်းမှာ အသင်းအတွက် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိုးနှက်ခံရသည်နှင့် အလားသဏ္ဌာန်တူကြောင်း အိုင်ဘားက ထုတ်ပြန်ကြေညာထားသည်။

လူနာနှင့် အန်ရစ်ချ်တို့သည် အမျိုးသမီးငယ်တစ်ဦးနှင့် သဘောညီမှုရယူ၍ သုံးယောက်တွဲ လိင်ဆက်ဆံခဲ့ခြင်းဖြစ်ကာ ၎င်းတို့သုံးဦး အိပ်ရာထက်၌ ဖြစ်ပျက်နေပုံများကို ဗီဒီယိုဖိုင်တွင် အစအဆုံး မှတ်တမ်းတင်ထားသည့်အတွက် လျှို့ဝှက်ရိုက်ကူးရန် တစ်စုံတစ်ဦးက စနစ်တကျ စီစဉ်ထားခြင်း ဖြစ်နိုင်ကြောင်းလည်း Marca က သုံးသပ်ရေး သားထားသည်။

လူနာနှင့် အန်ရစ်ချ်တို့သည် ၎င်းတို့အနေနှင့် နောက်နောင်တွင် ယခုကဲ့သို့ မဖြစ်စေရန် အမူအကျင့် ထိန်းသိမ်းဆင်ခြင်သွားမည်ဟုလည်း ကတိပြုပြောကြားထားပြီး လူနာနှင့် အန်ရစ်ချ်တို့ကို အသင်းတွင်း အရေးယူမှုများ ဆောင်ရွက်သွားရန် ရှိ၊ မရှိ ဆိုခြင်းကိုမူ အိုင်ဘားက ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။ ■









ဂူတာရက်စ်သည် လာမည့်နှစ်တွင် ဘန်ကီမွန်းထံမှ တာဝန်လွှဲပြောင်းရယူမည်ဖြစ်သည်

# ပေါ်တူဂီဝန်ကြီးချုပ်ဟောင်း အန်တိုနီယို ဂူတာရက်စ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဖြစ်မည်

**နယူးယောက်၊ အောက်တိုဘာ ၆**

ပေါ်တူဂီဝန်ကြီးချုပ်ဟောင်း အန်တိုနီယိုဂူတာရက်စ်မှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သစ် ဖြစ်လာတော့မည်ဖြစ်ကြောင်း ကုလသံတမန်များ၏ ပြောကြားချက်ကို ကိုးကားပြီး BBC သတင်းက ဖော်ပြသည်။

အသက် ၆၇ နှစ်ရှိပြီဖြစ်သည့် ဂူတာရက်စ်သည် ပြတ်ပြတ်သားသား ရေပန်းစားခဲ့ကြောင်း ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီး ဗစ်တာလီချာကင်က အောက်တိုဘာလ ၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

အောက်တိုဘာလ ၆ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ တရားဝင်မဲခွဲဆုံးဖြတ်ပြီး အတည်ပြုမည်ဖြစ်သည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး(UNHCR) တာဝန်ကို ၁၀ နှစ်ကြာ ဦးဆောင်ခဲ့သည့် ဂူတာရက်စ်သည် လာမည့်နှစ်တွင် ဘန်ကီမွန်းထံမှ တာဝန်လွှဲပြောင်း ရယူမည်ဖြစ်သည်။

## ဂူတာရက်စ်နောက်ကြောင်း

အင်ဂျင်နီယာတစ်ဦးဖြစ်သူ ဂူတာရက်စ်သည် တွဲဖက်ပါမောက္ခတာဝန်အထိ ထမ်းဆောင်ဖူးသူဖြစ်သည်။ ကာနေးရှင်းတော်လှန်ရေးအပြီး ဆယ်စုနှစ် ငါးခုကြာ အာဏာရှင်စနစ် အဆုံးသတ်သွားပြီးနောက် ၁၉၇၆ ခုနှစ်တွင် ကျင်းပသော ပေါ်တူဂီ၏ ပထမဆုံးဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲမှစတင်ပြီး နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်လာခြင်းဖြစ်သည်။

ရာထူးလျင်လျင်မြန်မြန်တက်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ဆိုရှယ်လစ်ပါတီခေါင်းဆောင်ဖြစ်လာခဲ့ကာ ၁၉၉၅ ခုနှစ်တွင် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်ခံခဲ့ရသည်။

၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအဖြစ် တာဝန်ယူခဲ့ပြီး ဆီးရီးယား၊ အာဖဂန်နှင့် အီရတ်အပါအဝင် ကမ္ဘာ့အဆိုးဆုံးဒုက္ခသည်အကျပ်အတည်းကို ဦးဆောင်ဖြေရှင်းခဲ့သူဖြစ်သည်။

မဟာမင်းကြီး တာဝန်ထမ်းဆောင်စဉ် ပဋိပက္ခများမှ ထွက်ပြေးလာသော ဒုက္ခသည်များအတွက် အနောက်နိုင်ငံများက ပိုမိုကူညီပေးရန် ထပ်တလဲလဲ မေတ္တာရပ်ခံခဲ့သူဖြစ်သည်။

ဂူတာရက်စ်သည် ဒုက္ခသည် အရေးကိစ္စကို ... 

ဂူတာရက်စ်သည် ဒုက္ခသည် အေဂျင်စီတွင် အမွေကောင်းတစ်ရပ်ကို ထားခဲ့သူဖြစ်ပြီး ယင်းကြောင့်ပင်လျှင် ကမ္ဘာက လေးစားသူတစ်ယောက်ဖြစ်ကြောင်း ပေါ်တူဂီသမ္မတဟောင်း အနီဘယ်လ်ကာ ဗာကိုဆေးလ်ဗားက သုံးသပ်ထားသည်။

## ကမ္ဘာ့နိုင်ငံများ၏ တုံ့ပြန်မှု

ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီး၊ လက်ရှိ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ဦးဆောင်သူ ဗစ်တာလီချာကင်က

စာ - 22

# ALSO IN NEWS

## ဆာမိုအာသို့သွားမယ့်ခရီးသည်တွေကို ပေါင်ချိန်တဲ့ အမေရိကန်လေကြောင်းလိုင်း ခရီးသည်တွေကန့်ကွက်

ဟိုနိုလူလူကနေ အမေရိကန် ဆာမိုအာကျွန်းကိုသွားဖို့ ဟာဝိုင်ယီလေကြောင်းလိုင်းကို စီးခဲ့တဲ့ ဆာမိုအာကျွန်းသား စီးပွားရေးသမား ခရီးသည်နှစ်ဦးဟာ လေကြောင်းလိုင်းကို မကျေမနပ်နဲ့ ကန့်ကွက်ခဲ့ကြပါတယ်။ သာမန်ထက် ကိုယ်အလေးချိန်များနေတဲ့ခရီးသည်တွေကို ကိုယ်ကြိုက်တဲ့ ထိုင်ခုံနေရာမပေးဘဲ ဝိတ်မှုပြီး ထိုင်ခိုင်းတာမျိုး လုပ်ထားပါတယ်။ ဆာမိုအာကျွန်းသား အာဗာမူအာဒွေဗ်ဟာလက်ခ်က ဒီစည်းမျဉ်းဟာ ဆာမိုအာကျွန်းသားတွေကို ခွဲခြားဆက်ဆံခြင်းဖြစ်တယ်လို့လည်း ပြောပါတယ်။ တခြားလေယာဉ်ခရီးစဉ်တွေကို ဒီလိုမျိုးမလုပ်ဘဲ ဟိုနိုလူလူကနေ အမေရိကန်ဆာမိုအာကျွန်း မြို့တော် ပါဂိုပါဂိုကို သွားတဲ့ လေယာဉ်တွေကိုပဲ လုပ်ခဲ့တာဖြစ်လို့ပါလို့ သူက မကျေမနပ် ပြောကြားပါတယ်။

"ဒါဟာ လုံခြုံရေးအန္တရာယ်ကင်းရှင်းရေးကိစ္စလို့ လေကြောင်းလိုင်း ဟာဝိုင်ယီက ပြောထားပါတယ်။ ကျွန်တော်တို့ ဆာမိုအာသားတွေ လေယာဉ်လာစီးရင် အန္တရာယ်ရှိတယ်ဆိုသလို ဖြစ်နေပါတယ်"လို့လည်း ပြောပါတယ်။

အမေရိကန် ဆာမိုအာဟာ ကမ္ဘာပေါ်မှာ ကိုယ်အလေးချိန်အများဆုံး အချိုးအစားရှိတဲ့ နယ်မြေဖြစ်ပါတယ်။ ဒီကိန်းဂဏန်းကို ထောက်ပြပြီး ဟာဝိုင်ယီလေကြောင်းလိုင်းက အဲဒီဆုံးဖြတ်ချက်ကို ချခဲ့တာဖြစ်ပါတယ်။ ဆာမိုအာနယ်သားတွေဟာ ကျန်းမာရေးနဲ့လျော်ညီတဲ့ ရိုးရာအစားအစာတွေကို မစားကြဘဲ ပြည်ပက တင်သွင်းလာတဲ့ အမြန်စာတွေကို စားကြတာကြောင့် ခုလိုမျိုး အဝလွန်ကြခြင်းဖြစ်တယ်လို့ အမေရိကန် NPR ရေဒီယိုက ဆိုထားပါတယ်။ ခုလို ခရီးသည်တွေရဲ့ မကျေမနပ် တိုင်တန်းလာမှုတွေကို အမေရိကန်လေကြောင်းပို့ဆောင်ရေးဌာနက သုံးသပ်နေပါတယ်။ UPI ■

## အက်စ်တိုးနီးယားနိုင်ငံ ပြည်ပမှ အမှိုက်တွေဝယ်ယူတင်သွင်း

အက်စ်တိုးနီးယားနိုင်ငံမှာရှိတဲ့ ဓာတ်အားပေးရုံတစ်ရုံက စွန့်ပစ်ပစ္စည်းတွေနဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေတာဖြစ်ပါတယ်။ အခု ဒီနိုင်ငံဟာ ပြည်ပကနေ အမှိုက်တွေကို တင်သွင်းနေပါပြီ။ ပြီးခဲ့တဲ့နှစ်က အက်စ်တိုးနီးယားဟာ သူတို့ရဲ့ အညစ်အကြေးကနေ စွမ်းအင်ထုတ်တဲ့စီမံကိန်းအတွက် စွန့်ပစ်ပစ္စည်းတန်ပေါင်း ၅၆,၀၀၀ ကျော် ပြည်ပက ဝယ်ယူခဲ့ပါတယ်။ အက်စ်တိုးနီးယားနိုင်ငံဟာ ပြီးခဲ့တဲ့နှစ်က အမှိုက်တန်ချိန် ၃၉၅,၀၀၀ တန် ထုတ်လုပ်ခဲ့ပြီးတော့ တစ်ဝက်လောက်ကို ပြန်သုံးတဲ့ စီမံကိန်းတွေ၊ မြေဖို့တဲ့စီမံကိန်းတွေမှာ သုံးခဲ့ပါတယ်လို့ အက်စ်တိုးနီးယားပြည်သူ့ရေဒီယိုက ထုတ်ပြန်ထားပါတယ်။ တစ်ချိန်တည်းမှာပဲ အက်စ်တိုးနီးယားက အိုင်ရူ ဓာတ်အားပေးရုံက အမှိုက်တန်ပေါင်း ၂၄၅,၀၀၀ ကို လောင်ကျွမ်းစေခဲ့ပါတယ်။ ဒါကြောင့် ပြည်တွင်းအမှိုက်တွေနဲ့ မလုံလောက်တော့တာမို့ ပြည်ပကအမှိုက်တွေ တင်သွင်းရတာဖြစ်ပါသတဲ့။ ဖင်လန်နိုင်ငံက အမှိုက်တွေကို တင်သွင်းခဲ့တာဖြစ်ပြီး အိုင်ယာလန်ကလည်း ယူထားတာရှိတယ်လို့ ရေဒီယိုက ကြေညာပါသေးတယ်။ ပြည်တွင်းအမှိုက်တွေကို ဦးစားပေးသုံးရမှာဖြစ်ပြီး မလုံလောက်တော့မှသာ ပြည်ပက တင်သွင်းရမှာဖြစ်တယ်လို့ သဘာဝပတ်ဝန်းကျင်ရေးရာအေဂျင်စီမှ အရာရှိ ကာတရင်ကာရီ က ပြောကြားထားပါတယ်။ UPI ■




